


ရဲမြတ်


# ကုန်းဘောင်ရယ် လွမ်း

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ရဲမြတ်

## ကုန်းဘောင်ရယ် လွမ်း




ရဲမြတ်-ကုန်းဘောင်ရယ်လွမ်း
SYM055
BOOKS MICT
12000 KS
mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၆၄)

ပုံနှိပ်မှတ်တမ်း



# ရဲမြတ်

## ကုန်းဘောင်ရယ် လွမ်း

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ သိုးထိန်း

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၂၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ရဲမြတ်
ကုန်းဘောင်ရယ် လွမ်း / ရဲမြတ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၃၁၂။ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၆၄) ကုန်းဘောင်ရယ် လွမ်း

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁)

"ဟ ငထင်... ဘာတွေဖြစ်နေတာတုံး ကြည့်စမ်းပါဦး"

ဇေတုဝတီခံတပ်ပေါ်မှ ရဲမက်တစ်ဦး၏အသံ ဖြစ်သည်။

အချိန်မှာ အလောင်းမင်းတရား ဦးအောင်ဇေယျ သန်လျင်ကိုသိမ်းပြီး ဟံသာဝတီပဲခူးမြို့ကို ဝိုင်းထားချိန်ဖြစ်၏။

ဟံသာဝတီ၏ ခံတပ် အားလုံးနီးပါးကို တိုက်ခိုက်သိမ်းပိုက်ပြီးသောအခါ အလောင်းမင်းတရားသည် ဟံသာဝတီပဲခူးမြို့ အနီးရှိစည်တီးအရပ်တွင် တပ်မြို့ကြီး တစ်ခုတည်ဆောက်ကာ ဇေတုဝတီဟု သမုတ်ပြီး ယာယီနန်းဆောင်အဖြစ် စတည်းချကာ ပဲခူးမြို့ကို အပြီးတိုင်သိမ်းရန် ပြင်ဆင်နေလေသည်။

ခံတပ်၏အတွင်းဘက်သို့ ဝင်လာသောလှည်းပေါ်တွင် လူတစ်ယောက် ခြေလက်များကို ကြိုးဖြင့်ချည်နှောင်ပြီး ပါလာလေ၏။

"ကြည့်စမ်းပါဦး... ဘယ်လိုကောင်လဲ... ငါတို့နဲ့လည်း မတူဘူး"

"အေးကွ... အဝတ်အစားကလည်း ပြောင်ပြောင်လက်လက်နဲ့ ဆံပင်ကလည်း ငါတို့လို သျှောင်လည်း မရှိဘူးကွ...ယိုးဒယားဆံ မွန်ဆံလည်း မဟုတ်ဘူး"

ခံတပ်ထဲမှ လူများကလည်း ဝိုင်းကြည့်ကာ တီးတီးတိုးတိုး ပြောဆိုနေကြလေ၏။

ထိုလူကို ရဲမက်လေးယောက် ဝန်းရံပြီး ခေါ်လာကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုလူမှာလည်း မျက်လုံးများကစားရင်း မြင်နေရသည်များကြည့်ကာ အိပ်မက်ထဲက မနိုးသေးသော လူတစ်ယောက်ကဲ့သို့ပင်...

မြင်နေရသောသူတို့၏ စကားပြောပုံများမှာလည်း ဇာတ်ထဲကလိုပင် ဖြစ်နေသည်။

ထိုလူမှာ အရပ်ငါးပေ ရှစ်လက်မဝန်းကျင် အသားဖြူဖြူ မျက်ခုံးမွေးကောင်း၏။

နှာခေါင်းမှာ အနည်းငယ် ကြီးဟန်ပေါ် သော်လည်း မျက်နှာနှင့်လိုက်ဖက်သည်ဟု ဆိုနိုင်သည်။

တရုတ်နှင့်တူသည်ဟု ထင်ရသော်လည်း ဗမာစစ်စစ်သာ...

"ညီလာခံထဲခေါ် ခဲ့ဟေ့... ဘုရင်မင်းမြတ် ရှေ့တော်မှောက်သွင်းဖို့ အမိန့်တော်ပါတယ်"

❑

လွန်ခဲ့သောနှစ်ရက်...

ရန်ကုန်မြို့သည် အလောင်းမင်းတရား သန်လျင်ကိုအပြီးတိုင် ဖျက်ဆီးခဲ့ပြီးနောက် အဓိကကုန်သွယ်ရာမြို့ ဖြစ်လာသည်။

လူများမှာလည်း တဖြည်းဖြည်း တိုးပွားလာပြီး နေသားတကျ ရှိလာပြီဖြစ်သည်။

သန်လျင်ကို သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ကျွန်ဈေးကွက်မှာ အလွန်တရာကြီးထွားလာခဲ့သည်။

အထည်၊ ပိတ်၊ ခါသာအုပ်များ၊ အနောက်တိုင်းမှလာသော အဝတ်အစားများမှာလည်း ဈေးကွက်ဖြစ်နေကြသည်။

ကြေးစားစစ်သည်များနှင့် ပေါ်တူဂီ၊ ပြင်သစ်အစုအဖွဲ့များမှာလည်း သူ့နေရာနှင့်သူ အခြေတကျ ရှိနေကြသည်။

ထိုအချိန်၌ တာမွေခံတပ်နားတွင် လူတစ်ယောက်ရပ်လျက်.... လူများမှာ အံ့ဩစွာဖြင့် ထိုလူအနားတွင် ဝိုင်းအုံနေကြသည်။

ထူးထူးဆန်းဆန်း အကြည့်များဖြင့်ကြည့်ကာ နှုတ်များမှလည်း တတွတ်တွတ်ဖြစ်နေကြသည်။

ထိုလူကလည်း ကြည့်နေသူများကို တစ်ခါမှ မမြင်ဖူးသော ဘီလူးသရဲများမြင်သလို မှင်သက်စွာ ပြန်ကြည့်ရင်း ကြောင်နေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဖယ်...ဖယ် ဟိတ်ကောင်တွေ ဖယ်ကြစမ်း" ဆိုသောအသံတွေနှင့်အတူ ရှေးခေတ်ဗမာဗိုလ်များဆောင်းလေ့ရှိသော အနီရောင်အချွန်အတက်များပါရှိသည့် ဦးထုပ်ကို ဆောင်းထားသောသူတစ်ယောက်နှင့် စစ်သည်များဟုထင်ရသော လူသုံးလေးဦးတို့လည်း ရောက်လာကြလေသည်။

ထို့နောက်...

❑

ရဲမြတ်တစ်ယောက် စိတ်ပေါက်ပေါက်နဲ့ YBS စီးကာ တာမွေ ကျောက်မြောင်းမှာရှိသည့် အောင်ကျော့အိမ်သို့ ထွက်လာခဲ့သည်။

အိမ်တွင် အမေနှင့် ဦးလေးတို့က ဆူသဖြင့် အာရုံနောက်သည်ဆိုကာ ဘော်ဒါအိမ်သို့ ခြေဦးလှည့်လာခြင်းဖြစ်သည်။

ရဲမြတ်တို့မိသားစုမှာ အမေ၊ အစ်မနှင့် ရဲမြတ်တို့သာ။ အဖေဖြစ်သူမှာ ငယ်ကတည်းက ဆုံးသွား၍ အမေကသာ မိခင် အမေကသာ ဖခင် ဖြစ်ခဲ့သည်။ အစ်မကလည်း ငါးနှစ်ခန့်ကြီးသဖြင့် သူ့အလုပ်နှင့်သူ အတည်တကျဖြစ်နေလေပြီ။ ငဝစ် ငစစ်များနှင့်ကြုံရကာ ရဲမြတ်တစ်ယောက် တက်လက်စတက္ကသိုလ်ကို ထွက်ခဲ့ရသည်။ အသက် ၂၀ အရွယ် လူငယ်တစ်ယောက်၊ ဆယ်တန်းကို ဂုဏ်ထူးတွေဖြင့် အောင်ခဲ့၍ မျက်နှာပန်းလှခဲ့သော်လည်း လက်ရှိအလုပ်မရှိသောကြောင့် မျက်နှာငယ်ရသည်။

အမေဖြစ်သူမှာ ဘာမှမပြောပေမဲ့ ရဲမြတ်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် ရှက်မိ၏။ ဤကာလများအတွင်း အလုပ်ရှာခဲ့သော်လည်း မရခဲ့၍ စာအုပ်များသာ လှိမ့်ဖတ်နေတော့သည်။ သို့သော် တစ်လသုံးလေးအုပ်သာ ဖတ်၍ သူ့ကိုယ်သူ စာဂျပိုးဟု မခေါ်နိုင်သေး။ သို့ရာတွင် တစ်ခါတလေ စိတ်ဝင်စားသည်များတွေ့လျှင် တော့ မနားမနေ ဖတ်လေ့ရှိတတ်သည်။

ရဲမြတ် အဖတ်အများဆုံး အကြောင်းအရာမှာ သမိုင်းဘာသာရပ်ဖြစ်သည်။ သူ၏ခံယူချက်မှာ ကျောင်းများတွင် သမိုင်းဘာသာရပ်ကို သင်ကြားခဲ့ရသော်လည်း မလုံလောက်ဟု ထင်သည်။ အသက်ကြီးလာ၍ ကိုယ်တိုင်လေ့လာမိသောအခါမှ ငယ်စဉ်က သင်ခဲ့ရသည်များ၏ ဆယ်ပုံ ရှစ်ပုံခန့်မှာ အလိမ်အညာတွေဖြစ်မှန်း သတိထားမိခဲ့သည်။ လူမျိုးရေးဝါဒကို အခြေခံပြီး နှစ်ဖက်စစ်ပွဲများတွင် ကိုယ့်ဘက်ကိုသာ အသာဖြစ်အောင် တစ်ဖက်စောင်းနင်း ရေးသည်များကို မြင်လာသည်။

သို့သော် ဤအကြောင်းအရာများနှင့် ပတ်သက်၍ အခြားသူများအား

mgyoe.com

mgyoe.com SAMPLE BOOK

မပြောပြခဲ့ဖူးပေ။

တစ်ခါတရံ တစ်တော့ကြည့်ရာတွင် ရှေးခေတ်ဗမာ့စစ်ပွဲများနှင့် ပတ်သက်သော ဗွီဒီယိုများ၏အောက်တွင် ဘရိန်းဝှ့ရှ် (brain-washed) ခံထားရသူများ၏ တစ်ဖက်သတ်ဆန်သော ကောမန့်များကြည့်ကာ သက်ပြင်းများ ချမိသည်။

ပြဿနာဖြစ်သောနေ့တွင် ရဲမြတ်၏ ဦးလေးသည်လည်း အိမ်သို့ရောက်နေသည်။ မကြာခဏ လာလေ့ရှိသော ဦးလေးသည် ရဲမြတ်အား အမြဲ ဆုံးမလေ့ရှိ၏။ ရဲမြတ်ကား ပြန်ပြောခြင်းလည်းမရှိ၊ နားထောင်ခြင်းလည်းမရှိ ခေါင်းတညိတ်ညိတ်သာ လုပ်လေ့ရှိသည်။

ထိုနေ့တွင်ကား ရဲမြတ်သည် အကြောင်းအရာတစ်ခုကြောင့် ဒေါသထွက်နေလေသည်။ ဖေ့စ်ဘွတ်ခ်ပေါ်ရှိ ဂရု(ပ်)တစ်ခုတွင် ရှေးခေတ် ဗမာ-ယိုးဒယားစစ်ပွဲများနှင့် ပတ်သက်ပြီး အယူအဆအမှားများကို နှစ်ဖက်မျှ၍ ဆင်ခြင်စဉ်းစားတွေးတောရန် ပြောဆိုနေပြီး တစ်ဖက်မှလည်း ရန်ပဲတွေ့နေသောအခါ ရဲမြတ်ပေါက်ကွဲလေသည်။ ထိုအချိန် အမေကလည်း ဟင်းချက်နေစဉ် လိုသောပစ္စည်းတစ်ခုကို ဝယ်ခိုင်းသောကြောင့် ရဲမြတ် သွားဝယ်ပေးရလေသည်။ သို့သော် တစ်ခါနှင့်မပြီးဘဲ သုံးခါလောက်ဆက်တိုက် သွားခိုင်းနေသောအခါ ရဲမြတ်၏ ဒေါသမီးပွားလေးသည် ကြီးထွားလာလေပြီ။

"အမေတို့ကလည်း တစ်ခါတည်းပြီးအောင်မခိုင်းဘူး...သုံးလေးခါလွှတ်နေတယ်၊ တစ်ခါတည်းပြောပါလား လူက အာရုံနောက်နေရတဲ့အထဲ"

ထို့နောက် အပြန်အလှန် စကားတိုက်ပွဲများ ဆင်နွှဲကာ ဦးလေးပါ ဝင်ပါလာလေသည်။

ထို့ကြောင့် ရဲမြတ်လည်း နှစ်ယောက်တစ်ယောက် ဖြစ်သဖြင့် အိမ်ပေါ်မှထွက်လာကာ တာမွေကျောက်မြောင်းဘက်ရှိ သူငယ်ချင်းရှိရာသို့ ခြေဦးလှည့်လာခြင်းဖြစ်သည်။

ထိုအချိန်၌ ...

❑

"မောင်မင်းက ဘယ်သူလဲ ဘယ်ကတုံးကွဲ့"

ရဲမြတ်သည် သူ့အား မေးခွန်းမေးနေသူကို အချိန်အတန်ကြာ စိုက်ကြည့်ကာ ငေးမောနေသည်။

"ဟဲ့ အကောင်... ဖြေလိုက်လေ။ နင့်ကိုမေးနေတာ ရတနာသိယ်ပြည့်ရှင်

mgyoe.com

အလောင်းမင်းတရားကြီးကွ..."

'ဟင်...အလောင်းမင်းတရား...ဘာတွေလဲ' တစ်ကိုယ်တည်း တီးတိုး ရွတ်နေပြီး...

(မှတ်ချက် ။ (')မှာ တစ်ကိုယ်တည်း စဉ်းစားနေသည့်အတွေးဖြစ်ပြီး (") မှာ စကားပြောခန်းဖြစ်သည်)

'ဟုတ်... ဟု... ဟုတ်ကဲ့ပါ ဘုရင်မင်းမြတ်'

"ဘာ. . ဟိတ်ကောင် ရှင်ဘုရင်ကိုဆို မှန်လှပါဘုရားဆိုပြီး ဘုရားထူးရတာ မင်းမသိလေရော့သလား... တယ် ဇနပုဒ်တောသားများ တယ်ရိုင်းစိုင်းသပ"

'ဟင် ငါ ဇာတ်ထဲရောက်နေတာလား... ဒါမှမဟုတ် အိပ်မက်တွေ့...ဒိုင်မန်းရှင်း (Dimension) အသစ်တွေ့ ဘာတွေ့လားဟ... ဒါပေမဲ့ လူတွေဝိုင်းပြီး စောက်ခွက်ပြောင် ပရန့်ခ် (prank) လုပ်တယ်ထင်ရအောင်လည်း နှစ်ရက်လုံးမြင်နေရတာတွေက အဆန်းတွေချည်းပဲ။ ဘယ်လိုလုပ်ရပါ့... ဘာပဲဖြစ်ဖြစ်ကွာ... ငါ သမိုင်းစာတွေ ဖတ်ဖူးတာပဲ၊ အဲ့ထဲကလို ရွှီရှောင် ပြောကြည့်ရမယ်'

"မှန်လှပါ လျှောက်တင်ပါ့မယ်ဘုရား...တပည့်တော်...အဲလေ... ကျွန်တော် မျိုးက ရဲမြတ်ပါဘုရား... နေရပ်က ရန်ကုန်ပါဘုရား၊ ဒါပေမဲ့ ကျွန်တော်မျိုး ဒီခေတ်ကို ဘယ်လိုရောက်လာလဲဆိုတာတော့ မသိသေးကြောင်းပါဘုရား"

"ဟေ...မင်းက ဒီခေတ်ကမဟုတ်လို့ ဘယ်ခေတ်ကမို့လို့တုန်းကွ"

"ကျွန်တော်မျိုးက ၂၀၂၂ ကပါ အခုလက်ရှိ ကျွန်တော်မျိုးရောက်နေတာ ဘာခုနှစ်ပါလဲဘုရား"

"၂၀၂၂" "ဟေ......ဘာတုန်းဟ" "ဟင်" မှုးမတ်များကြားမှ အာမေဍိတ် အသံများ ထွက်လာလေသည်။

ရဲမြတ်လည်း အသံများထွက်လာရာ ညီလာခံတစ်ခွင်သို့ သေချာကြည့်မိ လေရာ ဘုရင်မင်းမြတ်ဟုဆိုသောသူထိုင်နေသည့် ပလ္လင်အကြီးတစ်ခု၏ ဘေးနှစ် ဖက်တွင် ပလ္လင်အသေးတစ်ခုစီရှိ၍ ထိုပလ္လင်များပေါ် တွင်မူ မင်းညီမင်းသားများဟု ထင်ရသည့်သူနှစ်ဦးကို တွေ့ရသည်။

ညီလာခံကျင်းပသည့် တစ်ဖက်တစ်ချက်တွင်လည်း ဒူးနေရာ တော်နေရာ များဖြင့် ခစားနေသူများကို တွေ့ရသည်။

"ဟေ့ မောင်မင်း မဟုတ်သောစကားကို မပြောလေနဲ့...အခုမှ သက္ကရာဇ် ၁၁၁၈ ပဲ ရှိသေးတာကွ"

mgyoe.com

mgyoe.com SAMPLE BOOK

မင်းသားတစ်ပါးဟု ထင်ရသူမှ လှမ်းပြောလေ၏။

'သက္ကရာဇ်...'

"မှန်ပါ့... ကျွန်တော်မျိုးတို့ နေထိုင်တဲ့အချိန်မှာ မြန်မာသက္ကရာဇ်နဲ့ ခရစ်နှစ်ဆိုပြီး နှစ်မျိုးသုံးပါတယ်။ ခုနှစ်ဆိုတာ အနောက်တိုင်းသားတွေ သုံးတာပါဘုရား၊ နောက်ပိုင်း အင်တာနေရှင်နယ်သုံး ဖြစ်လာတာပါဘုရား"

"ဟေ့ မောင်မင်း... စကားကို ငါတို့နားလည်အောင်ပြောစမ်း"

'ဩော်...အေး ဟုတ်သား၊ သူတို့က အဲ့တာတွေ သိချင်မှသိမှာပဲ'

"ဒီလိုပါဘုရား...မြန်မာသက္ကရာဇ်နဲ့ ခရစ်နှစ်က ၆၃၈-၆၃၉ ခုနှစ် လောက် ကွာပါတယ်ဘုရား ခေါ်တာခြင်း ကွာပေမယ့် အတူတူပါပဲ၊ မြန်မာသက္ကရာဇ်နဲ့ အနောက်တိုင်းသားတွေသုံးတဲ့ ခုနှစ်ပါဘုရား... နားလည်အောင် ရှင်းပြရမယ်ဆို မြန်မာသက္ကရာဇ်နဲ့ သာသနာနှစ်လိုပါဘုရား"

"သည်လိုကိုး... ဒါဆို မောင်မင်းပြောတဲ့ ခရစ်နှစ်ကို သက္ကရာဇ်နဲ့ တွက်ကြည့်လေ"

'အင်း... ပြောသာပြောလိုက်ရတာ သက္ကရာဇ်နဲ့ ကွာတာက ၆၃၈ လား ၆၃၉ လား မသိဘူး။ ကိုရင်ဝတ်တုန်းက သင်ဖူးလို့သာပြောရတာ... ခုက ၂၀၂၂ ဆိုတော့ နုတ်ကြည့်ရင်'

"မှန်ပါ့- ၁၃၈၄ ပါဘုရား"

အာမေဋိတ်အသံများ ဒုတိယအကြိမ် ထွက်လာလေသည်။

"မောင်မင်း မဖြစ်နိုင်သောစကားကို မဆိုနဲ့ဟေ့... ဒါ လုံးဝမဖြစ်နိုင်ဘူး"

ဗိုလ်မှူး၊ ဗိုလ်ချုပ် ဝတ်စုံဝတ်ထားသည်ဟု ထင်ရသောသူတစ်ဦးမှ လှမ်းပြောခြင်း ဖြစ်သည်။

"ဒီကောင်ပြောတာတွေ အဓိပ္ပာယ်မရှိဘူး၊ အချိန်တွေ သက်သက်ကုန်တာကွာ"

"ဘုရင်မင်းမြတ်... ဒီတောသားစကား နားမထောင်ပါနဲ့တော့ဘုရား ကွပ်မျက်လိုက်ပါတော့ ဘုရား"

သူပြောနေသည်များကို ဆန့်ကျင်နေသည့် စကားသံများ ညီလာခံတစ်ခုလုံးမှ ဟိန်းထွက်လာလေ၏။

"အားလုံး တိတ်ကြ"

ဘုရင်မှ လှမ်းဟန့်လိုက်လေသည်။

mgyoe.com

"မှန်ပါ့ သတ်ရင်လည်းသေ၊ ထားရင်လည်း နေရပါမည်ဘုရား...ကျွန်တော်မျိုး အမှန်ကို ဆိုခြင်းဖြစ်ပါတယ်ဘုရား..."

အလောင်းဘုရားမှာ ခေတ္တခဏခန့် စူးစိုက်ကြည့်နေပြီးမှ...

"မောင်မင်းစကားအရဆို မောင်မင်းက အနာဂတ်က လာသလိုဖြစ်နေမှာပေါ့... ဒီစကားအတွက် မောင်မင်းဘယ်လို အတည်ပြုပေးနိုင်မလဲ"ဟု ဆိုလေသည်။ ၎င်း၏အသံမှာ ခက်ထန်ဟန်မပါဘဲ ပကတိ တည်ကြည်လေးနက်ဟန်ရှိ၏။

'ဟင်း...ဒီပုံအတိုင်းဆို ငါအတိတ်ကို တကယ်ရောက်လာတာများလား... ဘာပဲဖြစ်ဖြစ် မထူးဘူး... သက်သေပြဆိုတော့လည်း ဖတ်ထားဖူးတာတွေ ပြောရတာပေါ့'

"မှန်ပါ့... ကျွန်တော်မျိုးတို့ခေတ်မှာ အရှင့်အကြောင်းကို ရာဇဝင်မှာ ရေးထိုးထားတာတွေ၊ မှတ်တမ်းတင်ထားတာတွေ အများကြီးရှိပါတယ်ဘုရား"

လူတို့၏ စိတ်ပညာများအကြောင်းကို လေ့လာခဲ့ဖူးသောကြောင့် ရဲမြတ်တစ်ယောက် အလောင်းဘုရားအကြောင်းကို အမွှန်းတင်ပြီး ပြောရန် တွေးလိုက်သည်။

"ဟေ ဟုတ်ရဲ့လားကွ... ဘာတွေ ဘယ်လိုတွေတုံးကွဲ့"

"မှန်ပါ့ အမတ်ကြီး လက်ဝဲသုန္ဒရတို့ မုံရွေးဆရာတော်တို့ တွင်းသင်းဝန်ကြီးတို့နဲ့ အခြား ပညာရှိတွေက အများကြီးရေးခဲ့ကြတဲ့အပြင် အရှင့်ရဲ့သားတော် မြေးတော် ခေတ်အဆက်ဆက် အရှင့်ရဲ့အောင်ပွဲတွေ၊ ကြိုးစားအားထုတ်ခဲ့မှုတွေကို အသိအမှတ်ပြုပြီး တလေးတစား ရာဇဝင်မှာ စာတင်ထားကြပါတယ်ဘုရား"

အားလုံးရဲ့ မျက်လုံးများက ညာဘက်တော်နေရာမှထိုင်ကာ ရဲမြတ်အား ကြည့်နေသော လက်ဝဲသုန္ဒရအမတ်ဆီ ရောက်သွားကြသည်။

"ကျွန်တော်မျိုးတို့ခေတ်မှာ အရှင့်ရဲ့ဘွဲ့တော်နဲ့ ငယ်နာမည်တွေကို တံတားနာမည် လမ်းနာမည်တွေတောင် မှည့်ထားကြပါတယ်ဘုရား"

"ဘာကွ..."

အလောင်းဘုရား၏ မျက်နှာမှာ အနည်းငယ်နီဟန်ရှိသွားပြီး အံကြိတ်ကာ ပလ္လင်၏တစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

ရဲမြတ်လည်း အရိပ်အခြည်ကြည့်ကာ...

"ဒီလိုပါ ဘုရား... အရှင့်ရဲ့ သတ္တိတွေပြောင်မြောက်လွန်းတဲ့အတွက်ကြောင့် မမေ့လျော့ဖြစ်အောင် မှည့်ကြတဲ့သဘောပါဘုရား...အနော်ရထာတို့ ကျန်စစ်သားတို့ ဘုရင့်နောင်တို့ကိုလည်း ထိုနည်းတူ မှည့်ကြပါတယ်ဘုရား...သည့်အပြင် ပြတိုက်ဆို

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ နေရာမှာလည်း အရှင့်ရဲ့ ရုပ်တုကို ထုထားပါတယ်ဘုရား...ဒါပေမဲ့ ခုလက်ရှိ ကျွန်တော်မျိုးမြင်နေရတဲ့ အရှင့်ရဲ့ရုပ်နဲ့တော့ သိပ်မတူလှပါဘူးဘုရား"

ထိုအခါမှ အလောင်းဘုရား၏ မျက်နှာထားမှာ အနည်းငယ် ပြေလျော့သွားဟန် ရှိသည်။

ရဲမြတ် မြင်ရသလောက် အလောင်းဘုရားမှာ ထိုင်နေသဖြင့် အရပ်ကို ခန့်မှန်း၍မရ။ သို့သော် ရှည်တဲ့အထဲပါသည်ဟုထင်ရသည်။ မျက်နှာမှာ ကျောက်ပေါက်မာများရှိသော်လည်း တည်ကြည်လေးနက်ပြီး ယောကျ်ားကောင်းတို့၏ ဥပတိရုပ်မျိုးဟု ထင်ရသည်။ အသားညိုပြီး ကိုယ်လုံးကိုယ်ထည်မှာ တောင့်တင်း၏။ အသံမှာ ဩဇာအပြည့်ပါ၏။

"ဟုတ်ပြီ...ဒါပေမဲ့ ဒါတွေနဲ့တင် ငါမယုံနိုင်ဘူး...တိုင်းရေးပြည်ရေးကိစ္စများနဲ့ ငါကိုယ်တော်နဲ့ ငါကိုယ်တော်ရဲ့ နိုင်ငံတော်တို့ရဲ့ အနာဂတ်မှာဖြစ်လာမယ့် အရာတွေကို မောင်မင်းပြောနိုင်မှ ငါကိုယ်တော် ယုံတော်မူနိုင်မယ်... အိမ်း... ဒါပေမဲ့ ဒီနေ့တော့ တော်လောက်ပြီ...ဟံသာဝတီကို အပြီးတိုင် သိမ်းပိုက်ဖို့အရေး တပ်မှူး အမတ်တွေနဲ့ တိုင်ပင်စရာရှိသေးတယ်။ ကဲ...ညှိသူ သူ့ကို မင်းတပ်ကို ခေါ်သွားပါ...လိုအပ်တာတွေ ကူညီပေးလိုက်ပါ ဖြစ်တယ်မလား"

"မှန်ပါ့... ဖြစ်ပါတယ်ဘုရား" ဟု ဆိုကာ ညှိသူဟု ဆိုသူမှာ သူ့အား ညီလာခံမှ ခေါ်ဆောင်သွားလေသည်။

ယာယီနန်းဆောင်ဟုဆိုသော်လည်း ခမ်းနားလွန်းလှသည့်အပြင် ရွှေရောင် တဝင်းဝင်းနှင့် မြင်နေရသည်မှာ လွန်စွာပနံရလှ၏။

ညီလာခံကျင်းပရာ တဲနန်းမှာမူ ရဲမြတ်၏နောက်တွင် ဝေးသည်ထက်ဝေးကာ မထင်မရှား ကျန်ခဲ့လေတော့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၂)

"ငါ့နာမည်...လက်ျာဘီလူး ဘုရင်မင်းမြတ်ကတော့ ညီသူလို့ခေါ်တယ်... မင်းကြည့်ရတာ ငါနဲ့ အသက်မတိမ်းမယိမ်း ဖြစ်မယ်ထင်တယ်...ဘုရင်မင်းမြတ်ထံက အမိန့်ရထားတဲ့အတိုင်း မင်း ငါ့ဆီမှာ ခဏတော့ နေရလိမ့်မယ်၊ လိုအပ်တာရှိရင် ပြောပါ...ငါ့ရဲမက်နှစ်ယောက်ကို မင်းဆီထည့်ပေးထားမယ်...ခုတော့ ငါနဲ့လိုက်ခဲ့... ကဲ...ငတိုးနဲ့ ငသုန် သူ့ကိုမြင်းပေါ်တင်ပြီး ငါ့နောက်က လိုက်ခဲ့ကြ"

ပြောစရာရှိသော စကားများကိုပြတ်ပြတ်သားသား ပြောသွားကာ မြင်းပေါ်သို့ တက်ပြီး တဖြည်းဖြည်း ထွက်သွားဟန်မှာ အလွန်ပင်ကြည့်ကောင်းသဖြင့် ရဲမြတ် တစ်ယောက် ငေးမောကြည့်ရှုနေမိသည်။

"ကိုယ့်လူ... တက်...ဒါနဲ့... မြင်းကောစီးတတ်ရဲ့လား... မစီးတတ်လည်း မြင်းပေါ်သာတက်နေပါ...ကျွန်ုပ်တို့ဆွဲခဲ့မယ် ကဲ...တက်...တက်"

မြင်းမှာ မြင်းညိုဖြစ်ပြီး ရှမ်းမြင်းမျိုးဖြစ်သဖြင့် အနည်းငယ်ပုဟန် ထင်ရသည်။

ရဲမြတ်တစ်ယောက် မြင်းတစ်ခါမှ မစီးဖူးသေးသော်လည်း ဟန်လုပ်ကာ မြင်းပေါ် ခုန်တက်လိုက်သည်။

မြင်းမှာ ရုတ်တရက် ပတတ်ရပ်ကာ ရှေ့ခြေနှစ်ချောင်းကို မြှောက်လျက် သုံးချက်လေးချက်မျှ ခုန်ပေါက်လျက်ရှိရာ ဘေးမှရဲမက်နှစ်ယောက် ထိန်းထား၍ ငြိမ်ပြီး လိုက်လာလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"လက်ျာဘီလူး...ညြိသူ" ထိုနာမည်များကို သူ ကောင်းကောင်း ကြားဖူးသည်။

အလောင်းဘုရား၏ မြင်းရည်တက် ၆ ကျိပ် ၈ ယောက်ထဲမှ "ညြိသူရေးရှာ"ဟူသော စာချိုးဖြင့် နာမည်ကြီးလာသူဖြစ်သည်။

အလောင်းဘုရား၏ မြင်းရည်တက်ရွေးပုံမှာ တပင်ရွှေထီးလက်ထက် နားထွင်းပွဲအတွက် ရွေးသောပုံစံနှင့် ကွာခြားလေသည်။ အဖျားချွန်ထက်သော လှံကို တစ်ယောက်မှကိုင်ထားပြီး အခြားတစ်ယောက်က ထိုလှံသွားရှိရာသို့ ပြေးဝင်ရခြင်း ဖြစ်သည်။ ပြေးလာသောသူ အနီးသို့ ရောက်ခါနီးတွင် လှံသွားကို အထက်သို့မဟုတ် အောက်သို့ လျင်မြန်စွာ ဖယ်ရလေသည်။ ပြေးလာသူနှင့် ကိုင်ထားသူတို့၏ကြား အချင်းချင်း ယုံကြည်မှုရှိပြီး တိုက်ပွဲထဲတွင်လည်း အချင်းချင်း လက်တွဲကာ အတူတကွ တိုက်ကြစေရန်ဖြစ်သည်။ ဤနည်းဖြင့် ဦးအောင်ဇေယျခေါ် အလောင်းဘုရားမှ သူ၏ရဲဘော်များ၊ တပ်မှူးလောင်းများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

❑

ကောင်းကင်မှာ တိမ်ကင်းစင်လျက်ရှိကာ ပင်လယ်ရေ၏အရောင်ကဲ့သို့ ပြာလဲ့နေလေသည်။

နတ်တော်လမှ ပြာသိုလသို့ ကူးပြောင်းဆဲကာလ ဖြစ်သဖြင့် ပတ်ဝန်းကျင်မှာလည်း အေးစိမ့်စိမ့်ရှိလှသည်။

ဆက်ရက်ငှက်များ၏ တေးဆိုသံများက ဇေတုဝတီမြို့ တပ်တစ်ခုလုံးကို ဖုံးလွှမ်းနေသည့်နှယ် ထင်ရသည်။ တပ်မြို့အတွင်းရှိ နေရာအနှံ့အပြား၌လည်း တပ်ဖွဲ့များမှာ အစုအဖွဲ့ တစ်ခုချင်းစီဖြင့် စစ်ရေးလေ့ကျင့်နေသည်ကို တွေ့ရသည်။ ထိုအချိန်-

"မင်းနာမည် ဘယ်သူလဲ"

"ရဲမြတ်ပါ ဘုရား"

"ရတယ်...ငါ့ကို ဘုရား ထူးစရာမလိုဘူး ပုံမှန်လိုသာ ဆက်ဆံချေ... ပြီးတော့...မင်းတရားကြီးက မင်းကိုကြည့်ရှုစောင့်ရှောက်ဖို့ ငါ့ကိုတာဝန်ပေးထားတာ မင်း အသိပဲမလား"

"ဟုတ်ကဲ့..."

"အခုက ဟံသာဝတီအရေးက ဘယ်လိုဖြစ်မလဲ မသိဘူး... မကြာခင် ဟံသာဝတီမင်းက သမီးကညာ ဆက်လာမယ် ကြားတယ်... တကယ်လို့ အဲ့လိုသာ

mgyoe.com

mgyoe.com

ဖြစ်လာရင် ငါတို့လည်း အလုပ်ရှုပ်လာတော့မှာ...အဲတာကြောင့် လိုအပ်တာတွေရှိရင် ငါ့အကြပ်ကိုပြောပါ... မင်း လည်ချင်ပတ်ချင်တယ်ဆိုရင်လည်း ငါ့ရဲမက်နှစ်ယောက် ထည့်ပေးလိုက်မယ်... ဒါပေမဲ့ စစ်တွင်းကာလဆိုတော့ သတိတော့ထားပါ"

လက်ျာဘီလူးဆိုသူမှ လိုအပ်သည်များကို ပြောကာ ထုံးစံအတိုင်း မြင်းပေါ်တက်ကာ ထွက်သွားလေတော့သည်။

မြင်းကိုဒုန်းစိုင်းစီးသွားသဖြင့် ဖုန်များမှာ သဲမုန်တိုင်းကဲ့သို့ ကျန်ခဲ့ပြီးနောက် မြင်းကိုလည်း မမြင်ရတော့သည်အထိ ရဲမြတ်တစ်ယောက် စိုက်ကြည့်နေမိသည်။ ထို့နောက် ရဲမြတ်လည်း ရေမချိုးရတာနှစ်ရက်ရှိသဖြင့် သူ့အား ကြည့်ရှုစောင့်ရှောက်ရန် ပေးထားသော ရဲမက်နှစ်ယောက်ကို အကူအညီတောင်းကာ ရေချိုးမည့်နေရာသို့ ခြေဦးလှည့်ခဲ့လေသည်။

ရေချိုးပြီး ပြန်လာသည့်လမ်း၌ နန်းတွင်းအပျိုတော်များဟု ထင်ရသော မိန်းမပျိုလေးများတစ်စုမှာ အဆောင်များကြားမှ ထွက်လာကာ သစ်ပင်များအောက်တွင် ပန်းများခူးရင်း လိပ်ပြာလေးများ လိုက်ဖမ်းကာ ပျော်မြူး ကစားနေသည်ကို တွေ့ရလေသည်။

အသက် ၂၀ တစ်လျှောက်လုံး တစ်ခါမှမမြင်ခဲ့ဖူးသော နန်းဆန်သည့်အလှများကို ရုတ်တရက်မြင်လိုက်ရသဖြင့် ရဲမြတ်တစ်ယောက် ငေးငိုင်ကာ ရဲမက်များ၏နောက်မှာ ကျန်ခဲ့လေသည်။

ထိုမိန်းမပျိုလေးများအထဲမှ ပါးမို့မို့နှစ်ဖက်မှာ ရွှေကဲ့သို့ ဝင်းလက်ပြီး ဝါဂွမ်းလေးလို နုညက်နေသော အသားအရေ၊ မနိမ့်မမြင့်သောအရပ်နှင့် လှပမို့မောက်သော ကိုယ်လုံးကိုယ်ထည်ရှိသည့် မိန်းမပျိုတစ်ဦး။ ရယ်လိုက်သည့်အခါ ဆင်စွယ်ကဲ့သို့သော သွားကလေးများနှင့် လဝန်းကြီးသဖွယ် ချိုသာသောအပြုံးကို ပန်ဆင်ထားသော ကိန္နရီမလေးအား ငေးစိုက်ကြည့်နေရင်း...

"ရောင်းရင်း လာလေ. . ဘာတွေကြည့်နေတာလဲ"ဟု သေုန်ဟုခေါ်သော ရဲမက်မှ လှမ်းမေးသောအခါမှ အသက်ပြန်ဝင်လာသလို ပြန်လည်လှုပ်ရှားလာပြီး ခေါင်းတစ်ဖက်စောင်းကာ အနောက်မှ အမြန်လိုက်လာခဲ့လေသည်။

❑

"ဘာရို...ခုနက မြင်လိုက်တဲ့ကောင်မလေးတွေက ဘယ်သူတွေတုံး လှလိုက်တာဗျာ"

"ဘ...ဘာရို...ဆိုတာက"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာမှမဟုတ်ဘူး ထားပါ ကျွန်တော်မေးတာပဲ ဖြေစမ်းပါ ဘယ်သူတွေလဲ ဆိုတာ"

"ဩော်...အဲတာတွေက နန်းတွင်းအပျိုတော်တွေဗျ...ကျုပ်တို့လို သာမန် ရဲမက်တွေအနေနဲ့ စိတ်ကူးဖို့မပြောနဲ့ မြင်ဖို့တောင်ခက်ခဲတဲ့သူတွေပါဗျာ...အဲ... တစ်ခုတော့ကြိုပြောထားမယ် ကိုယ့်လူ...ရောက်တုန်းရောက်ခိုက်ဆိုပြီး သူတို့ကို သွားများမထိလေနဲ့ ပြဿနာတက်ကုန်မယ်နော့်ဗျ"

"ဘာဖြစ်လို့လဲဗျ...ဘာအကန့်တွေ ရှိလို့တုံး"

"နန်းတွင်းအပျိုတော်တွေဆိုတာ ဘုရားပစ္စည်း အဆိပ်သီးတွေလိုပဲဗျ. . ကျုပ်တို့အနေနဲ့ မှန်းဖို့ဆိုတာ မိုးနဲ့မြေလိုပါ ကိုယ့်လူရယ်... ပြီးတော့သူတို့က အမတ် တွေ၊ တပ်မှူးတွေရဲ့သမီးတွေဗျ... ရာဇဝတ်ဘေးသင့်သွားနိုင်တယ်ဗျ" "ဩော်..." ရဲမြတ်၏ စိတ်ထဲတွင် ခုသွားသော်လည်း ဘာမှဆက်မမေးတော့ပေ။သို့သော် အတွေး အာရုံထဲက ကိန္နရီမလေးရဲ့ အပြုံးကိုတော့ ဖျောက်ပစ်၍မရခဲ့။

❑

နှစ်ရက်ကြာသွားသော်လည်း သူ့အား အလောင်းမင်းတရားမှ ထပ်မံ၍ ညီလာခံသို့ ခေါ်ဆောင်ခြင်း မရှိသေး။ လက်ျာဘီလူး ဆိုသူမှာလည်း ထိုနေ့ ညနေခင်း တွင် နောက်ဆုံး တွေ့လိုက်ရခြင်းပင်။

ဟံသာဝတီအရေးနှင့် ပတ်သက်ပြီး ဘုရင်က စစ်ရေးအစီအမံများချကာ သားတော်များ၊ တပ်မှူးများနှင့် မပြတ်တိုင်ပင်နေသည်။

ရဲမြတ်လည်း လူမှုဆက်ဆံရေး ပါးနပ်သည့်အတွက် ရဲမက်နှစ်ဦးအပြင် အခြားသူများနှင့်လည်း ခင်မင်သွားပြီဖြစ်သည်။

ရဲမက်များ၏ပြောပုံအရ ဒီရက်များအတွင်း ဘုရင်က ရဲမြတ်အား ဆင့်ခေါ် မည် မဟုတ်ကြောင်း သိရသဖြင့် စိတ်ပြေလက်ပျောက်အနေဖြင့် ရန်ကုန်မြို့ဘက် သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် ရဲမြတ်လည်း ငသုန်နှင့် ငတိုးတို့ကိုခေါ်ကာ ညနေဘက်တွင် ရန်ကုန်မြို့ဘက်သို့ ခြေဦးလှည့်ချင်ကြောင်း ပြောလေသည်။

ရဲမက်နှစ်ဦးမှာလည်း စစ်တိုက်ရသည့်တာဝန်မှ ခဏကင်းကာ အလည်သွား ရမည်ဆိုသဖြင့် ကြိတ်ပျော်နေလေသည်။

မသွားမီနေ့လယ်ခင်းတွင် ရဲမြတ်တစ်ယောက် နန်းဆောင်များရှိရာအနီးသို့ အပျင်းပြေလမ်းလျှောက်နေစဉ် တမြန်နေ့ကတွေ့လိုက်သော ကိန္နရာမလေးအား

mgyoe.com

mgyoe.com SAMPLE BOOK

အဖော်တစ်ယောက်နှင့်အတူ လမ်းလျှောက်လာသည်ကို တွေ့လိုက်ရသည်။

လက်ထဲ၌လည်း ပိတ်အုပ်တစ်ခုကိုကိုင်ကာ ဘေးမှ သူငယ်ချင်းဖြစ်သူနှင့် စကားတပြောပြော လမ်းလျှောက်လာစဉ် ထောင့်ချိုးတွင်စောင့်နေသော ရဲမြတ်နှင့် တိုက်မိရာ လက်ထဲမှ ပိတ်အုပ်လည်း ကျသွားလေသည်။

ရဲမြတ်လည်း မတော်တဆဖြစ်ဟန်ဆောင်ကာ ပြုတ်ကျသည့်ပိတ်အုပ်အား ကောက်ပေးရန် ထိုင်လိုက်မိသည့်အချိန်တွင် နှစ်ဦးသားမှာ မျက်လုံးချင်းဆုံမိလေတော့သည်။

သမင်မျက်လုံးဟု တင်စား ခေါ်ဝေါ်လောက်သည်အထိ လှပ၍တောက်ပနေသော သူမ၏မျက်ဝန်းအစုံအား မျက်တောင်မခတ်တမ်းကြည့်နေသည့် ရဲမြတ်အား မြင်ရာ ကိန္နရီမလေးမှာ ရှက်ရှက်နှင့် ပိတ်အုပ်ချည်းသာ သယ်ပြီး ပြေးလေတော့သည်။ ရဲမြတ်လည်း ကျသွားသောပိတ်စကိုကောက်၍ သူမ၏အဖော်ဆီသို့ ပိတ်စကိုလှမ်းကာ...

"ခုနကပြေးသွားတဲ့ နှမငယ်ရဲ့ အမည်လေး သိခွင့်ရနိုင်မလားခင်ဗျ"

"မယ်စံတဲ့ တော်ရေ... ပေးပေး ပိတ်စ...နောက်ကျနေရင် မယ်မယ်ဘုရားဆူတော့မှာပဲ" ဟုဆိုကာ ရဲမြတ်လက်ထဲမှ ပိတ်စကိုယူ၍ ကိန္နရီမလေးနောက်သို့ ပြေးလိုက်သွားလေသည်။

"သြော်...ကိန္နရီမလေးနာမည်က... မယ်စံတဲ့လား... မယ်စံ...မယ်စံ"

ရဲမြတ်တစ်ယောက် သူမ၏နာမည်ကို တတွတ်တွတ်ရေရွတ်ရင်း ကျန်နေလေတော့သည်။

❑

အလောင်းမင်းတရားသည် ဒဂုံမြို့ဟောင်းနေရာတွင် မြို့သစ်တည်ရာ ရန်သူအပေါင်းကို ကုန်စင်အောင် လုပ်ကြံတော်မူနိုင်သည့်အတွက်ကြောင့် 'ရန်ကုန်' ဟု သမုတ်လိုက်လေသည်။

မြို့သစ်တည်ပြီး မကြာမီ ရန်ကုန်မြို့မှာ အလွန်စည်ကားလာလေသည်။

သန်လျင်ကို အပြီးတိုင် ဖျက်ဆီးပြီးသောအခါ ရန်ကုန်မြို့သည် အဓိက ဆိပ်ကမ်းမြို့တော် ဖြစ်လာလေသည်။

ရဲမြတ်သည် ရန်ကုန်သို့ ရောက်ရောက်ချင်းပင် ကြည့်မြင်တိုင်ဘက်နှင့် တာမွေဘက်သို့ လှည့်ပတ်ကြည့်ရှုလေသည်။

ရန်ကုန်မြို့ကြီးမှာလည်း သူ နေထိုင်ခဲ့ဖူးသည့် ၂၁ ရာစုနှင့် လားလားမှ

mgyoe.com

mgyoe.com
SAMPLE BOOK

မတူညီ။

မြို့စောင့်တပ်များ၊ မြင်းစီးအစုများ၊ ရဲမက်များ၊ ကုန်သည်များ၊ ဈေးသည်များနှင့် လူများကို ကြိုးတုပ်ကာ လေလံပစ်နေသည်များကိုပင် တွေ့ရသည်။

သင်္ဘောကြီးများ၊ တိုက်လှေများနှင့် လှေငယ်များမှာ ကမ်းအပြည့်...

ရွက်တိုင်များဖြင့် လှေများအား ပုံများတွင်သာ မြင်ဖူးခဲ့သော်လည်း ယခုနဖူးတွေ့ဒူးတွေ့ ကြုံရသောအခါ ကြည့်၍မဝနိုင်ဖြစ်ကာ နေဝင်ချိန်ကိုပင် ဆိပ်ကမ်းနားမှာထိုင်ကာ ကြည့်ရှုခဲ့သည်။

ရန်ကုန်တစ်ဖက်ကမ်းမှနေ၍ မျှော်ကြည့်မိသော် အုတ်ရိုးအပျက်များဖြင့် ရှိနေပြီး မြို့ဟောင်းမြို့ပျက်ကြီးပမာ ဖြစ်နေသော သန်လျင်မြို့ဟောင်းကြီးကို တွေ့ရလေသည်။

တစ်ချိန်က နိုင်ငံခြားသင်္ဘောများဆိုက်ကပ်ရာ သင်္ဘောဆိပ်ကမ်းမြို့ဖြစ်ခဲ့သည့် သန်လျင်မြို့။

အနောက်တိုင်းသားကုန်သည်များဖြင့် စည်ကားပြီး အလွန်ကြွယ်ဝချမ်းသာခဲ့သော သန်လျင်မြို့။

၁၇ ရာစုဦးတွင် ဖွင်ကာကူ ခေါ် ငဇင်ကာ သိမ်းပိုက် မင်းလုပ်ခဲ့သော သန်လျင်မြို့။

ဝန်ကြီးပဒေသရာဇာ၏ ဂူရှိသော နာမည်ကြီး ကျိုက်ခေါက်စေတီရှိရာ သန်လျင်မြို့။

လက်နက်ထုထပ်သည့်အပြင် မြို့စီးပြစီးအလွန်ကောင်းသည်ဟု ကျော်ကြားသော သန်လျင်မြို့။

အလောင်းဘုရားသည် သန်လျင်မြို့ကို သိမ်းပိုက်ရရှိသောအခါ နောက်ထပ်အန္တရာယ်မီးစများ ထပ်ဖြစ်မလာစေရန်အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် မြို့ကို မီးတိုက်ကာ အပြီးတိုင် ဖျက်ဆီးခဲ့သည်။

ထိုမီးခိုးငွေ့များနှင့်အတူ ပါသွားသော သန်လျင်မြို့၏ အမှတ်တရ အငွေ့အသက်များပေါင်းများစွာ...။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၃)

ရန်ကုန်တွင် နှစ်ရက်ခန့်နေပြီး စည်တီးအရပ်ရှိ ဇေတုဝတီမြို့တပ်သို့ ပြန်လာခဲ့လေသည်။

မြင်းညိုကြီးမှာလည်း စီး၍ အသားကျသွားပြီဖြစ်သဖြင့် အရင်ကဲ့သို့ မဆိုးတော့ပေ။

တပ်စခန်းပြန်ရောက်ရောက်ချင်း ကြားလိုက်ရသည်မှာ ဟံသာဝတီသည် စစ်ပွဲများ ဆက်တိုက်ရှုံးနေသည့်အပြင် စစ်သူကြီးတလပန်းမှာလည်း စစ်တောင်းအရပ်သို့ ဆင်ကောင်းမြင်းကောင်း စစ်သည်ကောင်းများစွာယူကာ ထွက်သွားသဖြင့် ဟံသာဝတီစစ်တပ်မှာ အားနည်းသွားကာ ဟံသာဝတီဘုရင်သည် သမီးကညာဆက်ကာ ငြိမ်းချမ်းရေးကမ်းလှမ်းလာခြင်းဟူ၍ ဖြစ်သည်။

ဇေတုဝတီမြို့မှာလည်း ယမန်နေ့များနှင့်မတူဘဲ အခင်းအကျင်း၊ အပြင်အဆင်များမှာ တမူထူးခြားနေသည်။

အလောင်းမင်းတရားစံရာ ယာယီတဲနန်းအနီးတွင်လည်း အလွန်ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးတစ်ခုရှိရာ ထိုမဏ္ဍပ်ထဲတွင်မူ ရာဇမတ်ကာလျက်ရှိနေသော မြေနန်းပလ္လင်မှာ ထင်ရှားနေသည်။

စစ်သည်ရဲမက်များမှာလည်း ဝတ်စုံအပြည့်၊ လက်နက်အပြည့်တပ်ဆင်ထားကာ မြေပြင်တွင်သာမက ခံတပ်ရိုးများပေါ်တွင်လည်း နေရာအသီးသီး ယူထားကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လှည်းရထားများ၊ ဆင်များ၊ မြင်းများကိုလည်း ခင်းကျင်းထားသည့်အပြင် အနောက်တိုင်းဦးထုပ်များနှင့် ဝတ်စုံအပြည့် ဝတ်ဆင်ထားကြသော ဘောင်းဘီဝတ် လူမျိုးခြား စစ်သည်များမှာလည်း စစ်လက်နက်အပြည့်အစုံဖြင့် အသင့်အနေအထား ရှိနေကြသည်။

မဏ္ဍပ်အတွင်းရှိ မြေနန်းပလ္လင်ထက်တွင် ရတနာအတိပြီးသော စစ်ဝတ် ဒုရင်ကို ဆင်လျက် မြနားတောင်း၊ ပတ္တမြားလက်ကောက်၊ လက်စွပ်များနှင့် ရွှေစလွယ် ကို လွယ်ထားသော အလောင်းမင်းတရားကြီးမှာ ရဲမြတ် စစတွေ့သည့်နေ့ကနှင့် မတူဘဲ ရာဇက္ကန္ဓြေနှင့် ပိုမိုပြည့်စုံကာ အလွန်ထူးခြားနေလေသည်။

မင်းညီမင်းသားများ၊ ပညာရှိအမတ်များနှင့် စစ်သူကြီးတပ်မှူးများမှာလည်း မြေနန်းပလ္လင်၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ခမ်းနားတင့်တယ်စွာ နေရာယူလျက် ရှိနေကြသည်။

များမကြာမီ ဇေတုဝတီတပ်မြို့တံခါးတော် ပွင့်လာသည်နှင့် ကုန်းဘောင် စစ်သည်များမှာ သမီးကညာအဆက်လာရန် ဝင်လာသည့် မွန်မင်းညီမင်းသားများ၊ အမတ်များ၊ မွန်စစ်သည်များနှင့် လက်ဆောင်ထမ်း မွန်လုလင်ပျိုများကို ကြိုဆိုကြ သည်။ အနောက်တွင်မူ မှူးမတ်ကတော်များခြံရံလာသော ဝေါယာဉ်တစ်ခုကို တွေ့ရ သည်နှင့် တစ်ပြိုင်နက် ကုန်းဘောင်စစ်သည်များထံမှ ဒုံးချင်းသံလိုလို စစ်ချီတေးလိုလို သံစဉ်တစ်ခုကို ပြိုင်တူ ရွတ်ဆိုကြွေးကြော်သံကြားလိုက်ချိန်တွင် ရဲမြတ်တစ်ယောက် ကြက်သီးများထကာ မရှိခဲ့ဖူးသော ဇာတိသွေး ဇာတိမာန်များပင် ပေါ်လာသည်ဟု ထင်ရသည်။

ရဲမြတ်မှာ လက်ျာဘီလူး၏ အကြံပေးမှုဖြင့် ရဲမက်ကဲ့သို့ ဝတ်စားဆင်ယင် ကာ ဤပွဲသို့လာရောက်ကြည့်ရှုခြင်း ဖြစ်သည်။ ဘဝမှာမြင်ခဲ့ရဖူးသော ခမ်းနားမှုများ မှာပင် ယခုနှင့် နှိုင်းယှဉ်ပါက ကိန္နရာမလေးနှင့် ရဲမြတ်တို့လိုပင် အဆင့်အတန်း အလွန် ခြားနားမည်ဟု ထင်ရသည်။

ထိုသို့ ငေးမောကြည့်နေစဉ်ပင် အပျိုတော်များရှိရာဘက်ခြမ်းသို့ လှမ်းမျှော် ကြည့်လိုက်ချိန်တွင် မထင်မှတ်ထားသော မြင်ကွင်းတစ်ခု။

'မယ်စံ... ငါ့ကိန္နရီမလေး...'

အပျိုတော်များကြားတွင် ပပဝတီကဲ့သို့ ထင်ရှား၍နေသည့် မယ်စံ...။

ရဲမြတ်၏ အာရုံအလုံးစုံတို့မှာ ထိုပွဲတွင် မရှိတော့ပေ။

စကြဝဠာဒရှိရာ တစ်နေရာသို့သာ စူးစိုက်လျက်...။

mgyoe.com

မသိစိတ်တို့၏ လှုံ့ဆော်မှုတို့သည် အလွန်ကြီးသည် ထင်ရ၏။

မယ်စံမှာ သူမအား တစ်စုံတစ်ယောက်က စိုက်ကြည့်နေသည်ဟု ခံစားရကာ ဘေးဘယ်ညာသို့ လှမ်းကြည့်လိုက်စဉ်...

မထင်မှတ်ဘဲ မျက်ဝန်းနှစ်စုံတို့ ဒုတိယအကြိမ် ထပ်ဆုံမိလေသည်။

ရဲမြတ်မှာလည်း စပါးကြီးမြွေ အညှို့ခံရသည့် ချေသူငယ်ပမာ မလှုပ်မယှက်ဖြင့် ထိုမျက်ဝန်းတစ်စုံရှိရာသို့...

မည်မျှပင်ကြာသွားလေသည်မသိ။ အလောင်းမင်းတရားမှာ တပင်တိုင်မင်းသမီးနှင့်အတူ မဏ္ဍပ်ထဲမှထွက်ကာ ယာယီတဲနန်းဆီသို့ပင် သွားနေပြီဖြစ်သည်။

ရဲမက်များလည်း တန်းဖြုတ်ပြီဖြစ်သဖြင့် တစ်စုစီ တစ်စုစီ ထွက်ခွာနေကြပြီဖြစ်သည်။

ရဲမြတ်တစ်ယောက်လည်း ကိန္နရီမလေးအား မျက်ခြည်ပြတ်သွားသဖြင့် တွေ့လိုတွေ့ငြား ရှာဖွေနေစဉ် အဆောင်တစ်ခု၏ဘေး၌ရပ်လျက် တစ်ခုခုကို စောင့်နေဟန်ရှိသော သူမအား တွေ့လေသည်။

"မယ်စံ..."

မယ်စံမှာ နာမည်ခေါ်သံ ကြားလိုက်သဖြင့် တုန်တက်သွားကာ ခေါ်သံရှိရာသို့ လှည့်ကြည့်လိုက်သည်။

"နှမနာမည် မယ်စံမဟုတ်လား"ရဲမြတ်ထံမှ ထပ်မံ၍ အံကျလာသောစကား

"ဟုတ်...ဟုတ်ပါတယ်..."

"ကျွန်တော် စကားခဏလောက် ပြောလို့ရမလားဗျ..."

"ဟု...ဟုတ် ခဏတော့ရပါတယ်။ မယ်မယ်ဘုရား မသိခင် အမြန်ပြန်ရမှာမို့ပါ"

၃ မိနစ်ခန့် စကားခဏပြောပြီးနောက် သူတို့နှစ်ယောက် အပြုံးကိုယ်စီဖြင့် လမ်းခွဲလိုက်ကြသည်။

မယ်စံ...

ရဲမြတ်နှင့် အသက် မတိမ်းမယိမ်းလောက်ရှိမည်။

မထင်မရှား အမတ်တစ်ဦး၏ သမီးဖြစ်ပြီး ရုပ်ဆင်းအင်္ဂါပြည့်စုံလှသဖြင့် အလောင်းဘုရား၏ မိဖုရားခေါင်ဖြစ်သူ စန္ဒာဒေဝီ ခင်ယွန်းစံ ထံတွင် နန်းတွင်းအပျိုတော်အဖြစ် ခစားနေခြင်းဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"နန်းတွင်းအပျိုတော်တွေဆိုတာ ဘုရားပစ္စည်း အဆိပ်သီးတွေလိုပဲဗျ... ကျုပ်တို့အနေနဲ့ မှန်းဖို့ဆိုတာ မိုးနဲ့ မြေလိုပါ ကိုယ့်လူရယ်... ပြီးတော့ သူတို့က အမတ်တွေ၊ တပ်မှူးတွေရဲ့သမီးတွေဗျ...ရာဇဝတ်ဘေးသင့်သွားနိုင်တယ်"

ငသုန်၏ စကားများက သူ့နားထဲ ရေနွေးပူ လောင်းထည့်လိုက်သလို ပူလောင်စွာ ပြန်လည် ဝင်ရောက်လာသည်။

"ဩော်...ချစ်မိသွားတော့လည်း ဘယ်တတ်နိုင်မလဲကွာ" တစ်ယောက်တည်း ရှိနေချိန်တွင် အသံထွက်၍ ညည်းတွားနေခြင်းဖြစ်သည်။

"ဟော့လူ... ဘာတွေ ချစ်နေတာတုန်းဗျ ခင်ဗျားနှယ့် ရောက်တာဖြင့် မကြာသေး"

နောက်မှ ငသုန်တစ်ယောက် လမ်းလျှောက်၍ လာနေသည်ကို သူ သတိ မထားမိခဲ့...

"ဒီလိုပါပဲဗျာ... အသိစခန်းကနေ အသည်းစခန်း ရောက်သွားလို့ပါဗျာ..."

"ဟ...ကိုယ့်လူက အလာကြီးပါလားဗျ... ဘယ်သူ့ ချစ်မိသွားလို့တုန်းဗျ"

"မပြောချင်ပါဘူးဗျာ... သူက နန်းတွင်းသူတဲ့လေ..."

"ဟာ...ခင်ဗျားဟာကလည်း"

ရဲမြတ်နှင့် ငသုန်တို့နှစ်ယောက် အချစ်အကြောင်း အတန်ကြာသည်အထိ အစိပ္ပာယ်ဖွင့်ဆိုပြီးသော်...

"ဒါနဲ့...အချစ်ကိစ္စကခဏနေပါဦး... ကိုယ့်လူကို မေးစရာရှိလို့လာခဲ့တာပဲ"

"ဘာများတုန်းဗျ"

"ဒီလိုလေဗျာ...ခင်ဗျား စစရောက်ချင်းတုန်းက ကျုပ်တို့နဲ့က ဆံဖြတ်ပုံ လည်း မတူဘူး၊ အဝတ်အစားတွေကလည်း ကွဲတယ်... ကောလဟာလတွေ အတိုင်း သာဆို ခင်ဗျားက တကယ် အနာဂတ်ကလားဗျ"

"ကျုပ်လည်းမသိပါဘူးဗျာ... အိပ်မက်လား တကယ်လားဆိုတာ... သေချာ တာကတော့ ကျွန်တော်နေနေတဲ့ အချိန်ကာလက အခုလို မဟုတ်ဘူးဗျ"

"ဘာများ ကွာခြားလို့လဲ ငါ့လူရ"

"အာ... ခြားတာပေါ့ဗျာ... ကျွန်တော်တို့က နောက်လာမယ့် နှစ်ပေါင်း ၂၆၀-၂၇၀ ဆိုတော့ အများကြီး တိုးတက်ပြောင်းလဲပြီး ကွာခြားနေပြီပေါ့ဗျာ... ဥပမာ- ဘုရင့်နောင်ခေတ်နဲ့ ခုခေတ်လောက် ကွာသလိုပေါ့ဗျာ... ဒါပေမဲ့ ကျွန်တော် တို့ ခေတ်မှာက ဘုရင်စနစ်၊ ပဒေသရာဇ်စနစ် မရှိတော့ဘူးဗျ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင် ဒါဆို မင်းတို့ဆီမှာက အုပ်ချုပ်တဲ့သူ မရှိဘူးလားဟ"

"ရှိတာပေါ့ဗျာ... ရှိသမှ သိပ်သိပ်ရှိသောပဲ" ရဲမြတ်မှာ စကားမဆက်ဘဲ တစ်ခုခုကို တွေးနေလေသည်။

"ဘုရင်တွေ၊ ဘာတွေ မရှိတော့ဘူးဆိုတော့... စစ်တွေလည်း ကင်းပြီး တော်တော်ငြိမ်းချမ်းနေမှာနော်... တွေးကြည့်တာနဲ့တင် မိုက်နေပါပြီကွာ မင်းတို့ဘဝ တွေက..."

"ဒီမှာ ကိုသုန် ခင်ဗျားတို့ကသာ ဒီစစ်ပွဲပြီးရင် ငြိမ်းချမ်းမယ် ဟိုစစ်ပွဲပြီးရင် ငြိမ်းချမ်းမယ် ထင်နေကြတာဗျ... ကျွန်တော်တို့ မြန်မာနိုင်ငံက ကျွန်တော်တို့ခေတ်ထိ စစ်ပွဲမရှိတဲ့နှစ် တစ်နှစ်တလေမှ မရှိခဲ့ဘူး။ ပြောရင် ခင်ဗျားယုံပါ့မလား... အဟား... (လှောင်ရယ်သံဖြင့်) မြန်မာနိုင်ငံက ခင်ဗျားတို့ အခုမှမဟုတ်ပါဘူး... ကျွန်တော် တို့ခေတ်အထိလည်း စစ်မှန်သော ငြိမ်းချမ်းရေး မရပါဘူးဗျာ... အစိုးရအင်အားစု တွေရဲ့ ပြိုင်ဆိုင်မှုတွေကြား ကျွန်တော်တို့ပြည်သူတွေသာ မြေစာပင်ဖြစ်ရစမြဲပေါ့ ဗျာ... ဟား...ဟား"

"အေးပါကွာ...ကဲ ထားပါ...မင်းတို့ခေတ်က အသုံးအဆောင်တွေ ငါတို့နဲ့ ဘာကွာလဲ ပြောပြစမ်းပါဦး..."

"အကုန်ပေါ့ဗျာ...ကျွန်တော်တို့ခေတ်မှာက တစ်နေရာက တစ်နေရာသွားဖို့ ခင်ဗျားတို့လို မြင်းတို့၊ လှည်းတို့၊ ဆင်တို့ မသုံးတော့ဘူးဗျ။ အဲ...ဒါပေမဲ့ လှေတော့ သုံးသေးတာပေါ့ဗျာ။ ကျွန်တော်တို့ဆီမှာက စက်ဘီးတို့၊ ဆိုင်ကယ်တို့၊ ကားတို့၊ လေယာဉ်ပျံတို့ သုံးတယ်ဗျ။ ဒါပေမဲ့ တစ်ခုချင်းစီမှာလည်း အမျိုးအစားကွဲတွေ ရှိသေးတာပေါ့ဗျာ"

"မင်းတို့ဟာတွေကလည်း... ငါ နားမလည်ဘူးကွ"

"ဒီလိုဗျာ...စက်ဘီးဆိုတာက ခင်ဗျားတို့လှည်းဘီးလိုပဲ။ ဒါပေမဲ့ အသေးစား ပေါ့ဗျာ အဲဘီးနှစ်ဘီးနဲ့ထိန်းပြီး မောင်းရတာပေါ့ဗျာ... လူအားတော့ သုံးရတာပေါ့..."

"အမ်း... ဟုတ်ပြီ ဆက်ပါဦး..."

"အင်း... ဆိုင်ကယ်ဆိုတာက ခုနက စက်ဘီးကိုမှ လွယ်လွယ်ပြောရင် စက်တပ်တာပေါ့ဗျာ...စက်ဆိုတာ ရှင်းပြရရင်ဗျာ...ကျွန်တော်တို့ ရန်ကုန်က ရွှေတိဂုံ ဘုရား သိတယ်မလား...အဲထဲမှာ စကောမပညာနဲ့ စက်ယန္တရားတွေရှိတယ် ဆိုတာ ခင်ဗျား ကြားဖူးမှာပါ"

"အေးသိတယ်ကွ... ငါတို့လည်း သိသာသိပေမယ့် မမြင်ဖူးသေးဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း အဲလိုစက်မျိုးတပ်ပြီး အလိုအလျောက်သွားတာပေါ့ဗျာ။ အဲ ကားတို့ လေယာဉ်တို့ကျတော့ စက်တွေက ပိုကြီးပိုကောင်းပေါ့ဗျာ အဲတော့လည်း အဝေးကြီး ကို ခဏလေးနဲ့ သွားလို့ရတာပေါ့ဗျာ"

"နိပ်လှချည်လား... ဒါဆို မင်းပြောတဲ့ ကားတို့ လေယာဉ်တို့နဲ့ဆို ရန်ကုန် ကနေ ငါတို့ မုဆိုးဘိုထိ ဘယ်လောက်ကြာလဲ"

"အင်း... ကားနဲ့ဆို မနက်သွား ညလောက်ရောက်ပေါ့ဗျာ။ လေယာဉ်နဲ့ ဆိုရင်တော့ နာရီပိုင်းလောက်ပါပဲ"

"ဟာ... ဟုတ်လို့လားကွာ... ကောင်းလိုက်တာ... မင်းတို့ဟာတွေသာ အခုရှိရင်ကောင်းမယ်ကွာ... မုဆိုးဖိုက ငါ့အိမ်သူလေးက ခုဆို ငါ့လွမ်းနေလောက် ပရော့... တောက်စ် သတိရလိုက်တာကွာ"

"ဟား...ဟား...ခင်ဗျားကတော့ဗျာ ဖြစ်ရမယ်"

ငသုန်နှင့် ရဲမြတ်တို့ စကားကောင်းနေချိန်စဉ်တွင်...

"ရဲမြတ်... မင်းတရားကြီးက မင်းကို ဒီနေ့ ညီလာခံ အခစားဝင်ခိုင်းလိုက် တယ်... ခုပဲ ငါနဲ့လိုက်ခဲ့တော့"

လက်ျာဘီလူးတစ်ယောက် ရဲမြတ်တို့စကားပြောနေရာ တမာပင်ရိပ်အောက် သို့ ဝင်လာကာ ရဲမြတ်အား လာခေါ်ခြင်းဖြစ်သည်။

ရဲမြတ်လည်း မဆိုင်းမတွပင် ထကာ မလှမ်းမကမ်းရှိ ထနောင်းပင်တွင် ချည်ထားသော မြင်းညိုကြီးကိုဆွဲကာ လက်ျာဘီလူးနောက် အမီလိုက်ခဲ့လေသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၄)

"မောင်မင်း... ဟိုတစ်ခါ ပြောခဲ့ဖူးတာတွေ ဆက်လျှောက်စမ်းပ"

"မှန်ပါ့ဘုရား... အဘယ်သို့သော အကြောင်းတွေ သိချင်တော်မူပါသလဲ ဘုရား၊ ကျွန်တော်မျိုး ကြိုးစားပြီး လျှောက်တင်ပါ့မယ်ဘုရား"

"အိမ်း... ငါကိုယ်တော်ရဲ့နိုင်ငံတော်ဟာ ဘယ်လောက်ထိကျယ်ဝန်းပြီး ဘယ်အချိန်ထိ ဆက်လက်တည်ရှိနေမလဲ ဆိုတာ သိချင်တယ်"

"မှန်ပါ့ဘုရား... ကုန်းဘောင်ဘုရင့်နိုင်ငံတော်ကြီးဟာ မင်းဆက် အလယ်ပိုင်းလောက်မှာ ဘဝရှင် ဆင်ဖြူများရှင်မင်းတရားကြီး လက်ထက်နီးပါး (ဘုရင့်နောင်) ကျယ်ဝန်းပြီး စည်ပင်သာယာဝပြောပါလိမ့်မယ်ဘုရား... ဒါပေမဲ့"

"ဒါပေမဲ့... ဘာဖြစ်လဲဆက်ပြောလေ..."

အလောင်းမင်းတရားကြီး၏ မျက်ဝန်းများမှာ အလွန်ပင် စူးရှသွားကာ ရဲမြတ်၏ စကားလုံးများကို စိတ်ဝင်စားနေဟန်ရှိသည်။

"မှန်ပါ... အမှန်တိုင်း လျှောက်တင်ရရင်ဖြင့် ဂုတ်ပေါ် ဓားဝဲသလို ရှိလှပါတယ်ဘုရား။ ထို့အတွက် ကျွန်တော်မျိုး အရိပ်အမြွက်လောက်ဖြစ်ဖြစ်သာ လျှောက်တင်လို့ ရနိုင်ပါမည်ဘုရား။ အရှင့်ကုန်းဘောင်နိုင်ငံတော်ဟာ မြန်မာနိုင်ငံရဲ့ နောက်ဆုံးမင်းဆက်ဖြစ်မှာဖြစ်ပြီး နောက်ဆုံးမင်းများရဲ့ ညံ့ဖျင်းမှုတွေနဲ့ မိဖုရားတွေ ဝန်အမတ်တွေရဲ့ ထီးနန်းဖက်စွက်မှုများ၊ အာဏာရလိုမှုများကြောင့် နိုင်ငံတော်အင်အား

mgyoe.com

လျော့ပါးလာပြီး တိုင်းတစ်ပါးသား လူမျိုးခြားများက အခွင့်အရေးများယူကာ စစ်ပွဲများ အလီလီဆင်နွှဲပြီး မြန်မာနိုင်ငံကို သိမ်းယူသွားပါလိမ့်မယ် ဘုရား။ အဲတာကြောင့် အရှင့်လက်ထက်တော်ကတည်းက အချို့ကိစ္စများကို ကြိုတင်စီမံခဲ့ပါက ပိုသင့်လျော်ပါလိမ့်မယ် ဘုရား"

ရဲမြတ်မှာ ပြောလည်းပြော၊ ဘေးမှထိုင်နေသော တိုင်းတစ်ပါးသားအမတ်များဆီသို့လည်း မဝံ့မရဲ လှမ်းကြည့်နေလေသည်။

"မောင်မင်းပြောတဲ့စကားတွေကို ငါတို့က ဘာအတွက်ယုံပေးရမှာလဲ"

ဘုရင်၏နံဘေးရှိ ပလ္လင်အသေးတစ်ခုထက်မှ ထိုင်နေသော မင်းသားတစ်ပါးမှ မယုံဟန်ဖြင့် လှမ်းမေးလေသည်။

"ကျွန်တော်မျိုးက ကျွန်တော်မျိုး လေ့လာခဲ့ရတဲ့ဟာကို ပြန်ပြောတာပါဘုရား။ ဒီအတွက် အချိန်က စကားပြောသွားပါလိမ့်မယ် အရှင်မင်းသားခင်ဗျား"

"သယ်...ဒီကောင် တယ်ရိုင်းသပ"

"မောင်ရွှေ... နေဦး... ယုံ မယုံဆိုတာထက် ငါကိုယ်တော် သူ့စကားတွေဆက်ကြားချင်သေးတယ်။ ကဲ မောင်မင်း ဆက်ပြော" ထိုအခါမှ မောင်ရွှေ ဟူသောမင်းသားလည်း ငြိမ်သွားလေသည်။

"မှန်ပါ အရှင့်ရဲ့ကုန်းဘောင်မင်းဆက်ဟာ တဘောင်တွေအရ ၁၂ ဆက်တည်တံ့မည်ဟု ဟောခဲ့ကြပေမဲ့ ကျွန်တော်မျိုးတို့ ပြန်သိရသည့် စာရင်းများအရ ၁၁ ဆက်ပဲ ရှိပါတယ်ဘုရား"

မင်းတရားကြီး၏ မျက်လုံးများသည် ရုတ်ချည်းဆိုသလို ပညာရှိအမတ်များထိုင်ရာသို့ ဦးတည်လိုက်လေသည်။

အမတ်များမှာတော့ ရဲမြတ်ထံသို့သာ အာရုံစိုက်လျက်...

ရဲမြတ်လည်း အခြေအနေကို ပါးနပ်စွာ...

"ဒါပေမဲ့...ဘုရား...စာရင်းအရ ၁၁ ဆက်ရှိသော်လည်း ကျွန်တော်မျိုးလေးလေးနက်နက် လေ့လာခဲ့ကြည့်ဖူးသလောက် ၁၂ ဆက်ရှိပါတယ်ဘုရား။ ဒါပေမဲ့ အဲတစ်ဆက်ဟာ မထင်မရှားဖြစ်ကာ တစ်မနက်ပဲ မင်းစံလိုက်ရပါတယ်။ အဲ့တာကလည်း ယတြာတွေအရ လက်ရှိ ဘုရင်ဖြစ်နေသူရဲ့ မိဖုရားကြီးက တိတ်တဆိတ်စီမံဆောင်ရွက်လိုက်ခြင်း ဖြစ်ပါတယ်ဘုရား"

ရဲမြတ်မှာ ထိုနောက်မှအရာများကို ဆက်မပြောဘဲ တစ်စုံတစ်ရာကို တွေးနေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသူအား ဆုံးရှုံးခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမှာ ကိုလိုနီလက်အောက်သို့ လွယ်လွယ်ကျရောက်ခဲ့သည်ကိုတော့ ဆက်မပြောခဲ့ပေ။

[မှတ်ချက်။ ။ အိမ်ရှေ့ကိုယ်တော်ကြီး ကနောင်မင်းသားအား ရည်ရွယ်ခြင်းဖြစ်သည်။ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီးမှာ မင်းတုန်းမင်း၏ဇာတာနှင့် မင်းဆက်များ၏ ဇာတာကိုတွက်ချက်ပြီး မင်းဖြစ်သူ မည်သူမဆိုသည် ထိုနေ့တွင် သေမည်ဟု တွက်ချက်ရသဖြင့် ထိုနေ့ နံနက်အရုဏ်တက်ချိန်တွင် ကနောင်မင်းသားအား နန်းတင်ခဲ့ပြီး ထိုနေ့ နေ့လယ်ခင်းတွင်ပဲ ကနောင်မင်းသားမှာ နတ်ရွာစံခဲ့သည်ဟု ဆိုသည်။ (အတိအကျ မှတ်တမ်းတင်ထားခြင်းမရှိသော ပါးစပ်ရာဇဝင်သာ)"

"အိမ်း...မောင်မင်း ပြောပုံအရဆို နောင်လာမယ့် ငါ့မျိုးဆက်တွေရဲ့ နန်းတွင်းအရေးက တော်တော်ရှုပ်ထွေးမယ့်ပုံပဲ"

"မှန်ပါ့ဘုရား... အရှင်တို့လို မညီညွတ်ကြောင်းတော့ မှန်ပါတယ်ဘုရား။ အချင်းချင်း လုပ်ကြံကြပြီး အာဏာလုကြတာတွေ အလွန်များပါတယ်ဘုရား။ တူက ဦးလေးကို လုပ်ကြံ။ ညီက အစ်ကိုကိုဖမ်းတာ လုပ်ကြံတာတွေ အလွန့်ကိုများလွန်းပါတယ်ဘုရား။ မင်းတစ်ပါးဟာ သားတော်များစွာ မွေးခဲ့တဲ့အတွက်ကြောင့် မင်းသားတွေအချင်းချင်း မတည့်ကြ၊ ဦးရီးတော်တွေကိုလည်း လုပ်ကြံကြနဲ့ အတော်လေးကို သွေးစွန်းခဲ့ရပါတယ်။ အဲတာတွေကြောင့် မြန်မာနိုင်ငံဟာ အလွန် လွယ်ကူစွာနဲ့ပဲ တိုင်းတစ်ပါးသားအောက် ရောက်ခဲ့ရပါတယ်ဘုရား..."

"တော်ပြီ မောင်မင်း တော်ပြီ။ မင်္ဂလာရှိတဲ့အချိန်မှာ ဒီလို စိတ်မချမ်းမြေ့စရာအကြောင်းတွေ ငါကိုယ်တော် မကြားချင်ဘူး။ သို့ပေမဲ့လို့ ငါတို့နိုင်ငံတော်ဟာ ဘုန်းတန်ခိုး ဘယ်လောက်ထိကြီးမှာလဲဆိုတာ သိချင်တယ်"

အလောင်းမင်းတရားမှာ လက်ကာပြကာ စိတ်မချမ်းမြေ့သော အသံဖြင့် ပြောလေသည်။

ရဲမြတ်အားလည်း အရင်ကလောက် သံသယမရှိတော့ပေ။

"မှန်ပါဘုရား... ကျွန်တော်မျိုး လျှောက်တင်ပါ့မယ်။ ဒါပေမဲ့ တောင်းဆိုချင်တာ တစ်ခုတော့ရှိပါတယ်"

"ဘာများလဲ...ပြောစေ..."

"မှန်ပါ... ဘုရင်တစ်ပါးချင်းရဲ့ သက်တော်တွေ ဘယ်အချိန်နတ်ရွာစံမယ်ဆိုတာတွေနဲ့ အချို့ အမည်မဖော်လိုတဲ့ ကိစ္စမျိုးများတော့ မလျှောက်တင်ပါရစေနဲ့ဘုရား။ စည်းတစ်ခု စောင့်ထိန်းသလိုဖြစ်ပြီး ကျွန်တော်မျိုးအတွက်လည်း အသက်

mgyoe.com

mgyoe.com SAMPLE BOOK

အန္တရာယ်ရှိနိုင်လို့ပါဘုရား"

"အေး... ဟုတ်သားကွဲ့...အိမ်း ငါကိုယ်တော်ခွင့်ပြုတယ် မောင်မင်း။ အမြန်လျှောက်တင်ပါ"

"မှန်ပါ့. . အရှင့်လက်ထက်မှာ အရှင်ဟာ ဟံသာဝတီကို အောင်နိုင်ပါလိမ့်မယ်။ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးရဲ့ နိုင်ငံတော်အကျယ်အဝန်းနီးပါး ဖြစ်လာအောင် အရှင်က အစပျိုး ဆောင်ရွက်ပေးနိုင်ခဲ့မှာပါ။ အရှင့်လက်ထက်မှာ အပြီးတိုင် မသိမ်းနိုင်ခဲ့သော နိုင်ငံတွေကိုလည်း အရှင့်သားတော်များ လက်ထက်မှာ အုပ်စိုးနိုင်မှာပါဘုရား။ အယုဒ္ဓယမြို့တော်ကြီးမှာလည်း အရှင့်သားတော်တစ်ပါး လက်ထက်မှာ အလုံးစုံပျက်သုဉ်းရမှာပါဘုရား"

ထိုအခိုက် အလောင်းမင်းတရား၏ ဘေးမှ သားတော်မောင်လောက်နှင့် မောင်ရွာတို့မှာ ဤစကားများကြောင့် မျက်လုံးများ အရည်ရွှန်းကာ ဝင်းလက်တောက်ပ သွားသည်။

ညီလာခံအတွင်းမှ လူများကလည်း မင်းသားများအား လှမ်းမျှော်ကြည့်ကြသည်။

"ဒါပေမဲ့"

ညီလာခံတစ်ခုလုံး ငြိမ်သက်သွားကာ အပ်ကျသံပင်ကြားနိုင်လောက်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ ဆက်ပြောပါ မောင်မင်း"

တည်ငြိမ်ချိုသာသော စကားသံတစ်သံမှာ ရုတ်တရက်ထွက်ပေါ်လာသည်။ အိမ်ရှေ့စံမင်းသား မောင်လောက်မှ နောက်ထပ် ကြားလိုဟန်ဖြင့် အစဖော်ကာ မေးလိုက်ခြင်းဖြစ်သည်။

"ဒါပေမဲ့ အရှင့်ရဲ့သားတော်များထဲမှာမှ ဘုရင်ဖြစ်မယ့်သူဟာ သုံးပါးပဲ ရှိပါတယ်ဘုရား"

ငြိမ်သက်နေသောပင်လယ်ပြင်ကြီးတွင် လေပြင်းမုန်တိုင်းများ ရုတ်ချည်း ဝင်ရောက်လာသကဲ့သို့ ညီလာခံတွင်း၌လည်း အာမေဋိတ်သံများ တီးတိုးပြောဆိုသံများ ဝင်ရောက်လာပြီး တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေဟန် ရှိသည်။

အလောင်းမင်းတရားကြီးလည်း လှုပ်ခတ်လာသော လူအုပ်ကြီးကိုကြည့်ကာ အခြေအနေရိပ်စားမိပြီး...

"ရပြီ မောင်မင်း... ဒီလောက်သိရရင်ရပြီ။ ငါ့ရဲ့ဘုန်းတန်ခိုး ငါ့သားမြေးမြစ် မျိုးဆက်တွေရဲ့ တန်ခိုးအာဏာကြီးထွားမှာကို သိရရုံနဲ့တင် ငါကျေနပ်တော်မူပြီ...

mgyoe.com

mgyoe.com
SAMPLE BOOK

မောင်မင်းလည်း ဒီဇေတုဝတီတပ်တော်မှာ ဆက်နေပါ။ ငါကိုယ်တော် သိချင်တာတွေ ရှိရင် လှမ်းခေါ် တော်မူလိုက်မယ်... ကဲ ညီလာခံ ဒီမှာစဲပြီ" ဟုဆိုကာ ရှေ့မှထွက်သွား လေသည်။

ဘုရင် ထွက်ခွာသွားပြီး နောက်မှ ရာထူးအလိုက် အိမ်ရှေ့စံမင်းသား မောင်လောက်က ထွက်ခွာလေသည်။

မင်းသားမောင်ရွှ ထွက်သွားခါနီးတွင်တော့ ရဲမြတ်အား အဓိပ္ပာယ်ပါသော မျက်လုံးနှင့် ကြည့်သွားသည်ကို ရဲမြတ်တစ်ယောက် ခံစားလိုက်မိသည်။

❑

တပို့တွဲလပြည့်ည။

ကောင်းကင်ယံထက် ကြယ်များခြံရံကာ ကျက်သရေအဖြာဖြာ တင့်တယ် နေသည့် လဝန်းကြီး။

နက္ခတ်တာရာများ ဂြိုဟ်စီးများနှင့် ရှိနေသော လပြည့်ည။

ရာသီပန်းများဖြစ်သည့် လက်ပံပန်း၊ ပေါက်ပန်းတို့၏ရနံ့များမှာ တောအုပ် အရပ်ဆီမှ ဇေတုဝတီမြို့တပ်အတွင်းသို့ပင် သင်းပျံ့နေသည်။

လ၏အလင်းရောင်သည် ရေကန်ပြင်၌ ထင်ဟပ်နေပြီး အနီးရှိ လူနှစ် ယောက်မှာလည်း ထိုအလင်းရောင်ကိုအားပြုကာ ခိုးကြောင်ခိုးဝှက်နှင့် တီးတိုးစကား ပြောနေကြသည်။

"မောင်မောင့်ကိုလည်း ဟောဒီက ကျမက သိပ်ချစ်ပါသတဲ့ရှင်... ကဲ... ရပြီလား...တကတဲ လူကို ဒါပဲမေးနေတယ်။ ဟွန့်..." မိန်းကလေးပီပီ ချွဲနွဲ့ကာ နှုတ်ခမ်းစူလိုက်သည်။

"ဟီး မောင်မောင်ကလည်း အဲ့တာလေးကို ကြားချင်လွန်းလို့ပါ. . ကြည့် ပါဦး နှုတ်ခမ်းလေးစူထားတော့ စံထိပ်ထားလေးရဲ့ ပါးလေးမို့တက်လာပြီ... ဟော...ဟော...ကြည့် ပါးမို့မို့လေးက နီလာပြန်ပြီ အဟိ...လာထား. . အာဘွား... ရွှတ်"

"ဟာကွာ ကိုရဲမြတ် ရှင်နော်... မဆိုးနဲ့ကွာ"

"ဟီး...ချစ်လို့စတာပါ ကိုယ့်ကိန္နရီမလေးရယ် နော်"

"ဟွန်း...ဒါနဲ့လေ မောင်မောင် တပ်ထဲမှာနေရတာ အဆင်ပြေရဲ့လားဟင်"

"အင်းပြေပါတယ်...မောင်မောင်လည်း အားလုံးနဲ့ အဆင်ပြေအောင်နေ တော့ အကုန်လုံးနဲ့ ခင်နေပါပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

"တော်သေးတာပေါ့…သူတို့တပ်က စစ်ဦးဘီလူးတပ်ဆိုတော့ ကြမ်းတမ်းတော့ မောင်မောင် နေရခက်မှာ စိုးလို့ပါ"

"အမယ်… စိတ်ပူတယ်ပေါ့ဟုတ်လား… ဒီက စံထိပ်ထားလေက…လာဦး နောက်ထပ်…အာာ…"

ရဲမြတ်မှာ နောက်ထပ် အနမ်းတစ်ပွင့်ကြွေနိုင်ရန် မယ်စံအနီးသို့ ချဉ်းကပ်လာလေ၏။

"ဟာကွာ… တော်ပြီ… လူကိုတွေ့ရင် ဒါပဲနော်… စံစံက သူ့ကိုပြောစရာရှိလို့ကို…"

"ပြောပါကွယ့်၊ စံထိပ်ထားလေးရယ်"

"အင်း ခုဆို မောင်မောင်နဲ့ စံစံနဲ့ ချစ်သူဖြစ်တာလည်း တစ်လပြည့်တော့မယ်။ ဒါပေမဲ့ တကယ်လို့သာ မယ်မယ်ဘုရားတို့သာ သိသွားရင် မောင်မောင်နဲ့ စံစံ့ကို ခွဲကြမှာ အဲတာစိတ်ပူတယ် မောင်မောင်ရယ်"

"အင်းပေါ့…မယ်မင်းတို့က…နန်းတွင်းအပျိုတော်တွေဆိုတော့ မောင်မောင်တို့လို သာမန်…"

"အို… တော်ပါရှင်…အဲလိုသာပြောနေကြေးဆို ခုချိန် စံစံအတင့်ရဲပြီး မောင်မောင်ခေါ် တဲ့နေရာကို လာပါ့မလားလို့…"

"အင်းပါ…ဟုတ်ပါပြီ။ အဲ့တာကြောင့်လည်း ချစ်နေရတာ… အခုတော့ အဲ့ စိတ်ညစ်စရာတွေ မတွေးနဲ့ဦးနော်…မွှမွှ"

"ဟာ မောင်မောင်ကလည်း…ကွာ…"

အနီးရှိလက်ပံပင်များအပေါ် မှ လက်ပံရွက်များမှာ အောက်သို့ တဖြည်းဖြည်း သက်ဆင်းလျက်…။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၅)

လွန်ခဲ့သော တစ်လကျော်။

ပြာသိုလပြည့်နေ့မတိုင်ခင် ဆယ်ရက်အလို။

အလောင်းမင်းတရားမှာ ဟံသာဝတီမှ သမီးကညာကို လက်ခံရရှိပြီး နောက် မြို့တပ်အတွင်း၌ ပွဲတော်များကို ခုနစ်ရက် ခုနစ်လီ ကျင်းပစေသည်။

တပ်သားများမှာလည်း စစ်နားရသည့်အပြင် စစ်ပါအောင်သဖြင့် အပျော်ကြီးပျော်ပါးကာ ပွဲတော်ကို ဆင်နွှဲနေကြသည်။ ထို့အပြင် စစ်တွင်းကာလ ယမကာ သောက်သုံးခွင့် မရသဖြင့် မူးရူးခြင်းမရှိဘဲ အေးချမ်းစွာ ပျော်ရွှင်နေကြသည်။

ရဲမြတ်သည်လည်း တပ်သားများနှင့် ပျော်ပါး သီချင်းဆိုပြီးနောက် ပွဲတော်ကို လျှောက်ပတ် ကြည့်ရှုနေလေသည်။ အတန်ငယ်လှည့်လည်ပြီး ပြန်ဖို့ပြင်ခိုက်...

"ဟင်... မယ်စံ"

မယ်စံမှာ အခြား အပျိုတော်များနှင့်အတူ စားစရာမုန့်များ လုပ်နေပြီး စစ်သည်များအား ဝေနေသည့်အခိုက် ရှေ့၌ရပ်နေသော ရဲမြတ်အား အမှတ်မထင် တွေ့သောအခါမှ ကလေးငယ်ပမာ ရှက်ရွံ့သွားလေတော့သည်။

"ရော့... အစ်ကို... စစ်သည်တွေကို ဝေပေးနေတာပါ။ အစ်ကိုလည်း တစ်ခုယူပါ"

မယ်စံမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် မုန့်ကိုကိုင်ကာ လက်ကမ်းပေးလေသည်။

mgyoe.com

mgyoe.com

"ဩော်... ဟုတ်ကဲ့... ကျေးဇူးပါနော်... ဒါ နှမကိုယ်တိုင် လုပ်ထားတာလား... တစ်ခါတည်း မြည်းကြည့်လိုက်မယ်နော်"

ရဲမြတ်မှာ ပြောလည်းပြော လက်ကိုလည်းဆန့်ကာ လှမ်းယူလိုက်လေသည်။

"ဟုတ်...နှမတို့အပျိုတော်တွေ အတူတူလုပ်ကြတာပါ"

"အား. . ကောင်းလိုက်တာဗျာ။ အပြုံးတွေထည့်ထားလို့ ဒီလောက်တောင် ချိုနေရတာများလားဗျာ"

မယ်စံမှာ ရှက်ပြုံး ပြုံးကာ ခေါင်းကို အောက်စိုက်ကာ ငုံ့နေလေသည်။

ထို့နောက် နှစ်ဦးသား အတန်ကြာ စကားပြောဆိုပြီးနောက် နှုတ်ဆက်လမ်းခွဲရင်း ပီတိများဝေဆာကာ အပြုံးကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။

များမကြာမီ ရဲမြတ်တစ်ယောက် မယ်စံအား ဖွင့်ပြောကာ မယ်စံအဖြေပြန်ပေးမည့် ပြာသိုလပြည့်နေ့ကို စောင့်နေလေသည်။

❑

ပြာသိုလပြည့်ည။

ထိုလပြည့်ညတွင် အစွမ်းကုန်လုံးဝန်းနေသော လသည် အခြားလပြည့်ညများထက်ပင် လင်းနေသည်ဟု ရဲမြတ်တစ်ယောက် ခံစားရသည်။

မယ်စံအား ဖွင့်ပြောပြီးနောက် မယ်စံမှာ လပြည့်ညတွင် အကြောင်းပြန်မည်ဟု ဆိုကာ လူရှင်းသော အဆောင်တစ်ခုနားသို့ ချိန်းဆိုခဲ့လေသည်။

ထို့ကြောင့် ရဲမြတ်တစ်ယောက် လူခြေတိတ်ချိန်ကတည်းက လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သန်းခေါင်ယံအချိန်သို့ နီးကပ်လာစဉ် သစ်ပင်များဘက်မှ ခြေသံဖွဖွလေးနင်းလာသည့် အသံကိုကြားသောအခါ ရဲမြတ်တစ်ယောက် ထ၍ကြည့်လေသည်။

အသံကြားတိုင်း မယ်စံလားဟု ထင်မှတ်ကာ ခေါင်းမျှော်မျှော်ကြည့်နေရသဖြင့်လည်း လည်ပင်းမှာ သစ်ကုလားအုတ်ကဲ့သို့ ဖြစ်နေလေသည်။

"တော်သေးတယ်နော်...တကယ်ရောက်လာသားပဲ...မလာတော့ဘူး မှတ်နေတာ..."

"အင်း..." မယ်စံမှာ ခေါင်းတစ်ချက်ညိတ်ကာ ခေါင်းပြန်ငုံ့နေလေသည်။

"အစ်ကို့ကို ဘာလို့ ဒီနေ့ ချိန်းထားတာလဲဟင်...ဟို...ဟို... အဖြေများပြန်ပေး...ပေး...မလို့လားဟင်"

ရဲမြတ်တစ်ယောက် ရင်တုန်ကာ စကားပင် ထစ်ငေါ့နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟုတ်. . . ဟိုလေ. . အစ်ကို့ကိုလည်း ညီမ. . ချ. . ချစ်ပါတယ်" ဟု ရှက်ရှက်နှင့်ဆိုကာ ပြန်ပြေးထွက်သွားလေသည်။

ရဲမြတ်တစ်ယောက် ဝမ်းအသာကြီးသာကာ ပြေးထွက်သွားသော သူမ နောက်သို့ပင် မလိုက်တော့ဘဲ ထိုနေရာ၌ပင် အောင်ပွဲခံနေလေသည်။

ထိုအချိန်တွင် အနားရှိသစ်ပင်ထက်မှ မျက်လုံးတစ်စုံအား သူ သတိမထား မိခဲ့ချေ။

❑

ဤသို့ဖြင့် ချစ်သူနှစ်ဦးမှာ တစ်ရက်ခြားတစ်ခါ ထိုနေရာ၌ပင် ချိန်းတွေ့ကြ လေသည်။

နေ့ဘက်တွင် အဆောင်များကြား လှမ်းတွေ့သော်လည်း မသိသူများကဲ့သို့ မသိချင်ယောင်ဆောင်ကြသော်လည်း ညအခါတွင် ခိုးတွေ့ကာ အလွမ်းသယ်ကြ လေသည်။

တစ်ည. . .

ရဲမြတ်မှာ မယ်စံနဲ့တွေ့ပြီး အပြန်လမ်းတွင်. .

စစ်သည်လေးငါးယောက်ဝိုင်းကာ ရဲမြတ်အား ဝိုင်း၍ဖမ်းဆီးလေသည်။

"အသားမနာချင်ရင် ငါတို့နောက် အသာတကြည်လိုက်ခဲ့ပါ"

"ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျုပ်ကို မင်းတရားကြီးကိုယ်တိုင်က လွတ်လပ်စွာ သွားလာခွင့်ပေးထားတာ ခင်ဗျားတို့ ရာဇဝတ်သင့်ချင်နေပြီလား"

ထို့နောက် ခေါင်းဆောင်ဖြစ်ဟန်တူသူမှ. .

"ဟေ့ကောင်တွေ အသာတကြည် မလိုက်ရင် နည်းနည်းကြမ်းလိုက်ကွာ... အချိန်မီမပါရင် အထက်က ငါတို့ကို ထောင်းလိမ့်မယ်..."

ခေါင်းဆောင်မှ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ရဲမက်များလည်း ရဲမြတ် ၏ အနောက်မှ တုတ်ဖြင့် ရိုက်လိုက်ရာ ရဲမြတ်တစ်ယောက် ရှောင်ချိန်ပင်မရဘဲ ကမ္ဘာကြီးအား ခေတ္တမေ့သွားလေ၏။

ထို့နောက်...

"ဟင်...ကျုပ် ဘယ်ရောက်နေတာလဲ"

"မောင်မင်း... နိုးပြီလား"

"ဟင်...မင်း...မင်းသားမောင်ရွှေ" ရဲမြတ်သည် လှဲနေရာမှ လူးလဲထကာ ပဲဆစ်တုပ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရတယ်...ရတယ် သင့်တော်သလိုသာ ခစားပါ"

"မှန်ပါ့ အရှင်မင်းသား"

"အေးကွယ် မင်းကိုတော့ အားနာပါတယ်။ မေးစရာရှိလို့ခေါ်လိုက်တာပ... အသာတကြည် မလိုက်ဘူးဆိုလို့ တုတ်နဲ့ရိုက်လိုက်တယ်ကြားတယ်... စိတ်မကောင်းပါဘူး မောင်မင်း"

"မှန်...မှန်ပါ့...အဘယ်အကြောင်းများ ရှိလို့ပါသလဲ မင်းသား"

မင်းသားမောင်ရွှမှ သိပ်မရှည်သေးသော မုတ်ဆိတ်မွေးအားသပ်ကာ...

"အိမ်း...မောင်မင်း မှတ်မိလားတော့မသိဘူး...ခမည်းတော်တို့နဲ့ ညီလာခံတုန်းက မောင်မင်းပြောခဲ့တာ"

"မှန်ပါ့ အရှင်မင်းသား... ကျွန်တော်မျိုး မှတ်ဉာဏ်မှာ ညှံ့ဖျင်း၍ တဆိတ်လောက် အစပြန်ဖော်ပေးစေချင်ပါတယ် အရှင်မင်းသား"

"အိမ်း...ရှိစေတော့...မောင်မင်းက အနာဂတ်ကလာတယ်လို့ ပြောကြတယ်။ အဲတာသာ အမှန်ဆိုရင် အနာဂတ်မှာ ငါကိုယ်တော် ဘယ်လိုဖြစ်နေမလဲဆိုတာ မောင်မင်းကို ပြောပြစေချင်တယ်။ ပြီးတော့ မောင်မင်း စကားထဲမှာ အယုဒ္ဓယကို အပြီးတိုင်သိမ်းမယ့် သားတော်ရှိတယ်လို့ ပြောတယ် အဲတာ ငါကိုယ်တော်မဟုတ်လား"

"မှန်... မှန်ပါ့အရှင်မင်းသား...အရှင့်ခမည်းတော်ဆီကနေ အဲအကြောင်းမပြောဖို့ ကတိ..."

"ငါတို့ကြားမှာ ကတိတွေထားဖို့မလိုပါဘူး... ဩော်...ပြီးတော့ မောင်မင်းကို တစ်ခု သတိပေးဦးမယ်နော်"

"နန်းတွင်းအပျိုတော်ဆိုတာ အဆိပ်သီးပဲကွဲ့... တပ်ထဲက စစ်သည်ရဲမက်မပြောနဲ့ တပ်မှူးလောက် အဆင့်တွေတောင် တော်ရုံလောက်နဲ့ မှန်းဖို့မဖြစ်နိုင်ဘူးကွဲ့...ဟား...ဟား"

ရဲမြတ်မှာ ထိတ်လန့်သွားပြီး သေုန်၏ ပြောစကားများ နားထဲပြန်ဝင်လာသည်။

"မှန်ပါ့... ကျွန်တော်မျိုး ကိုယ့်အဆင့်ကိုယ်မသိဘဲ မှားမိပါတယ်။ အရှင်မင်းသား...သတ်ရင်လည်း သေရပါမယ် အရှင်မင်းသား"

"အိမ်း...မဟုတ်သေးဘူး...ငါမင်းကို ဒီကိစ္စနဲ့ပတ်သက်ပြီး အကျပ်မကိုင်ချင်ပါဘူး။ ဒါပေမဲ့ မောင်မင်း သတိထားစေဖို့ပြောပြရုံပါ။ ခမည်းတော်နား ကြားပေါက်

mgyoe.com

mgyoe.com SAMPLE BOOK

သွားရင် မောင်မင်း ဒုက္ခရောက်လိမ့်မယ်။ ပြီးတော့ ငါကိုယ်တော် သိချင်တာကလည်း မောင်မင်းကို အကျပ်ကိုင်ပြီး ရလာတဲ့အဖြေမျိုး မလိုချင်ပါဘူး"

"မှန်ပါ့... အရှင်မင်းသား...ကျွန်တော်မျိုးလျှောက်တင်ပါ့မယ် မင်းသား"

ထိုအခါ မင်းသားမောင်ရွှမှာ အောင်နိုင်သူ စစ်သူကြီးပမာ ပြုံးနေလေတော့သည်။

"မောင်ရွှ"

အလောင်းမင်းတရား ဘုရင်မဖြစ်ခင် မောင်အောင်ဇေယျဘဝကတည်းက မွေးဖွားခဲ့သော ဒုတိယသားဖြစ်သူ ငရွှ။

ငယ်ငယ်ကတည်းက အလွန်ရဲရင့်ပြီး ရွယ်တူများထဲတွင် ဗိုလ်လုပ်တတ်သူ... ၁၆ နှစ် အရွယ်မှစ၍ စစ်ပွဲများနှင့် ရင်းနှီးခဲ့သူ။ အင်းဝကို ဟံသာဝတီစစ်သည် တစ်သိန်းကျော် ဝိုင်းဝန်းပိတ်ဆို့သည့်ကြားမှ မစွန့်ခွာဘဲ ကာကွယ်နိုင်ခဲ့သူ။

အလောင်းမင်းတရားစစ်ချီလျှင် ရှေ့ဆုံးမှဦးဆောင်၍ နေချင်သူ။ မင်းပျို မင်းလွင် ဖြစ်သည့်အလျောက် အရာရာတွင် ဦးဆောင်လုပ်ချင်သူ။

ရည်မှန်းချက်ကြီးမားပြီး ထက်ထက်မြက်မြက်ရှိသူ။

ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်း ဟူ၍ သမိုင်းတွင် နာမည်ကြီးလာမည့်သူ။

အစ်ကိုဖြစ်သူ မောင်လောက်နှင့် ကွာခြားသည်မှာ မောင်လောက်သည် စစ်တိုက်တော်သော်လည်း အလွန်စိတ်ထားနူးညံ့ပြီး ညာတာ သနားတတ်သည်။ အားနာတတ်သည်။ ဂုဏ်မာနထောင်လွှားခြင်းလည်း မရှိပေ။

သို့သော် ညီတော်ဖြစ်သူ မောင်ရွှမှာမူ အစ်ကိုနဲ့ ပြောင်းပြန်ပင်ဖြစ်သည်။ ရဲမြတ်မှာ မင်းသား မောင်ရွှအား မော်ဖူးရင်း...

"အရှင့်သား... အယုဒ္ဓယကို အောင်မြင် တိုက်ခဲ့သိမ်းပိုက်နိုင်မည့်မင်းက အရှင်မင်းသား ဖြစ်ပါတယ်ဘုရား။ အရှင်မင်းသား မင်းဖြစ်လာမယ့်အချိန်မှာ အဓိက တိုက်ပွဲကြီးနှစ်ပွဲကို အကြီးအကျယ် ဆင်နွှဲရမှာပါ။ အယုဒ္ဓယကို သိမ်းယူနေစဉ်မှာပဲ အင်အားကြီးတဲ့ တရုတ်တပ်များရဲ့ တိုက်ခိုက်ကျူးကျော်မှုတွေကို အကြိမ်ကြိမ်ကြုံတွေ့ရမှာဖြစ်ပါတယ် အရှင်မင်းသား"

"တရုတ်တွေ... ဟုတ်စ"

"မှန်ပါတယ်...သို့သော် အရှင်မင်းသားရဲ့ဘုန်းတန်ခိုး၊ စစ်သူကြီးများရဲ့ စစ်ရေးဗျူဟာ ကျွမ်းကျင်မှုတွေကြောင့် အကြိမ်ကြိမ် တိုက်ခိုက်လာမဲ့ တရုတ်တွေကို

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချိုမကျန် နှိမ်နှင်းနိုင်မှာပါ အရှင်မင်းသား”

ထိုအချိန်တွင် မောင်ရွှေ၏မျက်နှာပြင်ပေါ်၌ စိုးရိမ်ပူပန်ခြင်းကင်းပြီး တိုက်ခိုက်လိုစိတ်၊ အနိုင်ယူလိုစိတ်၊ အောင်ပွဲရလိုစိတ် ဘုန်းတန်ခိုးကြီးလိုစိတ်များကို တစ်ပြိုင်တည်း တွေ့လိုက်ရသည်။

“ကျွန်တော်မျိုး အရှင်မင်းသားနဲ့ တွေ့ဆုံရတာ အလွန်ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ အရှင်မင်းသားက ရာဇဝင်ထဲမှာ ကျွန်တော်မျိုးအနှစ်သက်ဆုံး ဘုရင်တစ်ပါးဖြစ်လို့ပါဘုရား... ဒါပေမဲ့...”

“အိမ်း...ဆက်ပြောပါဦး...မောင်မင်းဆီမှာက အမြဲတမ်း ဒါပေမဲ့တွေရှိနေတာပဲ”

“မှန်ပါ့...အရှင်မင်းသားဟာ အလွန်ဘုန်းတန်ခိုးကြီးပေမယ့် ကျွန်တော်မျိုးတို့ခေတ်မှာ အရှင့်အကြောင်းကို အသေးစိတ်ရေးထားတာမျိုး သိပ်မရှိလို့ ဝမ်းနည်းမိပါတယ် မင်းသား...”

“သြော်...ဟုတ်စ...” မောင်ရွှေ၏ မျက်လုံးအိမ်မှာ အဝေးသို့ မျှော်ကြည့်လျက်...

“ကဲလေ...ထားပါတော့...ရော့ ဒီမှာ ငါကိုယ်တော် မောင်မင်းကို ကျေးဇူးတင်တဲ့အနေနဲ့ ချီးမြင့်တာပဲ... ကဲ...ယူပါ” ဟုဆိုကာ လက်ထဲတွင်ဝတ်ထားသော မြလက်စွပ်ကို ချွတ်ပေးလေသည်။

“ကဲ... မောင်မင်း... တစ်ခုတော့ ထပ်သတိပေးလိုက်မယ်... နန်းတွင်းအပျိုတော်နဲ့ ပြဿနာ ခမည်းတော်မသိပါစေနဲ့။ သိရင် မောင်မင်း ဇက်ပြတ်လိမ့်မယ်။ ကဲ...ကဲ...ဒါပဲ သွားလို့ရပြီမောင်မင်း။ ဟော့ ရဲမက်တို့ သူ့ကို ဆေးသေချာထည့်ပေးပြီး သူ့တပ်အထိ လိုက်ပို့ပေးလိုက်ပါ” ဟုဆိုကာ အလောင်းမင်းတရား၏ နန်းဆောင်များရှိရာသို့ ထွက်သွားလေသည်။

ရဲမြတ်မှာ မြလက်စွပ်ကို စိုက်ကြည့်နေသော်လည်း အတွေးများမှာ တစ်နေရာဆီသို့ ပြန့်လွင့်လျက်...။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၆)

အချိန်များမှာ တရွေ့ရွေ့ ကူးပြောင်းလျက် ရှိသည်နှင့်အညီ အခြေအနေများ မှာလည်း တစ်နေ့တခြား ပြောင်းလဲနေသည်။

ဟံသာဝတီသည် သမီးတော် ဆက်သပြီးသော်လည်း ကုန်းဘောင်တပ်များ အား မြို့တွင်းသို့ ပေးမဝင်ဘဲ မြို့ကျုံးများကို စနစ်တကျ ပြန်လည် တည်ဆောက်နေ သည်။

လူသူ လက်နက်အင်အားများ ဖြည့်တင်းကာ ကုန်းဘောင်တပ်များအား တော်လှန်ပုန်ကန်မည့် အရိပ်အယောင်များ မြင်နေရသည်။

ထို့ကြောင့်လည်း ကုန်းဘောင်ဘက်တွင် ဓားစာခံအဖြစ် ရောက်ရှိနေသော ဟံသာဝတီအိမ်ရှေ့ဥပရာဇာနှင့် ဈေးငယ်ဗိုလ်တို့မှာ ဤအရေးများကြောင့် အနေ ခက်နေလေသည်။

ဟံသာဝတီမြို့တွင်းတွင်မူ စစ်သူကြီးတလပန်းမှ ဆင်ကောင်းမြင်းကောင်း၊ စစ်သည်ကောင်းများယူကာ ထွက်သွားပြီးနောက် မတ္တရာသားများက အုပ်စုကြီး ဖြစ်လာသည်။

မင်းသားဗညားဒလ၊ ဘုရင့်သမက်တော် စောဖြ နှင့် မတ္တရာဗိုလ်ဘယ် ကျော်တို့မှာ ဟံသာဝတီကို ကုန်းဘောင်တပ်များလက်မှ ကာကွယ်ရန် အပြင်းအထန် ပြင်ဆင်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခြေအနေကို ရိပ်စားမိသော အလောင်းမင်းတရားကြီးမှာလည်း အရံတပ်များကို ဟံသာဝတီမြို့နားတွင် ဝိုင်းထားစေသည်။

မကြာမီ ဟံသာဝတီဘက်မှ တပ်များထွက်ကာ ဟံသာဝတီမြို့ပြင်နီး တပ်စွဲထားသော စလင်္ကာသူဗိုလ်၏တပ်ကို အလစ်ဝင်ရောက် တိုက်ခိုက်လိုက်ခြင်းဖြင့် စစ်ကြေညာလိုက်သည်။

သို့သော် လက်ျာဘီလူး၏တပ်များ ရောက်ရှိလာကာ ဟံသာဝတီတပ်များအား ပြန်လည်တိုက်ထုတ်သဖြင့် ဟံသာဝတီသားများမှာ မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြသည်။

ထို့နောက် လက်ျာဘီလူး၏တပ်မှာ ဟံသာဝတီမြို့ပြင်တဝိုက်အား ဆူးတပ်များ၊ မြင်းတားရက်မများလုပ်ရန် တာဝန်ပေးခြင်း ခံထားရလေသည်။

ထို့ကြောင့် ရဲမြတ်လည်း လက်ျာဘီလူးတပ်သို့လိုက်ပါကာ တပ်သားများနှင့်အတူ တာဝန်ထမ်းဆောင်နေလေသည်။

ထိုတလောအတွင်းတွင်မူ ချစ်သူနှစ်ဦးဖြစ်သူ ရဲမြတ်နှင့် မယ်စံတို့မှာ တွေ့ခွင့်မရခဲ့ကြပေ။

❑

လက်ျာဘီလူး၏တပ်များမှာ ဆူးတပ်များ၊ မြင်းတားရက်မများ လုပ်ရန်သာဖြစ်သဖြင့် မကြာခင် ဇေတုဝတီမြို့တွင်းသို့ ပြန်လာကြလေသည်။

ထိုအချိန်မှသာ ချစ်သူနှစ်ဦးမှ ယခင်လို ပြန်လည်ဆုံစည်းကာ ပျော်ပါးလာနိုင်ကြသည်။

ဇေတုဝတီမြို့တပ်မှာလည်း အနီးအနားရှိရွာများမှ လူများအားခေါ်ကာ အိမ်များဆောက်လုပ်ကြ၍ မြို့တပ်မှာ ယခင်ကထက် ကျယ်ပြန့်လာခဲ့သည်။

ထို့ကြောင့်လည်း ရဲမြတ်တို့မှာ ယခင်ကထက် ပို၍ လွတ်လပ်စွာ တွေ့လာနိုင်ကြသည်။

သို့သော် မကြာမီကာလတွင် ဟံသာဝတီဘက်မှ ထိုးစစ်များ မကြာခဏ ဆင်နွှဲလာသဖြင့် စစ်သည်များမှာ အနားမနေရတော့ဘဲ ပြည်သူများမှာလည်း စိုးရိမ်ပူပန်လာကြသည်။

ထိုသို့သော ထိုးစစ်များနှင့်အတူ မထင်မှတ်ထားသော ဒုက္ခအိုးတစ်လုံးမှာ ရဲမြတ်တို့ ချစ်သူနှစ်ဦးထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

ထို့နောက် တစ်လကျော်အကြာ။

ကဆုန်လဆန်း ၁၁ ရက်နေ့။

ဟံသာဝတီမှာ တဖြည်းဖြည်း အင်အားနည်းပါးလာသည့်အပြင် စစ်သည်များမှာလည်း စိတ်ဓာတ်များ ကျဆင်းလာကြပြီဖြစ်သည်။

အလောင်းမင်းတရားမှာလည်း ဟံသာဝတီကို အပြီးတိုင် သိမ်းပိုက်ရန် အကြံအစည်များ ချမှတ်ပြီး ဖြစ်သည်။

ထိုအချိန် နန်းတွင်းအပျိုတော်ဆောင်များဘက်တွင်မူ ပြဿနာမီးတစ်ခုမှာ စတင် လောင်ကျွမ်းနေလေသည်။

"မယ်စံ… ညည်း မှန်မှန်ပြော… ညည်းဘယ်သူနဲ့ ဖြစ်ခဲ့တာလဲ"

"စံစံ မသိဘူး… စံစံ ရိုးရိုးပဲ အစာမကြေလို့ဖြစ်တာပါ"

"ညည်း မလိမ်နဲ့ မယ်စံ… ငါတို့လည်း ငယ်ရာက ကြီးလာတာပ… နင်အန်နေတာကို မယ်ခက်ရော မယ်ဖြူတို့ကော ခဏခဏ တွေ့တယ်တဲ့"

မယ်စံမှာ ဆက်မပြောဘဲ တရှုံ့ရှုံ့ငိုနေသည်။

"ဒီကိစ္စကို ငါတို့ မယ်မယ်ဘုရားသိအောင်တော့ ပြောမှရမယ်… နို့မို့ဆို ငါတို့တွေပါ ပြဿနာရိုက်ခတ်လာမှာ။ ငါလည်း ညည်းကိုတော့ သနားပါရဲ့အေ… သို့ပေမယ့်လို့ ပြဿနာက အစောတည်းက ရှင်းထားမှ နင်လည်း သက်သာမှာမို့ပါ"

❑

မိဖုရားဆောင်။

ယာယီနန်းဆောင်ဟုဆိုသော်လည်း ပန်းရနံ့များသင်းပျံ့ကာ အလှအပများ၊ အပြင်အဆင်များ စီမံထားသောကြောင့် အလွန်တင့်တယ်လှပနေသည်။

နန်းဆောင်အလယ်တွင်မူ ခံ့ခံ့ထည်ထည်နဲ့ လွန်စွာကျက်သရေရှိလှသော မိဖုရားခေါင်ကြီးဖြစ်သူ။

စန္ဒာဒေဝီ ခင်ယွန်းစံ။

မိဖုရားခေါင်ကြီး၏ ဘေးတစ်ဖက်စီတွင်မူ ပန်းနှင့်ချည်များ ထိုးနေကြသော အပျိုတော်များ။

"မယ်စံ… မယ်မင်း အမှန်တိုင်းပြောပါ… ဒီကိစ္စက ရာဇဝတ်မှုမြောက်တယ်ဆိုတာ မယ်မင်း သိတယ်မလား"

"မှန်… မှန်ပါ့ သိပါတယ် မယ်မယ်ဘုရား"

မယ်စံ၏အသံမှာ တုန်ရီနေပြီး ရှိုက်သံများစွက်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မယ်မင်း ဘယ်သူနဲ့ မှားခဲ့သလဲ... မယ်မင်းဟာ ကိုယ့်အဖ မျက်နှာမှ မထောက် ဒီလိုမျိုးကိစ္စဖြစ်စေတာ အတော့်ကိုရှက်စရာပဲ၊ မယ်မင်း... မယ်မင်းမှာ စဉ်းစားဆင်ခြင်တဲ့ဉာဏ်လည်း ရှိရဲ့သားနဲ့"

"ကျွန်တော်မျိုးမ မှားပါတယ် မယ်မယ်ဘုရား... ကျွန်တော်မျိုးမ အပြစ်ကို ခံယူပါ့မယ်... ဒါပေမယ့် သူ့ကိုတော့... "

"တော်တန်... မယ်မင်းဟာ ငါရဲ့ချစ်ခင်ကြင်နာမှုကို ရတယ်ဆိုပြီး... ဒီလို မျိုးလုပ်တာဟာ ငါ့ကိုစော်ကားသလိုပဲ... ဒါပေမယ့် မယ်မင်းရဲ့အဖမျက်နှာလည်း ထောက်... မယ်မင်းအပေါ် သံယောဇဉ်ရှိတာကို ထောက်ပြီး မယ်မင်းကိုတော့ မောင်တော်ဘုရားကိုပြောပြီး မယ်မယ် အစွမ်းကုန်ကာကွယ်မှာပါ... ဒါပေမဲ့ မယ်မင်း သူ ဘယ်သူလဲဆိုတာတော့ ပြောရလိမ့်မယ်... "

မယ်စံမှာ ရှိုက်ကြီးတငင်သာ ငိုကြွေးနေလေတော့သည်။

❑

ထို့နောက်...

နေ့လယ်ခင်းတစ်ခုတွင်မူ လက်ျာဘီလူး၏တပ်ဆီသို့ ဘုရင့်ရဲမက်တော် ဆယ်ဦးခန့် ဝင်ရောက်လာကြသည်။

"ဟော့... ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါ... တပ်မင်း... မင်းတရားကြီးဆီက... ရဲမြတ်ကို ဖမ်းဆီးဖို့ အမိန့် ပါလာပါတယ်"

"ဟေ... ဘာကိစ္စများနဲ့ကြောင့် ဖမ်းခိုင်းရတာလဲ"

"ဒါတော့ ကျွန်တော်မျိုးတို့ မသိကြောင်းပါဘုရား"

ထိုအချိန် ရဲမြတ်မှာ ငသုန်တို့ထံမှ ဟံသာဝတီမြို့ကြီး၏ ကြွယ်ဝချမ်းသာ ခဲ့ပုံများအကြောင်း နားထောင်နေစဉ်ဖြစ်သည်။

"ရဲမြတ် မောင်မင်း... ဘာတွေ ရှုပ်ထားသလဲ... ခုမောင်မင်းကို ဘုရင့်ရဲမက် တွေ အမိန့်နဲ့ လာဖမ်းနေပြီ... အခုက စစ်မက်ဖြစ်ပွားနေတဲ့အချိန်ဆိုတော့ ငါတို့ တပ်တွေ ဖရိုဖရဲဖြစ်လို့မရဘူး။ မောင်မင်း အသာတကြည် လိုက်သွားလိုက်ပါ"

ရဲမြတ်မှာ ရုတ်တရက် ကြောင်အမ်းသွားသော်လည်း မျက်လုံးထဲတွင် ထိုညတစ်ညကို သတိရလိုက်သည်။

တပို့တွဲလပြည့်ည။

လရောင်၏အောက်ဘက် ရေကန်ကြီး၏နံဘေးတွင် တူနှစ်ကိုယ်ယှဉ်တွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ကာ ချစ်ကြည်နူးခဲ့သော သူတို့နှစ်ဦး။

နားထဲတွင် မင်းသားမောင်ရွှေ၏ သတိပေးစကားများ ပြန်ဝင်လာလျက်။

❑

"မောင်မင်းဟာ... လွတ်လပ်စွာ သွားလာခွင့်ပေးထားတာကို အခွင့်ကောင်း ယူပြီး ဒီလို လုပ်ရဲတယ်ပေါ့လေ... ဟုတ်လား"

အလောင်းမင်းတရား၏ အသံမှာ ဒေါသဟန် အနည်းငယ်စွက်နေသည်။

ဟံသာဝတီမှ အညံ့မခံသည့်အပြင် ထိုးစစ်များဖြင့် ဆက်လက်ဆင်နွဲနေ သဖြင့် အလောင်းမင်းတရားမှာ စိတ်အလွန်မျက်တော်မူနေသည်။

ထိုအချိန်တွင် ရဲမြတ်မှာ ဒေါသများ ပုံချခံရာအဖြစ်သို့....

"မောင်မင်းဟာ ငါကိုယ်တော်အကျိုးအတွက် ဆောင်ရွက်ပေးခဲ့ဖူးတယ်... ဒါ့ကြောင့်... ငါကိုယ်တော်ဟာလည်း မောင်မင်းကို အကျိုးခံစားခွင့်ပေးခဲ့တယ်... အေး...ဒါပေမဲ့ ငါကိုယ်တော်ဟာ သာသနာကို စောင့်ရှောက်မယ့် မင်းကောင်း မင်းမြတ်ပီပီ ရှေးထုံးများ၊ အစဉ်အလာများ၊ ဥပဒေများကို လိုက်နာရမယ့် တာဝန်ရှိ ပေတယ်။ ဗိုလ်တွန်တို့လို ငါကိုယ်တော်ရဲ့ ဗိုလ်ချုပ်ကြီးများတောင် အပြစ်လုပ်မိရင် ခံရတယ်၊ တာဝန်ပြန်ယူရတယ်...မောင်မင်းဟာ မင်းမျိုးမင်းနွယ်မဟုတ်ပါလင့်... နန်းတွင်းအပျိုတော်များကို သာမန် ထိတွေ့ရုံမျှမကဘဲ ကျူးကျူးလွန်လွန် လုပ်ခဲ့ တဲ့အတွက်ကြောင့် ငါကိုယ်တော် ခွင့်လွှတ်ပေးလို့မဖြစ်နိုင်ဘူး...ကဲ...ဒါကြောင့်... နားခံတော်များ...အမိန့်တော်ချမှတ်မယ်"

"ငရဲမြတ်ဟာ နန်းတွင်းထုံးတမ်းဥပဒေများကို ကျူးလွန်တဲ့အတွက် သူ့ ပြစ်ဒဏ်ဟာ သေဒဏ်ပဲရှိတယ်"

အလောင်းမင်းတရားကြီးမှာ အမိန့်တော်ချမှတ်ပြီးသည်နှင့် ညီလာခံပြင်ပ သို့ ထွက်သွားလေသည်။

ရဲမြတ်မှာ မထင်မှတ်ထားသည်နှင့် ကြုံတွေ့လိုက်ရသဖြင့် တုန်လှုပ်သွား ကာ မင်းသားမောင်ရွှေအား မျှော်လင့်ချက်မျက်လုံးဖြင့် လှမ်းမျှော်ကြည့်လိုက်သည်။ ထို့နောက် ရဲမက်များမှာ ရဲမြတ်အားဆွဲခေါ်ကာ သံခြေကျင်းများခတ်၍ သံ့ပန်းများ ရှိရာ အကျဉ်းထောင်ဆီသို့ ခေါ်ဆောင်သွားလေတော့သည်။

❑

တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခု။

စည်တီး ဇေတုဝတီတပ်မြို့မှာ ယာယီတည်ဆောက်သော ခံတပ်သဘောသာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်၍ အကျဉ်းထောင်မှာလည်း ကျဉ်းမြောင်းသည့်အပြင် နံ့ချာစုတ်ပြတ်နေလေသည်။ အကျဉ်းထောင်၏ သီးသန့်အခန်းများမှာလည်း နံစော်၍ ညစ်ပတ်လှသဖြင့် ကြွက်များမှာ ဟိုဟိုဒီဒီ ပြေးလွှားနေကြသည်။

ထိုအကျဉ်းထောင်၏ သီးသန့်အခန်းကျဉ်းတစ်ခန်းထဲတွင်မူ...

"ကဲ မောင်မင်း...စိတ်ခတ်ကျနေပြီလား... ငါကိုယ်တော် မပြောခဲ့လေသလား...ဒါမျိုးက ရာဇဝတ်မှုမြောက်တယ်ဆိုတာ၊ ငါကိုယ်တော်လည်း ဘယ်လိုမှ မတတ်နိုင်တာ စိတ်မကောင်းပါဘူး... ကဲ ထားပါတော့လေ... မောင်မင်းဟာ ငါကိုယ်တော်ရဲ့ စိတ်ဆန္ဒကို တစ်ခါဖြည့်ဆည်းပေးခဲ့ဖူးတဲ့အတွက်ကြောင့် မောင်မင်းအတွက် ငါကိုယ်တော်တတ်နိုင်တာ တစ်ခုပြန်လုပ်ပေးပါမယ်... လိုချင်တာပြောပါ"

စကားဝိုင်းမှာ ခေတ္တမျှငြိမ်သက်သွားသည်။ အတန်ငယ်ကြာသော်...

"ကျွန်တော်မျိုး အခုချိန် သိချင်တာတစ်ခုရှိပါတယ်... မယ်... မယ်စံကိုကောမင်းတရားကြီးက ဘယ်လိုအပြစ်ဒဏ် ချမှတ်လိုက်သလဲဟင် မင်းသား"

"သူ့အတွက် စိတ်မပူပါနဲ့...မယ်မယ်က သူ့ကိုကာကွယ်ပြီး အသက်တောင်းထားပါတယ်...မယ်မယ် တောင်းရင်ဖြစ်ပါတယ်။ ခမည်းတော်ကိုက ငယ်နိုင်ဆိုတော့...ဟား...ဟား"

"တော်ပါသေးရဲ့..." ရဲမြတ်မှာ အတန်ငယ် စိတ်ချသွားသည်။

ထို့နောက် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ...

"အရှင်မင်းသား...ကျွန်တော်မျိုး တောင်းဆိုချင်တာတစ်ခုက ကျွန်တော်မျိုး မသေခင် သူနဲ့ တစ်ခါလောက် တွေ့ခွင့်ရနိုင်မလားဆိုတာပါ အရှင်မင်းသား"

မင်းသားမောင်ရွှေမှာ ခေတ္တ ငြိမ်သက်ကာ စဉ်းစားနေဟန်ရှိသည်။

"အိမ်း...အချစ်တွေ တယ်ကြီးပါလား မောင်မင်းရယ်...အခုလို သေကွဲကွဲရမှာ မြင်တော့ စိတ်မကောင်းဘူး...ငါကိုယ်တော် ကိုယ်ချင်းစာပါတယ်... ဒါပေမဲ့ မင်း သူနဲ့တွေ့မယ်ဆိုရင်တော့ အနားကပ်ပြီး တွေ့ဖို့တော့ မဖြစ်နိုင်ဘူး။ ခပ်လှမ်းလှမ်းက တွေ့နိုင်အောင်လောက်တော့ ငါကိုယ်တော် စီစဉ်ပေးလို့ ရပါတယ်... မောင်မင်း..."

"ကျေ... ကျေးဇူးကြီးမားလှပါတယ် အရှင်မင်းသား"

ဟုဆိုကာ မင်းသားအား ကန်တော့လေတော့သည်။

"ကဲပါ... အချိန်သိပ်မရဘူး ငါကိုယ်တော် ပြန်ရတော့မယ်...မနက်မှ လူတစ်ယောက်ကို လွှတ်လိုက်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

မင်းသား ထွက်သွားသည်ကို ကြည့်ရင်းဖြင့် ရဲမြတ်တစ်ယောက် စိတ်ပူပင်မှု အပိုင်းအစများကို ရင်ဝယ်ပိုက်ကာ ကျန်ခဲ့လေတော့သည်။

❑

"ကဲ... နောင်ကြီး ဟောဟိုမှာပဲ... အချိန်တော့ အကြာကြီးမရဘူး... မြန်မြန်လုပ်ပါ"

မျက်စိရှေ့ မလှမ်းမကမ်းရှိ နန်းဆောင်တစ်ခု၏နားတွင် အထိန်းတော် တစ်ယောက်နှင့် အတူရပ်ကာ သူ့အား အစ်မှိုနေသော မျက်လုံးများနှင့် စိုက်ကြည့် နေသည့် မယ်စံ။

မျက်လုံးမှာ ဝမ်းနည်းပူဆွေးနေမှုကို မဖုံးကွယ်ထားနိုင်...

တစ်ညလုံး ငိုကြွေးထားခဲ့သဖြင့် မျက်အိမ်နှစ်ခုမှာ ဖောင်းအစ်နေသည်။

"မယ်စံ..."သူ့နှုတ်မှ တိုးတိုးကလေး ရေရွတ်နေသည်။

တစ်ဦးနှင့်တစ်ဦး နှုတ်မှမဆိုဘဲ မျက်ဝန်းများဖြင့်သာ အချင်းချင်း ဆက် သွယ်နေကြသည်။

နှစ်ဦးသားမှာ ခြေလှမ်း ၂၀ စာမျှသာ ဝေးကွာသော်လည်း ကြားတွင် မြစ်ကြီးတစ်ခုခံနေသော တောင်တစ်လုံးစီပေါ်တွင် ရပ်နေသူများကဲ့သို့ပင်။

"စံစံအတွက်ဆို မောင်မောင်က ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကို လည်း ဖြတ်လာရဲတယ်"

အတိတ်က ပြောခဲ့ဖူးသော ထိုစကားကို နားထဲပြန်ကြားယောင်နေမိသည်။

"စံစံရေ... ကိုယ် ဒီတောင်ကို ကျော်မလာနိုင်တော့ဘူးကွာ"

တစ်ဖက်တွင်ရပ်နေသော မယ်စံမှာလည်း ရဲမြတ်၏စကားများကို ကြားနေ သည့်အလားပင်။

၅ မိနစ်ခန့်ကြာသော်။

"နောင်ကြီး...စိတ်မကောင်းပါဘူး...အချိန်တန်ပြီမို့ သွားရပါတော့မယ်"

ရဲမြတ်မှာ သွားရတော့မည်ဖြစ်သဖြင့် ချစ်ရသူအား နောက်ဆုံးအကြည့်ဖြင့် နှုတ်ဆက်ခဲ့လေသည်။

"ကိုယ် မင်းကိုချစ်တယ်" နှုတ်မှ တဖွဖွရွတ်ဆိုလျက်...

သို့သော် ထိုစကားကို ရဲမြတ်မှတစ်ပါး မည်သူမျှ မကြားနိုင်ခဲ့ပေ။

❑

ဇေတုဝတီမြို့တပ်၏ အနောက်ဘက် တောအုပ်ငယ်တစ်ခုထဲတွင် လူ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရပ်စာ အမြင့်ရှိပြီး ခြောက်တောင်ခန့် ရှည်လျားသော ကျင်းကြီးတစ်ကျင်း။ ရဲမြတ်မှာ သေဒဏ်ကျပြီးဖြစ်သော်လည်း လက်မရွံ့ထောင်များ၏ ထုံးစံအရ သေဒဏ်ကျသူ မပြည့်သေးသဖြင့် အကျဉ်းထောင်ထဲ၌ နှစ်ရက်ခန့် စောင့်နေရလေသည်။ ထိုအတောအတွင်း သေဒဏ်ကျခံရမည့်သူတို့အား ထမင်းကောင်းကောင်းကျွေးပြီး ဘုန်းကြီးများက သရဏဂုံ တင်ပေးလေသည်။

ထိုနေ့...

သေဒဏ်ကျခံရမည့်သူများအား လှည်းကြီးတစ်စီးဖြင့် တင်ဆောင်ကာ ကျင်းကြီးရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ သေဒဏ်ကျသူများမှာ ကျင်းနှုတ်ခမ်းဝတွင် ဒူးထောက်ထိုင်နေရကာ ပါးကွက်သားများက တစ်ဦးပြီးတစ်ဦး တုတ်နှင့်နောက်စေ့အား ရိုက်၍ သေဒဏ်စီရင်နေကြသည်။

ရဲမြတ်မှာ နောက်ဆုံးတွင် စီရ၍ သူ့ရှေ့တွင် တစ်ဦးပြီးတစ်ဦး ကျင်းထဲသို့ ကျသွားသည်ကို မြင်ကာ အလွန်ထိတ်လန့်နေသည်။

"နောင်ကြီး ငတင်...ဒီအကောင်က အနာဂတ်က လာတယ်ဆိုတဲ့ကောင် မလား"

"ဟုတ်ပ...ချစ်ရာ...ဒီကောင်ပဲပေါ့...အနာဂတ်က လာတဲ့ကောင်ကို အနာဂတ် ပြန်ပို့ပေးတော့ ကျုပ်တို့မယ် ကုသိုလ်တောင်ရသပေါ့...ဟားဟား..."

ပါးကွက်သားနှစ်ဦးမှာ ရဲမြတ်အား ရိုက်ခါနီး လှောင်ရယ်နေကြသည်။

"ကဲ...ငတင် မင်းပဲ အဆုံးသတ်လိုက်တော့"

ထို့နောက် တုတ်ကြီးမှာ လေထဲမြောက်လာကာ ရဲမြတ်၏နောက်စေ့အား ထိလုဆဲအချိန်တွင်...

"အမေ့..."

❑

"ဟော့... ညီလေး... ထ... ထ... ဘယ်မှာဆင်းမှာလဲ"

"အမေ့ရေ... ကယ်ပါဦး"

"ဟ... ကောင်လေး ဘာဖြစ်တာလဲဟ။ ဟာကွာ ဘေးလူတွေကြားရင် ငါ ဓားပြတိုက်တယ် ထင်နေတော့မယ်။ ကဲ...ထ...ထ ကားက ဂိတ်ဆုံးနေပြီ... အဲ့တာ... မင်းသွားမယ့်နေရာကို ဟိုဘက်က ပြန်ထွက်မယ့်ကား ပြန်စီးမှရမယ်"

"ဟင်...ဟမ်...ကျွန်တော် ဘယ်ရောက်နေတာလဲ ဟို...ဟို ပါးကွက်သား တွေကော ဟင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟမ်... ဘယ်ကပါးကွက်သားတွေလဲ...မင်းအိပ်ပျော်ပြီး ဂိတ်ဆုံးထိပါလာတာလေ ကဲ... ထပြီး ဟိုဘက်ပြန်ထွက်မယ့် ၆၅ ပြန်စီးသွားလိုက် ငါ့ညီ"ဟု ဆိုကာ ထွက်သွားလေသည်။

"ဟု... ဟုတ်... ဟုတ်ကဲ့ အစ်ကို"

ရဲမြတ်တစ်ယောက် အိမ်နှင့်စကားများလာကာ သူငယ်ချင်းအောင်ကျော်ရှိရာ တာမွေသို့ ထွက်လာပြီး ကားပေါ်တွင် မှေးခနဲ အိပ်ပျော်သွားရာမှ ဂိတ်ဆုံးထိပါလာခြင်းဖြစ်သည်။

မယ်စံ၊ အလောင်းဘုရား၊ လက်ျာဘီလူး၊ မင်းသားမောင်ရွှ၊ ဟံသာဝတီ၊ ကုန်းဘောင်နှင့် ပါးကွက်အာဏာသားများအား မစဉ်းစားနိုင်တော့။

တာမွေသို့ပြန်ထွက်မည့် ကားပေါ်သို့ရောက်ရန်သာ ကားပေါ်မှ အလျင်အမြန် ဆင်းခဲ့လေတော့သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၇)

"ဟေ့ယောင်... အောင်ကျော်... ငါ မင်းတို့လမ်းထဲ ဝင်လာပြီနော်။ ဒီည မင်း အိမ်မှာ အိပ်လို့ရတယ်မလား"

ရဲမြတ်မှာ ကားပေါ်မှဆင်းပြီး ကပျာကယာနှင့် အောင်ကျော့်ဆီ ဖုန်းလှမ်းဆက်လေသည်။

"အေးရတယ်လေကွာ... ငါလည်း မင့်စောင့်နေတာဟ... ဟိုကောင်တွေ လက်ဖက်ရည်ဆိုင်မှာ စောင့်နေရလို့ ဆဲနေပြီ မြန်မြန်လာ မဲဘေးရ..."

"အေးပါကွာ ရောက်ပါပြီဟ"

ထို့နောက် အောင်ကျော့်ဆီရောက်ပြီး မကြာမီပင် ရပ်ကွက်ထဲရှိ ဘော်ဒါများ ဆုံရာ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လေသည်။ ထိုည အိမ်ပြန်မအိပ်ဖြစ်ကြောင်းကိုလည်း အမေဖြစ်သူထံ လှမ်းအကြောင်းကြားလိုက်လေ၏။ ရဲမြတ်မှာ လူပေလူတေ မဟုတ်သော်လည်း တစ်ခါတစ်ရံတွင် ဘော်ဒါများနှင့် သွားအိပ်တတ်သူဖြစ်သည်။ အမေဖြစ်သူမှာလည်း အသက် ၂၀ ရှိပြီဖြစ်သော သားအား အရင်ကလောက် စည်းကမ်းမတင်းကျပ်တော့ပေ။

ည ၈ နာရီခန့်တွင် လက်ဖက်ရည်ဆိုင်မှပြန်လာကြပြီး ညဘက်အဆာပြေစားရန် ဝင်ဝယ်လေသည်။ ထိုမှအပြန် အိမ်သို့ရောက်ပြီး ခဏအကြာ၌ ဆေးလိပ်ဖွာနေကြရင်း...

mgyoe.com

"သားကြီး…အောင်ကျော်…ငါ မင်းကို ပြောရဦးမယ်ကွ…ဟိုမှာပြောရင် ဟိုကောင်တွေက ငါ့ရူးတယ် ထင်နေမှာစိုးတာနဲ့… မင်းကပဲ ငါ့ကို ပိုနားလည်တာ ဆိုတော့"

"အေးပြောလေကွာ…မင်းနှယ့် စကားပလ္လင်က ခံနေသေး"

"အေး… ဒီလိုကွ ငါ မင်းဆီလာတုန်း ကားပေါ်မှာ ထူးဆန်းတဲ့ အိပ်မက် လိုလို ဘာလိုလို မက်တယ်ကွ… ဘယ်လိုပြောရမလဲကွာ… ငါကိုယ်တိုင်ရောက်သွား သလိုဖြစ်ပြီး အဲတာက လက်တွေ့ အရမ်းဆန်တယ်လို့ခံစားရတယ်… အိပ်မက်လို့ ဆိုနိုင်ပေမဲ့လည်း အိပ်မက်မဟုတ်သလို ခံစားရတယ်ကွာ"

သည့်နောက် ရဲမြတ်မှာ သူ မြင်တွေ့ခံစားခဲ့ရသည်များကို မကြွင်းမကျန် မှတ်မိသလောက် ပြန်ပြောင်း ရှင်းပြလေတော့၏။

"မင်းဟာကြီးကလည်း… ငါ့လခွမ်းထဲမှ… မသေရုံတမယ်ပဲဟ တစ်ခါတည်း သေသွားရမှာ"

"နွား… အကောင်းပြောဟ… ငါ အဲတာကို လန့်နေမိတာ ခုထိပဲဟ… ဒါပေမဲ့ ငါနဲ့ ဟီဟိခဲ့တဲ့ နန်းတွင်းအပျိုတော်ဆိုတဲ့ စော်လေးက တကယ်ချောတာ ကွာ… ကတောက်စ်… သတိရလိုက်တာ ငါ့မိန်းမလောင်းလေး"

"ဟား…ဟား…ဒီမေဘေးကတော့ အိပ်မက်ထဲတောင် အလွတ်မပေးဘူး" ဟု ဆိုကာ နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်ကြလေသည်။

ထို့နောက် နှစ်ဦးသား ထမင်းစားကာ ကြာရှည်သောညတာကို ဂိမ်းဆော့ ရင်း ဖြတ်သန်းကြလေတော့၏။

(မှတ်ချက်။ ။ စကားပြောများမှာ ယခုခေတ် လူငယ်များကြား သုံးနေကြဖြစ်၍ ရိုင်းစိုင်းသော စကားလုံးများပါလျှင် တဆိတ်လောက် နားလည်ပေးစေလိုပါတယ်)

❑

ထို့နောက် လေးရက်ခန့်အကြာ…

"ငါ့မောင်… အိမ်ပြန်ရင် အမေ့အတွက် ငါးချဉ်ဝယ်ဖို့သတိပေးနော်…"

"ကိုယ့်အစ်မကလည်း နောက်ပြီ…ပဲခူးငါးချဉ်အကြောင်း မသိတာကျလို့ ငါးချဉ်ရောင်းတာလား ဖက်ရောင်းတာလား မသဲကွဲဘူး"

"မရှည်နဲ့… သတိသာပေး… မပါရင် နင့်အမေက ဆဲလိမ့်မယ်…"

"ပြီးတာပဲ…"

ရဲမြတ်အစ်မနှင့် သူမ၏ရည်းစားဖြစ်သူမှာ အလုပ်ကိစ္စဖြင့် ပဲခူးသို့သွားစရာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသည်ကို အကြောင်းပြုကာ ရဲမြတ်အစ်မမှ ရဲမြတ်အား ပဲခူးသို့ အတူတူလိုက်ခဲ့ရန် ခေါ်ခဲ့ခြင်းဖြစ်သည်။ အစက ငြင်းမည်ပြုသော်လည်း အမေကပါ စိတ်ပြေလက်ပျောက် သွားစေချင်သဖြင့် လိုက်သွားခဲ့ရ၏။

ယောက်ဖဖြစ်သူမှာ တစ်လမ်းလုံး သီချင်းများ ဖွင့်လာခဲ့သဖြင့် ရဲမြတ်တို့ သုံးဦးသား ပျော်ပျော်ပါးပါးဖြင့် သီချင်းများ အော်ဆိုကာ ထွက်လာခဲ့ကြသည်။ ရဲမြတ်သည် ပဲခူးသို့ ငယ်တုန်းကသာ ရောက်ဖူးသည့်အတွက်ကြောင့် ယခုပဲခူးမြို့သို့ ရောက်သောအခါ မည်သည်ကိုမှ မမှတ်မိတော့ပေ။ ထို့ကြောင့် ယောက်ဖနဲ့အစ်မ ဖြစ်သူတို့မှာ အလုပ်ကိစ္စများပြီးသည့် နောက်တစ်နေ့တွင် ချက်ချင်းမပြန်သေးဘဲ ရဲမြတ်အားခေါ်ကာ ပဲခူးမြို့အနှံ့ ပတ်ကြလေသည်။

ရွှေသာလျောင်းဘုရား၊ ကမ္ဘောဇသာဒီနန်းတော်တို့ကို သွားကြပြီး... နောက်ဆုံးတွင် ရွှေမော်ဓောဘုရားသို့ ဝင်ကြလေသည်။

"ကဲ... ငါ့ညီ... ဆင်း ရွှေမော်ဓောရောက်ပြီ"

ရဲမြတ်မှာ ကားပေါ်မှ ဆင်းလာပြီး ဘုရားရင်ပြင်တော်ပေါ်တက်ကာ လှည့်ပတ် ဖူးမြော်နေသည်။

ထိုစဉ်ပင်...

"ရွှေမော်ဓော... ပဲခူးမြို့... ဟံသာဝတီ... ဇေတုဝတီ"

အတိတ်က အိပ်မက်လိုလိုအကြောင်းအရာများမှာ မျက်ဝန်းအစုံပေါ်တွင် ပြေးလွှား လှုပ်ရှားလာသည်။

သို့သော် ထိုကြောင့်လား ခေါင်းထက်ရှိ အလွန်ပူလှသော နေကြောင့်လား မဆိုနိုင်။ ခေါင်းမူးသလိုရှိလာကာ အတွေးများကို ခေတ္တရပ်ပြီး ဘုရားရင်ပြင်ပေါ်မှ ဆင်း၍ စောင်းတန်းများရှိ အမှတ်တရပစ္စည်းများကို လှည့်ပတ်ကြည့်ရှုလေသည်။

ထို့နောက် အမေ့အတွက် အပြန်လက်ဆောင်အနေဖြင့် ပဲခူးငါးချဉ်ကို ဝယ်လာပြီးနောက် ကားပေါ်သို့ပြန်တက်ကာ ရန်ကုန်ဘက်သို့ ကားဦးပြန်လှည့်ခဲ့လေသည်။ ကားပေါ်သို့တက်ရာတွင် ပုံမှန်အရှေ့တွင်သာထိုင်လေ့ရှိသော အစ်မဖြစ်သူမှာ လှဲအိပ်ချင်သည်ဟုဆိုကာ အနောက်ဘက်သို့ နေရာလာဦးသဖြင့် ရဲမြတ်တစ်ယောက် ရှေ့ခန်းတွင် သွားထိုင်ရလေသည်။

ထို့နောက် အစ်မဖြစ်သူမှာ နောက်တစ်ခေါက်တွင် ပုဂံသို့ အလည်သွားချင်ကြောင်း ချစ်သူမောင်အား ပူဆာလေသည်။ ထို့အပြင် ရဲမြတ်နှင့်အတူ ငယ်စဉ်က ပုဂံသို့ တူတူသွားခဲ့ဖူးသောအကြောင်းများကို မောင်နှမနှစ်ယောက် ပြန်ပြောင်းပြော

mgyoe.com SAMPLE BOOK

ဆိုရင်း စမြုံ့ပြန်ကြလေသည်။

ရဲမြတ်တို့ကားမှာ ပဲခူးမြစ်ကိုဖြတ်ကူးထားသော ပဲခူးတံတားကို ကျော်လွန်လာပြီးနောက် မကြာမီပင် လမ်းကွေ့တစ်ခုသို့ ရောက်လာလေသည်။ ထိုအချိန်တွင် တစ်ဖက်မှ အရှိန်ဖြင့် မောင်းနှင်လာသော တောင်းအေ့စ် (townace) တစ်စီးမှာ လမ်းချော်၍ စလစ်ရိုက်ပြီး ရဲမြတ်တို့ကားထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်...

❑

နေ့လယ်ခင်းအချိန်...

နေ၏ အလင်းရောင်နှင့် အပူချိန်တို့ အမြင့်ဆုံးရောက်နေချိန်...

"ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုသလို ပတ်ဝန်းကျင်ဒေသတစ်ခုလုံးကိုလည်း အပူရှိန်များက ဖြန့်ကျက်ဖုံးလွှမ်းထား၏။ သို့သော် စေတီတစ်ခု၏ ပရိဝုဏ်အတွင်း တစ်ဝိုက်တွင်တော့ သစ်ပင်သစ်ရိပ်ကြီးများကြောင့် နေ၏အပူရှိန်မှာ မတိုးရောက်နိုင်ပေ။

နှစ်ချို့နေသော ညောင်ပင်ကြီးများ၊ သရက်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများနှင့် ပိတောက်ပင်ကြီးများမှာ နားခိုလာသူများသာမက ပရဝဏ်တစ်ခုလုံးကိုပင် အေးမြမှုများ လွှမ်းခြုံပေးထားသည်။ ထိုအပင်များထဲမှ ကြီးမားထင်ရှားသော ညောင်ပင်အိုကြီး တစ်ပင်အောက်တွင်မူ...

လူတစ်ယောက်မှာ လဲနေရာမှ ကုန်းရုန်းထလာကာ ခေါင်းကိုပွတ်နေသည်။

'အားလားလား... ကိုက်လိုက်တာကွာ... ဘာဖြစ်ပါလိမ့်'

ခေါင်းမှာ တဆစ်ဆစ်ကိုက်နေ၍ တစ်ကိုယ်တည်း ညည်းတွားနေခြင်းဖြစ်သည်။

ထို့နောက် ဘေးဘယ်ညာသို့ မျက်လုံးကစားကြည့်ရာမှ...

'ဟင်... ငါဘယ်ရောက်လာတာလဲ...ခုနက ကားပေါ်မှာပါ...' ပါးစပ်ကြီးဟကာ ကြောင်စီစီနှင့် မေးခွန်းထုတ်နေလေသည်။

အနီးနားဝန်းကျင်တစ်ဝိုက်ကို မျှော်ကြည့်သော်လည်း အပင်များမှတခြား တစ်စုံတစ်ယောက်မှ မတွေ့ရချေ။ ခဏလောက်ထိုင်နေပြီးနောက် သစ်ပင်ကိုအားပြုကိုင်ကာ ထရင်း ပတ်ဝန်းကျင်ကို စူးစမ်းကြည့်ရန် ထွက်ခဲ့လိုက်သည်။ သုံးမိနစ်ခန့်လမ်းလျှောက်ပြီးနောက် မလှမ်းမကမ်းရှိ သရက်ပင်တစ်ခုအောက်တွင် သင်္ကန်းဟောင်း တစ်ခုရုံကာ တံမြက်စည်းလှည်းနေသော ရဟန်းငယ်တစ်ပါးကို တွေ့ရလေသည်။ ထို့ကြောင့် ထိုလူလည်း အားတက်သွားကာ ရဟန်းထံသို့ အပြေးအလွှားသွား

mgyoe.com

mgyoe.com SAMPLE BOOK

လေသည်။ ရဟန်းမှာ ထိုလူပြေးလာသည်ကိုကြည့်ကာ အနားရောက်သောအခါမှ

"ညးဂှ်ရော (ညင့်(ဟ်)ဂေါ့(ဟ်)ရောင်း )"

(ဘယ်သူလဲဟု မွန်လိုမေးခြင်းဖြစ်သည်)

"ဟမ်... ဘာတွေပြောနေတာလဲ"

ထို့နောက် ရဟန်းဖြစ်သူမှာ ထိုသူအား အတန်ငယ်စိုက်ကြည့်နေပြီး အနီး အနားသို့ ပြေးထွက်သွားလေသည်။ ထိုလူလည်း အခြေအနေကို နားမလည်ဟန်ဖြင့် ခေါင်းကုပ်နေစဉ်ပင် ခုနက တွေ့လိုက်သော ရဟန်းတစ်ပါးနှင့်အတူ အခြားရဟန်း တစ်ပါး လိုက်ပါလာသည်ကိုမြင်လိုက်သည်။

"ဒကာက... ဘယ်သူလဲကွဲ့... ကိုယ်တော်တို့က ဘုန်းကြီးတွေပါ။ ဒကာတို့ စစ်ပွဲတွေနဲ့ မဆိုင်ပါဘူး ဒကာရယ်"

ထိုလူမှာ စစ်ပွဲဟူသော ဝေါဟာရကိုကြား၍ မျက်မှောင်ကြုတ်လိုက်ပြီး...

"တပည့်တော် ရဲမြတ်ပါဘုရား... တပည့်တော်က အန္တရာယ်ပေးမယ့်လူ မဟုတ်ပါ... သိချင်တာလေးတစ်ခုရှိလို့ပါ ဘုရား"

"ဩော်... တောင်းပန်ပါတယ် ဒကာရယ်... ကိုယ်တော်တို့လည်း အခုချိန်က ကြောက်လန့်နေရတော့... ကဲထားပါ... ဒါက ဟံသာဝတီမြို့တော်ကြီးလေကွယ်၊ ဒီနေရာကတော့ ရွှေမော်ဓောစေတီရဲ့ ပရဝုဏ်ကြီးပေါ့ ဒကာရယ်"

"ဟင်..." ရဲမြတ်မှာ အတန်ငယ်စဉ်းစားနေပြီးမှ အခြေအနေကိုဆင်ခြင် မိကာ...

"အခုက ဟံသာဝတီမြို့တော်ကြီးက ဘာဖြစ်နေပြီလဲဟင် ဘုရား... ဟို ကုန်းဘောင်တပ်ဆိုတာတွေကော..."

"အင်း..." မြန်မာစကား ပြောတတ်သော ရဟန်းဖြစ်သူမှာ အင်းရှည်ကြီး ဆွဲကာ တစ်စုံတစ်ရာကိုတွေးရင်း မျက်ရည်စို့လာဟန်ရှိသည်။

"အင်း...ငါတို့ ဟံသာဝတီ ဘုရင့်ရွှေမြို့တော်ကြီးဟာ လွန်ခဲ့တဲ့ ရက် သတ္တပတ်သုံးပတ်လောက်ကပဲ အလောင်းဘုရားဆိုတဲ့ဘုရင် ဦးဆောင်တဲ့ ကုန်း ဘောင်စစ်တပ် လက်အောက်မှာ ပြားပြားဝပ်ခဲ့ရပါပြီကွာ"

ရဟန်း၏အသံမှာ ရှိုက်သံစွက်နေသည်။ ရဲမြတ်မှာလည်း သမိုင်းလေ့လာ ခဲ့သူပီပီ တစ်ခဏအတွင်းပင် အခြေအနေကို နားလည်သွားကာ ရဟန်းများကို အားတုံ့အားနာကြည့်ပြီး နှုတ်ဆိတ်နေလေသည်။

ထိုအခါ ရဟန်းဘက်မှပင်...

mgyoe.com

mgyoe.com SAMPLE BOOK

"ကဲ... ဒကာက ဘယ်သွားမလို့လဲကွဲ့... အကယ်၍ နေစရာမရှိရင် ကိုယ်တော်တို့ဆီ လိုက်နေလို့ရပါတယ်..."

ရဲမြတ်လည်း လက်ရှိအခြေအနေအရ သွားစရာမရှိသဖြင့် ရဟန်းဖြစ်သူ ပြောသည်ကို ခေါင်းညိတ်လိုက်လေသည်။ ထို့နောက် ရဲမြတ်နှင့် ရဟန်းတို့ သုံးဦးမှာ အရှေ့အရပ်ရှိ ကျောင်းအိုကြီးတစ်ခုဆီသို့ မျက်နှာမူလျက် ထွက်ခဲ့ကြလေတော့သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၈)

ဘုန်းကြီးကျောင်းသို့ရောက်ပြီး နောက်တစ်နေ့ နေ့လယ်ခင်းတွင်...

ရဲမြတ်မှာ နေ့လယ်စာစားပြီးနောက် ဘုန်းကြီးကျောင်းအနီးရှိ သရက်ပင်ကြီးတစ်ခုကို ကျောမှီကာ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးဖွာရင်း စည်းစိမ်ရှစ်နေလေသည်။

"အဟွတ်... အဟွတ်"

ဆေးလိပ်သမားပီပီ ထမင်းစားပြီး မသောက်ရမနေနိုင်၍သာ သောက်ခြင်းဖြစ်သော်လည်း အဖြူသာသောက်ခဲ့သူဖြစ်၍ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို သောက်သည်နှင့် ချောင်းဆိုးလေတော့သည်။

ထို့နောက် ရဲမြတ်သည် ဤကာလအတွင်း ဘုန်းကြီးကျောင်းတွင် ညအိပ်ညစား အနေနှင့် ခေတ္တနေရန်ဆုံးဖြတ်ပြီး ရှေ့လျှောက် မည်သို့ပြုမူနေထိုင်ရမည်ကို စဉ်းစားတွေးတောနေလေသည်။

"ကိုရင်ရဲမြတ် တစ်ယောက်တည်း ဇိမ်ယူနေတယ်ပေါ့လေ..."

ဘုန်းကြီးကျောင်းဘက်မှ လူငယ်တစ်ဦးမှာ ရဲမြတ်ထံသို့လာကာ လှမ်းပြောလေသည်။

"ဩော်... ကိုရင်ငမှို့ လာလေဗျာ... သောက်ပါဦးလားဗျ..."

"အို... တော်ပါပြီဗျာ... ကျုပ်အဲ့တာတွေ မသောက်ဘူးဗျ"

mgyoe.com

mgyoe.com
SAMPLE BOOK

ငမှုံမှာ ဘုန်းကြီးကျောင်းတွင် ပညာသင်ယူနေသော ကျောင်းနေကျောင်းစား တစ်ဦး ဖြစ်သည်။ ဟံသာဝတီအနီးရှိရွာတစ်ရွာတွင် မွေးခဲ့သူဖြစ်သော်လည်း ဖခင် ဖြစ်သူမှာ မွန်မြန်မာစပ်ဖြစ်၍ သူလည်း မြန်မာစကားတတ်နေခြင်းဖြစ်သည်။ မနေ့ က ရဲမြတ် ကျောင်းသို့ ရောက်သောအချိန်၌ ကျောင်းထိုင်ဘုန်းကြီးမှာ ငမှုံအား ရဲမြတ်အတွက် အိပ်ရာများ ပြင်ဆင်စေပြီးနောက်တွင် သူတို့နှစ်ယောက် ခင်သွားကြ ခြင်းဖြစ်သည်။

"ဘာကိစ္စများရှိလို့လဲ ကိုရင်ငမှုံရ..."

"သြော်... ထွေထွေထူးထူးတော့ မရှိပါဘူး ကိုရင်ရာ။ ဒီတိုင်း ကိုရင့်ကို လှမ်းမြင်လိုက်လို့ပါ..."

"သြော်... ဒါနဲ့ကိုရင်ငမှုံရ မေးရဦးမယ်... ခု ခင်ဗျားတို့ ဟံသာဝတီက သိမ်းပိုက်ခံလိုက်ရပြီဆိုတော့ ဘယ်လိုဆက်ဖြစ်မှာတုံးဗျ"

"အဲ့တာတော့ ကျုပ်လည်း မသိပါဘူးဗျာ... ခုတော့ ကျုပ်တို့ဘုရင်ကိုက အကျယ်ချုပ်ထားတယ်တော့ကြားတာပ... အလောင်းဘုရားဆိုတဲ့ဘုရင်ကလည်း မြို့သိမ်းပြီး တစ်ပတ်လောက်အတွင်းမှာပဲ ဟံသာဝတီထီးနန်းကို သိမ်းလိုက်တယ် ကြားတယ်... ကျုပ်တို့တော့ ထီးကျိုးစည်ပေါက်သွားပြီပေါ့ဗျာ"

ငမှုံ့မျက်နှာမှာ နာမည်နှင့်လိုက်အောင် သုန်မှုန်သွားသည်။ ထို့နောက်

"အဲညတုန်းကဗျာ...တကယ့်ကိုကြောက်စရာပါ...ဗမာစစ်သားတွေ မြို့ပေါ် တက်လာပြီး တိုက်ကြတာ... ကျုပ်ကလည်း အဲနေ့က ဒီဘုန်းကြီးကျောင်းမှာ မရှိဘူး... ပြီးတော့ သိပ်မကြာဘူး...ကျုပ်တို့နားရောက်လာတော့ ကျုပ်လည်း ရွာတွေဘက်ပြေး ရတာပေါ့... ရွာတွေက ချောင်နည်းနည်းကျတော့ ဘေးကင်နိုင်တယ်ထင်လို့လေ"

"အင်းဗျာ ကျနော်လည်း စိတ်မကောင်းပါဘူး ကြားရတာ"

"အဲ့တုန်းက ကျုပ်လည်း အသက်ပျောက်ပြီမှတ်တာ... တော်သေးတယ် ဘုရင်က ကျူးလွန်ပြီးသမျှသာ လွန်စေ... နောက်ထပ် တစ်ယောက်မှထပ်မသတ်ရ အမိန့်ထုတ်လိုက်ပေလို့ပဲ... နို့မို့ဆို ကိုရင်နဲ့ကျုပ် ဒီမှာ တူတူထိုင်ရမှာကို မဟုတ်ဘူး" ထို့နောက် ငမှုံမှာ အနီးရှိ သစ်ရွက်ခြောက်တစ်ခုကို ကောက်ယူကာ လက်ထဲတွင် ချေမွ နေရင်း

"အဲနောက် လေးငါးခြောက်ရက် ကြာတဲ့အထိ မြို့ထဲမှာ အိမ်တွေက မီး လောင်ထား... အလောင်းတွေဆိုတာလည်း နည်းတာမဟုတ်ဘူးဗျာ အပုံလိုက် အပုံလိုက်ဆိုတာ... သွေးညှီစော်တွေနံပြီး လင်းတတွေဆိုတာ နေရောင်ကိုပါဖုံးလွှာက်

mgyoe.com

mgyoe.com SAMPLE BOOK

အောင်ကိုများတာ...တကယ့်ကိုမြင်ရတာ သွေးပျက်မတတ်ပဲ ကိုရင်ရယ်..."

"တော်သေးတာပေါ့ဗျာ ကိုရင်ငမှုံလည်း သေကံမပါသေးလို့ပေါ့ဗျာ..."

"အဲ့သလိုပဲ ဆိုရမှာပေါ့ဗျာ..."

ငမှုံ၏ မျက်နှာမှာ ထိတ်လန့်မှု အရိပ်အယောင်များပင် ကျန်နေသေးသည်။

"ဒါနဲ့ ကျုပ် နောက်အပတ်ထဲ ရွာခဏပြန်ဖို့ဗျ... ကျောင်းထိုင်ကိုယ်တော်ဆီကလည်း ခွင့်ပြုချက်ရထားတယ်... အဲတာ ကိုရင်လိုက်ဦးမလားလို့"

"ဟင်... ကိုရင်ငမှုံနှယ် ခင်ဗျားဟာက ဖြစ်ပါ့မလား... ကျွန်တော်က မြန်မာ... ပြီးတော့ ခင်ဗျားတို့ မွန်စကားလည်း တတ်တာမဟုတ်ဘူး... အလကား ကျွန်တော့်ကို လုပ်လိုက်မှဖြင့်"

"ကိုရင့်နှယ် ကြောက်တတ်လိုက်တာ...စိတ်မပူနဲ့ ကျုပ်ရှိတယ်... ခင်ဗျားက စစ်သည်မှ မဟုတ်ဘဲကို... ပြီးတော့ ရွာမှာက မြန်မာစကားတတ်တဲ့သူတွေလည်း ရှိပါတယ်... မတတ်တဲ့သူတွေကတော့များတာပေါ့ဗျာ...ဟဲ ဒါနဲ့ ကျုပ်တို့ကို ရွာဆိုပေမဲ့ အထင်မသေးနဲ့နော်... မွန်မလေးတွေလှချက်က ကိုရင် အိမ်မပြန်ချင်ဖြစ်သွားမယ်"

ငမှုံမှာ သူ့ရွာသို့လိုက်ချင်အောင် ရယ်ကျဲကျဲနှင့် ပြောလေသည်။

ထို့နောက်ရဲမြတ်မှာ ခဏစဉ်းစားနေကာ...

"အေးဗျာ... အဆင်ပြေရင်လည်း ပြီးတာပဲပေါ့ဗျာ..."

ထို့နောက် ရဲမြတ်နှင့်ငမှုံတို့မှာ အလာပသလ္လာပများပြောဆိုကြပြီး ကျောင်းထိုင်ဘုန်းကြီးမှ လှမ်းခေါ်သဖြင့် ကျောင်းရှိရာသို့ ထွက်လာခဲ့ကြလေသည်။

❑

ဟံသာဝတီမြို့။

ဟံသာဝတီသည် သမီးတော် ဆက်သပြီးသော်လည်း နောက်တစ်ကြိမ် ပြန်လည် ပုန်ကန်သည်မှာ နှစ်လကြာခဲ့လေသည်။

ထို့ကြောင့် အလောင်းမင်းတရားမှာ စစ်ကို ဆက်လက်မကြာရှည်လိုတော့၍ ယခင် မြို့သိမ်းတိုက်ပွဲများဖြစ်စဉ်က သုံးခဲ့သော နည်းဗျူဟာဟောင်းကိုပင် ပြန်လည်သုံးကာ ဟံသာဝတီကို သိမ်းယူရန် အမိန့်တော် ရှိလိုက်သည်။

ထို့နောက် ကဆုန်လပြည့်ကျော် ၄ ရက်နေ့ည (၆ မေ) တွင် ရွေးချယ်ထားသော အသေခံတိုက်မည့် လူပေါင်း ၁၉၃ ယောက်ကို မြို့တွင်းသို့ ဝင်စေပြီး မီးထင်းတိုက်ရှို့ရန်နှင့် မြို့တံခါးကိုလည်း ဖွင့်စေသည်။ မြို့တံခါးပွင့်သည်နှင့် တစ်ပြိုင်နက် အသင့်စောင့်နေသော တပ်များက ပဲခူးမြို့တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်

mgyoe.com

ကာ မြင်မြင်သမျှ မီးရှို့ဖျက်ဆီးကြသည်။ ဟံသာဝတီဘက်မှ အစွမ်းကုန် ကာကွယ်ကြသော်လည်း စိတ်ဓာတ်ရေးရာမှာပါ ရှုံးနိမ့်နေပြီဖြစ်၍ တပ်ဆုတ်ကာ လွတ်ရာပြေးရလေတော့သည်။

မင်းသားဗညားဒလ၊ သမက်တော်စောဗြနှင့် တပ်မှူးများမှာလည်း တပ်အသီးသီးနှုတ်ကာ ကိုယ်လွတ်ရုန်း ပြေးကြရလေသည်။ အချို့ တပ်မှူးများမှာမူ အလောင်းဘုရားထံ လက်နက်ချကာ ရွှေဖဝါးအောက် ခိုလှုံလာကြသဖြင့် အသက်ချမ်းသာရာရကြသည်။ ဟံသာဝတီမင်းအား ဟံသာဝတီနန်းထက်တွင်ပင် တွေ့ရ၍ နန်းမြို့တံခါးပိတ်ကာ အစောင့်အရှောက်များနှင့် စောင့်စေသည်။

မြို့တွင်းမှာလည်း အပျက်အစီးများနေပြီဖြစ်သဖြင့် အလောင်းဘုရားမှ "လက်လွန်မိသူတို့ကိုသာ လွန်စေ၊ နောက်ကို တစ်စုံတစ်ယောက်မျှ မသတ်မညှဉ်းစေနှင့်"ဟု အမိန့်တော် ချမှတ်ရလေသည်။

ရဲမက်များမှာလည်း မြို့တွင်းမှ သူဌေးသူကြွယ်အိမ်များသို့ တက်ကာ ရွှေငွေ အထည်အလိပ်များစွာ ယူကြကုန်သည်။ ထို့အပြင် အမြောက်ကြီးများ၊ အမြောက်ငယ်များ၊ သေနတ်၊ ယမ်းစည်၊ ဆင်၊ မြင်း၊ ကန့်ချိန် စသောအရာများမှအစ လက်မှုရေးရာနှင့် ပတ်သက်သော အနုပညာသည်ပေါင်းများစွာကိုလည်း ရရှိတော်မူလေသည်။

ဤသို့ဖြင့် ဟံသာဝတီမြို့တော်ကြီးမှာ အပျက်အစီးများစွာဖြင့် ကုန်းဘောင်တပ်များ၏ သိမ်းပိုက်ခြင်းကို ခံရလေတော့သည်။

ထို့နောက် အလောင်းမင်းတရားမှာ တပ်မှူး၊ ဗိုလ်မှူးများအား မြို့တွင်း မသန့်မရှင်းသည်များကို ရှင်းလင်းစေပြီး ကဆုန်လပြည့်ကျော်ဆယ်ရက်နေ့ (၁၂ မေ) တွင် စစ်သည်ရဲမက်ပေါင်းများစွာ ခြံရံကာ ဟံသာဝတီမြို့ကို သိမ်းယူလေတော့သည်။ မြို့တွင်းမြို့ပြင် တံခါးများတွင် အမိန့်တော်များပြန်စေကာ ဟံသာဝတီ၏ ထီးနှင့် စည်ကို ဖျက်ဆီးပြီး ထီးကျိုးစည်ပေါက်စေခဲ့သည်။

နတ်ရွာစံခဲ့ပြီဖြစ်သော ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးမင်း မဟာဓမ္မရာဇာဓိပတိအား ရိုသေလေးစားသောအားဖြင့် ပြည်သူပြည်သားများအား ဟံသာဝတီရောက်မင်းဟုသာ ခေါ်တွင်စေသည်။ နန်းကျမင်းဟုခေါ် သူကို အာကို ဟက်မည်ဆိုပြီး အမိန့်တော်ချမှတ်လေသည်။

ထို့နောက် ဟံသာဝတီမင်းအား သမက်တော် စောဗြတိုက်သို့ရွှေ့စေသည်။ သမက်တော်စောဗြမှာ ညီတော်သတိုးသခ်သူ၏ တောင်ငူကြောင်းမှမိပြီး ကွပ်ခဲစေ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ မင်းသားဗညားဒလမှာ စစ်အင်အားများဖြင့် စစ်သူကြီးတလပန်းရှိရာ အရပ်သို့ အားကိုးတကြီး ထွက်ခဲ့သော်လည်း တလပန်းနှင့် ဗညားဒလကြားရှိ ပုဂ္ဂိုလ်ရေး အဆင်မပြေခဲ့မှုများကြောင့် တလပန်းမှာ ဗညားဒလအား လက်မခံဘဲ ကွပ်မျက် ခဲ့သည်။ ထို့အတူ ဟံသာဝတီနန်း၌ အင်အားကြီးခဲ့သော မတ္တရာ ဗိုလ်ဘယ်ကျော် မှာလည်း ပြောင်းသင့်ကာ အနာနှင့် ကရင်တောတွင် ကျဆုံးလေသည်။

ဤသို့ဖြင့် အလောင်းမင်းတရားကြီးမှာ ရန်သူအန္တရာယ်များ အလိုလို ကင်းဝေးသွားရပြီဖြစ်၍ စိတ်အေးကြည်သာစွာဖြင့် ဟံသာဝတီနန်းကို သိမ်းပိုက်တော် မူလိုက်လေသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၉)

ရဲမြတ်တစ်ယောက် ဘုန်းကြီးကျောင်းတွင် အိပ်လိုက်စားလိုက်၊ ကျောင်းဝေယျာဝစ္စများ ပြုလုပ်ရင်းဖြင့်သာ အချိန်တွေကို ကျော်ဖြတ်နေသည်မှာ သုံးလေးရက်ပင် ရှိပြီဖြစ်သည်။

သည်ကြားထဲတွင် ကုန်းဘောင်စစ်သည်များမှာ ကျောင်းသို့ရောက်လာသဖြင့် ကျောင်းဆောင်နောက်တွင် ပုန်းနေခဲ့ရသည်။ နေ့လယ်ခင်းအချိန်များတွင် ကျောင်းဝေယျာဝစ္စများ ပြုလုပ်ပြီးသည့်နောက် ရွှေမော်ဓောရင်ပြင်ပေါ်ရှိ ဇရပ်တစ်ဆောင်ပေါ်သို့ သွားရောက် ဝတ်ပြုနေလေ့ရှိသည်။ တံမြက်စည်းလှည်းလိုက်၊ ဈေးသည်များကို ကူညီပေးလိုက် လုပ်ပေးပြီး ညနေစောင်းတွင်သာ ပြန်လေ့ရှိသည်။

ထို့နေ့လယ်ခင်းတွင်လည်း ရဲမြတ်သည် ယခင်နေ့များအတိုင်း ရွှေမော်ဓောစေတီသို့ သွားလေသည်။ ထို့နောက် ဇရပ်ပေါ်ရှိ တိုင်ကြီးတစ်ခုကိုမှီကာ ဘုရားလာဖူးသည့်သူများနှင့် ဈေးသည်များ၊ ပန်းသည်များကို ငေးကြည့်ရင်း တစ်စုံတစ်ရာကို လွမ်းဆွတ်နေဟန်ရှိသည်။

ထိုစဉ်...

ရုတ်တရက်ပင် လူအုပ်ကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။

ဈေးသည်များမှာလည်း ဈေးဗန်းများရွက်ကာ နေရာများ ရွှေ့ပြောင်းနေကြသည်။ ရဲမြတ်နှင့်အတူ ဇရပ်ပေါ်တွင် အနားယူနေသူများကလည်း "ဘာဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ကြတာလဲ" ဟူသောမေးခွန်းများနှင့် ဇရပ်အောက်သို့ ဆင်းကြည့်ကြလေသည်။

မောက်တိုများ ဆောင်းထားသောရဲမက်များမှာ ရင်ပြင်တော်သို့တက်လာပြီး ဈေးသည်များအား အော်ပြောနေသံများကို ကြားရလေသည်။

"ဖယ်ကြဟေ့... မင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီး ဘုရားဖူးကြွလာတော်မူတော့မှာ... အောက်က စောင်းတန်းကို ဆင်းကြဟေ့... ဈေးသည်တွေလည်း ကိုယ့်အမှိုက်ကို ရှင်းခဲ့ကြ... ကိုယ့်နေရာမှာ အမှိုက်တစ်စက် ညစ်ပတ်ခဲ့တာတွေ့ရင် ဇက်ပြတ်မယ်" ဟု ဗမာစကားဖြင့် အော်နေလေသည်။

ထို့နောက် အခြားရဲမက်တစ်ဦးမှာ မွန်စကားဖြင့် ထပ်မံအော်ကြားလေသည်။ ထိုမှသာ အချို့ ကျန်လူများမှာလည်း သုတ်သီးသုတ်ပျာ ထွက်သွားကြလေသည်။ ဇရပ်ပေါ်တွင်လည်း လူတစ်ယောက်မှ မရှိတော့သည်နှင့် ရဲမြတ်လည်း ထိုလူများနှင့်အတူ ထွက်ခဲ့လိုက်လေသည်။

လူအုပ်ကြီးနှင့်အတူ ထွက်လာရင်း တစ်နေရာအရောက်တွင် သစ်ပင်အောက်၌ ရပ်နေကြသော ရဲမက်နှစ်ဦးမှာ သူ့အား စူးစိုက်ကြည့်နေကြသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ရဲမြတ်လည်း ထိုရဲမက်နှစ်ယောက်အား ပြန်လည်စိုက်ကြည့်နေရင်း ရုတ်တရက် သတိရသွားဟန်ဖြင့် မျက်မှောင်ကြုတ်ကာ...

"ဟင်...ကိုရင်ငသုန်" ဟု လှမ်းအော်လိုက်လေသည်။

ရဲမက်နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး တစ်လှည့် ရဲမြတ်ထံသို့တစ်လှည့် ပြန်ကြည့်နေသည်။

ထို့နောက် ရဲမြတ်ထံမှပင်...

"ကိုရင်တို့ ငသုန်နဲ့ ငတိုးတို့မဟုတ်လားဗျ" ဟုဆိုကာ အနီးသို့ကပ်သွားသည်။

ဤတွင်မှ ရဲမက်နှစ်ဦးမှာ အပြေးရောက်လာကာ...

"မင်း... မင်း... ရဲမြတ် မဟုတ်လားကွ..."

"ဟုတ်တယ်လေဗျာ..."

ငသုန်နှင့်ငတိုးမှာ မယုံကြည်နိုင်ဟန်ဖြင့်...

"မင်း...မင်း...ကို မင်းတရားကြီးအမိန့်နဲ့ ကွပ်မျက်လိုက်ပြီးပြီ မဟုတ်လားဟ... မင်း...သရဲလား"

ရဲမြတ်မှာ လက်ညှိုးနှင့် နှုတ်ခမ်းကိုထိပြကာ...

"တိုးတိုးပြောပါဗျ... ဒီဘက်လာဦး... ကျုပ် ပြောပြမယ်..."

mgyoe.com

mgyoe.com
SAMPLE BOOK

ထို့နောက် သုံးဦးသား ဘေးဘယ်ညာကြည့်ကာ သစ်ပင်နောက်သို့သွားပြီး...

"ကျုပ်လည်း ပြောရရင် နားမလည်သေးဘူးဗျ...ပြောရင်လည်း ယုံကြမှာ မဟုတ်ဘူး... ဒီကို ဘယ်လိုပြန်ရောက်လာလဲ ဆိုတာလည်း မသိဘူး...အိပ်မက်လို့ပဲ ထင်နေတာဗျ"

"အေး...ငါတို့လည်း အဲတာကြောင့် အံ့ဩနေတာ... မင်းဟိုလူအုပ်ကြီးနဲ့ ပါလာကတည်းက ငါတို့ကြည့်နေကြတာ... အစက လူမှားတယ်ထင်လို့... ဒါပေမဲ့ မင်းက နှုတ်ဆက်တော့ ဒို့လည်း ထပ်အံ့ဩသွားတာကွ" ငတိုးမှာ အံ့ဩနေသော အသံဖြင့် ဝင်ပြောလေသည်။

"ဒါနဲ့... ငါတို့နဲ့အတူ တပ်မှူးလည်း ပါတယ်ကွ... မိဖုရားခေါင်ကြီးက မော်ခေစေတီ ဖူးချင်တယ်ဆိုလို့ မင်းတရားကြီးက ငါတို့ ဘီလူးတပ်နဲ့ ဗိုလ်မင်း ဗလမင်းထင်တို့တပ်ကို ကိုယ်ရံတော်တပ်အနေနဲ့ ကာကွယ်ဖို့ အမိန့်ပေးလိုက်တာကွ"

"အေး... ဟုတ်တယ်...ငါတို့ အခုတပ်မှူးကို သွားခေါ်ခဲ့ပေးမယ်...ဒီမှာပဲ ခဏစောင့်နေနော်" ဟုဆိုကာ နှစ်ဦးသား အရှေ့ဘက်သို့ ပြေးထွက်သွားကြသည်။

မရှေးမနှောင်းပင် မြင်းကို ဒုန်းစိုင်းစီးလာသူတစ်ဦးနှင့် နောက်မှ အမောတကြီး ပြေးလိုက်နေသူ နှစ်ဦးအား မြင်လိုက်ရလေသည်။ မြင်းစီးလာသူမှာ အနားရောက်သည်နှင့် မြင်းပေါ်မှခုန်ဆင်းကာ...

"မင်း... ရဲမြတ် မဟုတ်လား"

"ဟုတ်ပါတယ်... တပ်မင်း"

"ဟိုကောင်တွေ ပြောတာကြားလို့ ငါလိုက်လာခဲ့တာပ... ငါ့မျက်လုံးတောင် မယုံနိုင်ဘူးကွာ"

သည့်နောက် ရဲမြတ်မှာ သေနင်္ဂတို့အား ရှင်းပြသကဲ့သို့ ထပ်မံရှင်းပြကာ...

"အေးကွာ... အချို့ ငါတို့ နားမလည်နိုင်တဲ့ကိစ္စတွေ ရှိတာပဲ... ထားပါ... မင်းအခု ဘယ်မှာနေနေလဲ"

"ဒီ ရွှေမော်ခေဘုရားဝန်းထဲက ဘုန်းကြီးကျောင်းမှာပဲ နေပါတယ် တပ်မင်း"

"ဘယ်ကျောင်းလဲ... နှစ်ခုရှိတာကို... အနောက်တောင်ဘက်ကျောင်းလား၊ အရှေ့ဘက်ကကျောင်းလား"

ရဲမြတ်မှာ ငယ်တုန်းက သင်္ချာကျမ်းကျေခဲ့သူပီပီ အရပ်လေးမျက်နှာအား

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မိနစ်ခန့် စဉ်းစားနေပြီး...

"ဟိုဘက်အရပ်က ကျောင်းပါ...တပ်မင်း" ရဲမြတ်မှာ ကျောင်းရှိရာဘက်သို့ လက်လှမ်းညွှန်ပြကာ...

"အေး...ဟုတ်ပြီ...ဒါဆို အနောက်တောင်ကျောင်းပဲ... ငါ ခုကတာဝန်ကာလမို့ အချိန်သိပ်မရှိဘူး... ဒါကြောင့် မှာစရာရှိတာ တစ်ခါတည်းမှာခဲ့မယ်"

"ဟုတ်ကဲ့ တပ်မင်း"

"မင်း ဒီမှာပဲနေဦး...နောက်တစ်လလောက်ကြာရင် မင်းတရားကြီး နေပြည်တော်ကို ပြန်စုန်ဆင်းတော့မှာ... အဲတော့ အဲမတိုင်ခင် ကုန်းဘောင်တပ်တွေအတွက် တပ်သားသစ်တွေ စုဆောင်းလိမ့်မယ်... အေး... အဲအချိန်ကျရင် မင်းကိုငါ ငါ့အသိ ဗိုလ်မှူး၊ တပ်မှူး တစ်ယောက်ယောက်တပ်ထဲ သွင်းပေးခဲ့မယ်... အဲတာကြောင့် မင်း အခုကတည်းက မင်းအိုးစားဖက်တွေကို ကြိုရှာထားချင်ထားနိုင်တယ်"

"ဟုတ်ကဲ့ပါ... တပ်မင်း... ဒါနဲ့ မေးစရာရှိလို့ပါ"

"အေး..."

"ကျွန်တော် တပ်မင်းရဲ့တပ်တော်မှာ အမှုထမ်းဆောင်လို့ မရဘူးလားဗျ"

လက်ျာဘီလူးမှာလည်း ချက်ချင်းပင်...

"ငါ မင်းကို လက်မခံဘူးဆိုတာ အကြောင်းရှိတယ်... မင်းက ငါ့တပ်ထဲမှာ အသိများတယ်... အဲတော့ မင်းသတင်းက မင်းတရားကြီးနားကို ပြန်ပေါက်ကြားသွားနိုင်တယ်... အဲကျရင် မင်းလည်း မင်းပြစ်မင်းဒဏ်ထပ်ခံရမလား မပြောနိုင်သလို ငါလည်း အပြစ်ကင်းမှာမဟုတ်ဘူး... ငါကြောက်လို့ ပြောနေတာတော့မဟုတ်ဘူး... ပြီးတော့ ငါ့တပ်က ကြမ်းကြမ်းရမ်းရမ်းတပ်... သေဖို့လည်း ဝန်လေးကြတာမဟုတ်ဘူး... ပြီးတော့ ငါတပ်မှာနေရင် မင်းပွဲရဖို့လည်း ခက်လိမ့်မယ်... အဲတော့ မင်းကို ပွဲရနိုင်တဲ့ ငါ့အသိ ဗိုလ်မှူးတပ်မှူးတွေ လက်ထဲ ထားခဲ့မှာ နားလည်လား"

"ဟုတ်... ဟုတ်ကဲ့ပါ... တပ်မင်း... နားလည်ပါပြီ"

"အေး... အဲတာဆို နောက်သုံးပတ်လောက်ကြာရင် ငါ့လူတစ်ယောက်လွှတ်လိုက်မယ် မင်းကျောင်းမှာပဲ စောင့်နေပါ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ တပ်မင်း...ဟို...ဟို...ဒါနဲ့လေ မေးစရာလေးတစ်ခုရှိသေးလို့ပါ..."

"အေး...မြန်မြန်တော့ပြော...ဟိုမှာ ဗိုလ်မင်းဗလမင်းထင် ငါ့ကို စောင့်နေရော့မယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟုတ်ကဲ့... ဟိုလေ... မယ်စံတစ်ယောက် ဘယ်လိုနေလဲသိ...သိချင်လို့..ပါ" ရဲမြတ်၏အသံမှာ ထစ်ငေါ့နေသည်။

"မယ်... စံ... ဘယ်သူလဲ" လက်ျာဘီလူးမှာ မျက်မှောင်ကြုတ်ကာ စဉ်းစားနေရင်းပင်...

"ဩော်... နန်းတွင်းအပျိုတော် ဆိုတာလား"

"ဟုတ်ပါတယ် တပ်မင်း...သူ အဆင်ပြေလား သိချင်လို့ပါ"

"သူ အဆင်ပြေမပြေတော့ ငါမသိဘူး...ဒါပေမယ့်ငါကြားရသလောက်တော့ မယ်မယ်ဘုရားက သူ့ကို မင်းတရားကြီးဆီကနေ အသက်တောင်းပေးတယ်... မင်းတရားကြီးကလည်း သူ့အဖမျက်နှာထောက်ပြီး အသက်လွှတ်ပေးခဲ့ပေမယ့်... အပြစ်ဒဏ်ပေးတဲ့အနေနဲ့ နန်းတွင်းအပျိုတော်ဆိုတဲ့နေရာကနေ ထုတ်ပယ်လိုက်ပြီး သူ့အဖလက် ပြန်အပ်လိုက်တယ်...သူ့အဖကလည်း သူ့အရှက်ခွဲတဲ့သမီးဆိုပြီး သူတို့ဇာတိနယ်ဘက်ကို ပြန်ပို့လိုက်တယ်ကြားတယ်"

ရဲမြတ်မှာ လက်ျာဘီလူး၏ စကားများကြားပြီး မယ်စံအတွက် အလွန်ဝမ်းနည်းမိသွားသည်။

ချစ်သူလည်းဆုံး၊ ရာထူးလည်းဆုံးနှင့် အရှက်လည်းကွဲခဲ့ရသည့်သူမ... သူ နောက်ဆုံးအနေနဲ့ မြင်ခဲ့ရသော မျက်ရစ်များအစ်နေသည့် သူမ၏မျက်နှာလေးကိုလည်း အာရုံထဲတွင် ပြန်မြင်လာရသည်။

ထို့နောက် ရဲမြတ်မှာ မျက်ရည်များ စို့လာသဖြင့် မျက်လုံးတစ်ချက်မှိတ်ကာ ပြန်ဖွင့်ပြီး...

"သူဘယ်ကို ပြန်သွားတယ်ဆိုတာကော သိလားဟင် တပ်မင်း"

"ဒါတော့ ငါလည်း မပြောတတ်ဘူး အညာကိုပဲဖြစ်လိမ့်မယ်... ကဲ ဒါပဲ ငါသွားရတော့မယ် နောက်မှတွေ့တာပေါ့"

ထို့နောက် လက်ျာဘီလူးမှာ ငသုန်တို့ဆွဲထားသော မြင်းပေါ်သို့ တက်ကာ လာရာလမ်းသို့ အဟုန်ဖြင့် ထွက်သွားလေတော့သည်။ ငသုန်နှင့် ငတိုးမှာလည်း ရဲမြတ်အား နှုတ်ဆက်ကာ ဖုန်တောထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

ရဲမြတ်၏ မျက်ဝန်းအစုံမှာလည်း မျက်ရည်များ စို့သယောင်ယောင်ဖြင့်...

❑

"ဝိ...ရွှန်...ဝိ...ရွှန်...ဝိ...ရွှန်..."

mgyoe.com

mgyoe.com SAMPLE BOOK

ဆေးရုံကားသုံးစီးမှာ ပဲခူး အထွေထွေရောဂါကုဆေးရုံဝင်းထဲသို့ ရှေ့ဆင့် နောက်ဆင့် ဝင်လာကြသည်။

"ဘာဖြစ်လာကြတာတဲ့လဲ"

ဆေးရုံအတွင်းရှိ ဆရာဝန်တစ်ဦးမှာ ကောင်တာတွင်ရပ်ကာ သူနာပြုတစ်ယောက်ကို မေးနေသည်။

"ကားအက်ဆီးဒင့်ပဲ ဆရာ... ပဲခူးတံတားအကျော်က အကွေ့လေးမှာ တိုက်ကြတာတဲ့လေ... ကျွတ်ကျွတ်"

သူနာပြုဆရာမလေးမှာ စုတ်သပ်ကာ ပြန်လည်ဖြေကြားလိုက်သည်။

"ကဲ... အရေးပေါ်ခန်းထဲသာ ခေါ်လာခဲ့ကြဟေ့... သွက်သွက်လုပ်ကြ"

ရဲမြတ်တို့ စီးလာသောကားမှာ အရှေ့မှလမ်းချော်ကာ မောင်းလာသော ကားနှင့် ထိပ်တိုက်ဝင်တွေ့မိသွားခြင်းဖြစ်သည်။ တစ်ဖက်မှ ကားမောင်းလာသူမှာ အရက်နည်းနည်းမူးနေသည့်အပြင် အလုပ်ကိစ္စ အဆင်မပြေ၍ ဘေးမှ တပည့်ဖြစ်သူ စပယ်ယာအား လှည့်၍ ဆူပူနေရာမှ မတော်မဆ ဖြစ်သွားကြခြင်းဖြစ်သည်။

ရဲမြတ်၏ယောက်ဖမှာ ထိုကား ရှေ့တည့်တည့်သို့ ဝင်လာသည်ကို တွေ့လိုက်၍ ကွေ့လိုက်သော်လည်း အချိန်လွန်သွားခဲ့ကာ ကား၏ ဘေးဘက်အခြမ်းသို့ တိုက်မိလေသောကြောင့် ခေါင်းနှင့် စတီယာတိုင် ဆောင့်မိသည့်အပြင် လက်နှင့် နံရိုးကို ထောက်မိလိုက်သောကြောင့် နံရိုးပါအက်သွားခဲ့ရသည်။ ထို့ပြင် တစ်ဖက် ကား၏အရှိန်မှာလည်း ပြင်းလှသဖြင့် ဒဏ်ရာအတော်ကြီးသွားသည်။

ရဲမြတ်မှာလည်း ကားကွေ့လိုက်သည့်အပြင် အရှိန်ဖြင့်လာသောကားကြောင့် ခေါင်းမှာ ဘယ်ဘက်အခြမ်းရှိ မှန်နှင့် အပြင်းဆောင့်မိသွားသည့်အတွက် ခေါင်းမှာ အကြီးအကျယ် ဒဏ်ရာရသွားသည်။ ထို့ပြင် ခါးပတ် မပတ်ထားမိသည်ကြောင့် ရှေ့သို့ပြုတ်ကျသွားကာ ခွေလဲသွားသည်။ သို့သော် အစ်မဖြစ်သူမှာ ကံကောင်းသွားသည်လား မဆိုနိုင်။ နောက်ခန်းတွင် လှဲ၍ အိပ်နေသဖြင့် ရှေ့ရှိ ခြေချရာနေရာသို့ လိမ့်သွားရုံမှတစ်ပါး အခြား ကြီးကြီးမားမား ဒဏ်ရာများ မရခဲ့ပေ။

တစ်ဖက်ကားပေါ်မှ ဒရိုင်ဘာနှင့် စပယ်ယာတို့မှာ ပြင်းပြင်းထန်ထန် မထိခိုက်ကြသော်လည်း သတိမေ့သွားကြသဖြင့် ဆေးရုံသို့ ရောက်လာကြလေသည်။ ရဲမြတ်မှာ ခေါင်းကို အတော်လေး ထိခိုက်သွား၍ ခွဲစိတ်ခန်းထဲ ဝင်နေရသည်။ သတိမှာကား တစ်ချက်မှမရသေး။ မကြာမီ ထိုညနေတွင် ရန်ကုန်မှ အမေနဲ့ ဆွေမျိုးသားချင်းများ ရောက်လာကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့အတူ တစ်ဖက်ကားသမား၏ အလုပ်ရှင်မှာလည်း လိုက်လာကာ သူ့ကားသမား၏ အမှားကိုသိရသည့်အတွက် အနူးအညွတ် တောင်းပန်လေသည်။ ထို့နောက် ရဲမြတ်တို့အတွက် ဆေးစရိတ်နှင့် ကားပျက်စီးမှုများကို တာဝန်ခံပေးပါမည်ဟု ဆိုကာ အားတုံ့အားနာဖြင့် ပြန်သွားလေသည်။

ကားသမားမှာ ဒဏ်ရာအနည်းငယ်သာ ရသော်လည်း မိမိကြောင့် ရဲမြတ်နှင့် ယောက်ဖဖြစ်သူမှာ သတိမရကြသေးသဖြင့် အလွန်တုန်လှုပ်နေသည်။ ကားတိုက်မှုဖြစ်၍ သက်ဆိုင်ရာမှလည်း သူ့အား ဆေးရုံမှဆင်းဆင်းချင်းပင် စခန်းသို့ခေါ်ကာ အချုပ်ချထားလိုက်လေသည်။

ရဲမြတ်မှာမူကား ခုတင်ပေါ်တွင် စန့်စန့်ကြီးလှဲနေကာ လောကကြီးနှင့် အဆက်အသွယ်ပြတ်လျက်...။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁၀)

ပြင်းထန်လှသော နေပူရှိန်အောက်တွင် ပူပြင်းသောလေထုကို ဖြတ်သန်းကာ မြင်းနှစ်စီးမှာ ခပ်ရွရွဖြင့် လှမ်းလာနေသည်။

မြင်းထက်မှ လူနှစ်ဦးမှာလည်း စကားတပြောပြောဖြင့်...

"ရှေ့နားတစ်တိုင်ကျော်ဆို ရောက်ပြီကွ.. သိပ်မဝေးတော့ပါဘူး..."

ထိုနောက် တစ်ခဏအကြာတွင်...

"ဟိုး ကုက္ကိုပင်နှစ်ခုကြားက ငါတို့ရွာ အဝင်ပဲလေကွာ... မလှဘူးလား ရဲမြတ်ရ"

"လှပါ့ဗျာ လှပါ့"

"မင်းတော့ ငါတို့ရွာရောက်ရင် မွန်ကာလသားတွေက မျက်မုန်းကျိုးတော့မှာပဲကွ"

"ဟ... ဘာလို့တုန်း ကိုရင်ရ"

"ဘာလို့ဖြစ်မတုံးကွ... မင်းကချောတော့ ငါတို့ရွာသူတွေက မင့် ပိုးပန်းကြမှာမို့လေကွာ... ဟားဟားဟား"

"ဟား... ဟား... ခင်ဗျားကတော့ဗျာ ဖြစ်ရမယ်"

ရဲမြတ်မှာ လက်ျာဘီလူးမှ သုံးပတ်ကြာတွင် လာခေါ် မည်ဆိုသဖြင့် ကြားကာလတွင် ဘုန်းကြီးကျောင်း၌နေရန် ပျင်းပျင်းရှိသောကြောင့် ငမှုံ ရွာပြန်ရာတွင်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ခဲ့ရန် သဘောတူခဲ့သည်။

"ဟေး... ဟေ့... ဟောဟိုက... ငမွန်းစံ မဟုတ်လားကွ... ငါ ငမှုံလေကွာ ငါ ပြန်လာတာကွ"

ပေါက်တူးတစ်လက်ကိုင်ကာ မြေကိုဆွနေသော လူငယ်တစ်ဦးမှာ အော်သံ ကြားရဘက်သို့ လှည့်ကြည့်လေသည်။

"ဟေ... မင်း... မင်း... ငမှုံမဟုတ်လားကွ... ဝမ်းသာလိုက်တာကွာ"

ငမွန်းစံဆိုသော သူမှာလည်း ပေါက်တူးကို ပစ်ချပြီး ငမှုံထံသို့ ပြေးလာ လေသည်။

ထို့နောက် ထိုသူနှစ်ဦးမှာ မွန်စကားဖြင့် အတန်ကြာပြောနေရာမှ ရဲမြတ် ဘက်သို့လှည့်ကာ...

"ကဲ... ရဲမြတ်... ဒါ ငမွန်းစံလို့ခေါ်တယ်... ဒို့ရွာမှာတော့ အကုန်လုံးက ညီအစ်ကိုတွေလိုပဲ... မဟုတ်လား ငမွန်းစံ ဟား...ဟား"

ရဲမြတ်မှာ ရွာသားများ၏ အချင်းချင်းညီညွတ်မှု၊ ပွင့်လင်းမှု၊ ချစ်ခင်မှုများကို မြင်ရသည့်အခါ စိတ်ထဲပင် ကြည်နူးမိလာသည်။

"ဂွံဆိုညာတ်ညးဒ္ဍအ်မိတ်စိုတ်ရ (ဂေ့ချေးညတ်ညင့်(ဟ)စကော့မိ(ပ) ကျော့(တ်)ရ)"

ငမွန်းစံမှာ ရဲမြတ်အား ခေါင်းအသာညိတ်ပြကာ မွန်စကားဖြင့် နှုတ်ဆက် လေသည်။

သို့သော် ရဲမြတ်မှာ နားမလည်သည့်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ ငမှုံ ထံသို့ လှည့်ကြည့်လေသည်။

"ဟား... ဟား... အဲ့တာ မင်းကို မွန်လို နှုတ်ဆက်နေတာ... ကဲ... လာလာ သွားရအောင် မွန်းတောင်တည့်ရောပေါ့"

ထို့နောက် ရဲမြတ်တို့လည်း မြင်းပေါ်မှဆင်းကာ သုံးဦးသား ငမှုံအိမ်သို့ ခြေဦးတည်ခဲ့လေသည်။

ငမှုံနှင့် ငမွန်းစံတို့မှာ မတွေ့တာကြာပြီဖြစ်၍ စကားတပြောပြောဖြင့်... ရဲမြတ်မှာတော့ တစ်စုံတစ်ရာ တွေးတောခြင်းမရှိဘဲ ပတ်ဝန်းကျင်ရှုခင်းများသို့သာ အာရုံစူးစိုက်လျက်။

❑

ထိုနေ့ည သူငယ်အိပ်ချိန်...

mgyoe.com

mgyoe.com SAMPLE BOOK

ရာသီဥတုမှာ နယုန်လပြည့်ကျော်ကာလ မိုးဦးရာသီအစဖြစ်သဖြင့် မိုးများ တဖွဲဖွဲ ရွာလာပြီဖြစ်သည်။

ညနေခင်းတွင်လည်း မိုးများရွာထားခဲ့သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိုစွတ်နေသည်။

ထို့အတူ မြေသင်းနံ့ကလေးများမှာလည်း သင်းပျံ့လျက် ကောင်းကင်ကြီးမှာ လည်း နက်ပြာရောင် မင်ခံပေါ်တွင် အဖြူမှုန်များ ကြဲထားသော ပန်းချီကားချပ် တစ်ချပ်သဖွယ်...

ရဲမြတ်မှာ ညစာစားပြီး၍ အိမ်ရှေ့ရှိ သစ်ပင်အောက်မှ ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ ဆေးပေါ့လိပ်ဖွာရင်း ည၏ အလှအပကို ခံစားနေသည်။

*"ခုနစ်စဉ်ကြယ်ပြောင်၊ အမြီးထောင်၊ သန်ကောင်ချိန်သို့ ရောက်"*

ငယ်ငယ်ကကြားခဲ့ဖူးသော စကားပုံကို သတိရသွားကာ ခုနစ်စင်ကြယ်ကို လိုက်ရှာနေမိသည်။

"ဟူး..."

ရှိုက်ထုတ်လိုက်သော အငွေ့များမှာ လေထုထဲသို့ တိုးဝှေ့ပျောက်ကွယ် သွားသည်။

ခဏအကြာ အနောက်မှ ခြေသံတစ်ခုကို ကြားလိုက်ရသည်။

"ကဲ... ကိုရင်ရဲမြတ် ရေနွေးကြမ်းနဲ့ ထညက် (ထန်းလျက်) လေး စားပါဦးဗျ။ ကျုပ်တို့ရွာသားတွေကတော့ ထမင်းစားပြီး ဒီလိုပဲ စည်းစိမ်ယူကြတယ် ဟဲ...ဟဲ"

"ဒါဆိုလည်း ကြိတ်ရတာပ"

"ဘယ်နှယ့်လဲ... ဒို့ရွာက လှရဲ့မဟုတ်လားကွ"

"လှတယ်ဗျာ လှတယ်... အခုလိုအချိန် ညအမှောင်ခြုံပြီး လရောင်ကြည့်နေ ရတာလည်း သိပ်သဘောကျတယ်ဗျာ"

ငမှုံမှာ သူ့ရွာကို ချီးမွမ်းနေသဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်နေသည်။

ထို့နောက်...

"ခင်ဗျားကို ပြောစရာတစ်ခုရှိတယ်ဗျ ကိုရင်ငမှုံရ... ပြောတာထက် အကူ အညီတောင်းတာမျိုးပေါ့ဗျာ"

"ဆိုပါဦး... ဘာများလဲ"

"ဒီလိုဗျ... ကျုပ်ကို ကုန်းဘောင်တပ်က ကျုပ်နဲ့သိတဲ့ ဗိုလ်မှူးတပ်မင်း တစ်ယောက်က နောက်သုံးပတ်နေရင် ကုန်းဘောင်စစ်တပ်အတွက် တပ်အင်အား

mgyoe.com

mgyoe.com SAMPLE BOOK

ဖြည့်တဲ့အချိန် သူ့အသိ ဗိုလ်မှူးတပ်မှူးတွေဆီမှာ အပ်ပေးမယ် ပြောတယ်ဗျ"

"အင်း... အဲတာနဲ့ ကျုပ်ရဲ့အကူအညီ ဆိုတာက"

"ဒီလိုဗျာ... အဲ ဗိုလ်မှူးက ကျုပ်ကို စိတ်သဘောထား တူလောက်မယ့် အိုးစားဖက် ကြိုရှာထားဖို့ ပြောတယ်ဗျ... အဲတာ"

ငမှုံမှာ ပါးကိုပွတ်ကာ စဉ်းစားနေဟန်ဖြင့်...

"ငါတို့တွေက မွန်တွေလေ ဖြစ်ပါ့မလားကွာ"

"မွန်တွေ ဗမာတွေ ခွဲမနေပါနဲ့ဗျာ... အခုလည်း အားလုံးက တစုတဝေး တည်း ဖြစ်သွားကြပြီ မဟုတ်လား... နောက်ကျရင်လည်း မင်းတရားကြီးအမိန့်နဲ့ ထောင်ပြု ရာပြု ဆယ်ပြု မြို့ရွာတွေကနေ တပ်သားတွေဆင့်ခေါ်ပြီး စစ်ထွက်ရမှာနဲ့ တူတူ တစ်ခါတည်း ကျုပ်တို့ အတူဝင်ထားကြရင် မကောင်းဘူးလားဗျ... ပြီးတော့ ခင်ဗျားကလည်း မွန်ဗမာစပ်ဆိုတော့ ဗမာ့သွေးတစ်ဝက်ပါတာပဲ မဟုတ်လားဗျာ"

ထို့နောက် စကားဝိုင်းမှာ အတန်ကြာ ငြိမ်သက်သွားသည်။

"အေးပါ...ငါ ဒါကို နည်းနည်းစဉ်းစားလိုက်ဦးမယ်... ပြီးတော့ ငါ့ရောင်းရင်း တွေထဲက အချို့ကို ခေါ်ကြည့်ဦးမယ်... ပြီးတော့ ငါတို့ရွာမှာ အင်းဝမပျက်ခင်က ကသည်းတို့နဲ့ စစ်ဖြစ်တုန်း အင်းဝကို စစ်သူကြီးတလပန်းတို့နဲ့ အတူသွားပြီး စစ်တိုက် ခဲ့တဲ့ စစ်သည်ဟောင်းတစ်ဦးကြီးရဲ့သားလည်း ရှိတယ်... စစ်သည်ဟောင်းကတော့ ဆုံးသွားပါပြီ... ဒါပေမယ့် သူ့သားကတော့ အခု ဒီမှာနေနေတာ... ပြီးတော့ သူက လည်း ဗမာစကားတတ်တယ်ကွ...အရင်က တောင်ငူမှာ နေခဲ့တာလေ"

"အိမ်း...ဟုတ်ပြီဗျ... အဲလူကို ကျုပ်စိတ်ဝင်စားတယ်... ခင်ဗျားရအောင် ဆွယ်ပေးနိုင်မလား"

"ဟဲ...ဟဲ...အလကားတော့ မရဘူးနော် ကိုယ့်လူ...ထန်းရည်လေးတော့ ပူဇော်ပသရမယ် ဟားဟား"

"ဟား...ဟား...ခင်ဗျားကတော့ ကျောင်းထိုင်ဘုန်းကြီးနဲ့ တိုင်ခံထိချင်နေ တာ"

သည့်နောက် နှစ်ဦးသား ရေနွေးကြမ်းကို ထန်းရည်အမှတ်နှင့် အဝမော့ကာ အိမ်ထက်သို့ ပြန်တက်ခဲ့လေတော့သည်။

ကြယ်ကလေးများမှာလည်း သူတို့အားကျောခိုင်းသွားသော သူနှစ်ယောက် အား နှုတ်ဆက်လျက်...

❑

mgyoe.com

mgyoe.com SAMPLE BOOK

သုံးရက်ခန့်ကြာသော်။

မနက်ခင်းတစ်ခု…

"တွား…"

"ကိုယ့်လူ အိပ်လှချည်လား… ကျုပ်တောင် ဘုန်းကြီးကျောင်းက ခုပဲပြန်လာတာ… ထထ အကြမ်းစားရအောင်"

"ဘယ်ချိန်ရောက်ပြီလဲ ကိုရင်ငမှုံရ…"

"အေး… နေထန်းတစ်ဖျားလောက် ရှိရောပေါ့…ကဲ…ထတော့ မျက်နှာသွားသစ်ချည်"

ထို့နောက် ရဲမြတ်မှာ မျက်နှာသစ်ရန် အိမ်ရှေ့ဘက်သို့ထွက်လာစဉ် အပျိုလေးငါးဦးမှာ စကားတပြောပြောဖြင့် ခြံဝိုင်းရှေ့သို့ ဖြတ်လာနေသည်ကို တွေ့လိုက်သောအခါ ရုတ်တရက်ရှက်ကာ တန့်သွားလေသည်။ အပျိုများမှာလည်း သူ့အား မြင်သွားပြီး အချင်းချင်း တီးတိုးပြောဆိုကာ ရယ်၍ ထွက်သွားကြသည်။

"ကတောက်စ်…ဒီကောင်မလေးတွေကတော့ ငါနဲ့တွေ့တော့မယ် ဟင်း… ဟင်း"

ရဲမြတ်မှာ တောက်တစ်ချက်ခေါက်ကာ ကြုံးဝါးလိုက်သည်။ မျက်နှာသစ်ပြီးနောက် အိမ်ပေါ်သို့ပြန်တက်ကာ ငမှုံ စားနေသော ထမင်းဝိုင်းသို့ ချဉ်းကပ်လေတော့သည်။ ထို့နောက် ထမင်းစားပြီး မှားမကြာမီပင် ရဲမြတ်မှာ ငမှုံ၏အဆွယ်ကောင်းမှုဖြင့် ထန်းရည်ဆိုင်သို့ ရောက်လာခဲ့လေသည်။

"ဂတ်… ဂစ်… အား…ကောင်းလိုက်တဲ့ တို့ရွာကထန်းရည်လေး…မသောက်ရတာကြာလို့ လွမ်းနေတာကွာ"

ငမှုံမှာ ထန်းရည်ကို ကြိုက်ပုံပေါ်သော်လည်း ဘုန်းကြီးကျောင်း၌ရှိစဉ် အောင့်အည်းထားရသဖြင့် ဆာလောင်မွတ်သိပ်စွာဖြင့် အငမ်းမရ သောက်နေလေသည်။

"ဒီမှာ ရဲမြတ် မင်းကို ငါပြောပြမယ်…ထန်းရည်ကောင်းဆိုတာက သောက်လိုက်တာနဲ့ အာခေါင်မှာ ရှသွားရမယ်။ လေတက်ပြီးရင် ချောင်သွားရမယ်ကွ… ဒါမှ ထန်းရည်အစစ်လို့ခေါ်တာ… သောက်ထားကွ… သောက်ရခဲ့တယ်"

ငမှုံမှာ ထန်းရည်၏ ဂုဏ်သတ္တိများကို အထူးတလည် ရှင်းခန်းဖွင့်နေသည်။ ထို့အတူ ထန်းရည်အစွမ်းများကလည်း ပြလာဟန်တူသည်။

ထို့နောက် ထန်းရည်သုံးခွက်ခန့် ဆက်တိုက်မော့ချပြီး…

mgyoe.com

mgyoe.com

"ရဲမြတ်... ငါဆုံးဖြတ်လိုက်ပြီ...ငါမင်းနဲ့အတူလိုက်ပြီး ကုန်းဘောင်တပ်မှာ အမှုထမ်းမယ်ကွာ... ပြီးတော့ ငါ့ရောင်းရင်းတွေကိုလည်း ငါပြောထားတယ်... ဟို စစချင်း လာတဲ့နေ့က တွေ့လိုက်တဲ့ ငမွန်းစံကို မှတ်မိတယ် မှတ်လား... အေး အဲကောင်နဲ့ ဟို စစ်သည်ဟောင်းရဲ့သားကို ငါခေါ် ထားတယ်... ခဏနေလာကြလိမ့် မယ်ကွ...အေ့...ဂစ်"

ရဲမြတ်မှာ မမျှော်လင့်ထားသော အချိန်ကာလ၌ ဤစကားမျိုးကြားလိုက် ရ သဖြင့် အလွန်ဝမ်းသာသွားသည်။

ခဏကြာသော် ငမွှေချိန်းထားသော လူနှစ်ယောက်မှာ ရောက်လာကြသည်။

"ကဲ... ရဲမြတ် ငါ မင်းကို မိတ်ဆက်ပေးမယ်... ဒါကတော့ မင်းသိပါတယ် ငမွန်းစံပေါ့... ဒီဘက်ကရောင်းရင်းက မြတ်ညိုတဲ့... တောင်ငူမှာမွေးတဲ့ မွန်လူမျိုး ပေါ့ကွာ"

"ဟုတ်ကဲ့... ကျုပ် မြတ်ညိုပါ...နောင်ကြီးရဲမြတ်"

"သြော်... ဟုတ်ကဲ့ခင်ဗျ...ကိုရင်မြတ်ညို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ... ဒီဘက်က ကိုရင်ငမွန်းစံရောပဲနော်"

"ကဲ... ကဲ... ကိုယ့်လူတို့... မကြာခင် အိုးစားဖက်တွေ ဖြစ်တော့မှာဆိုတော့ ခွက်ချင်းတိုက်ပြီး ထန်းရည်သစ္စာလေး ဆိုထားလိုက်ကြရအောင်ကွာ...ဟဲ...ဟဲ"

"ဟား... ခင်ဗျားသစ္စာကလည်း အဆန်းကြီးပါလားဗျ... သွေးသောက် တာလည်း မဟုတ်ဘူး ဟား...ဟား...ဟား"

မြတ်ညို ဝင်ပြောလိုက်သည်နှင့် တစ်ဝိုင်းလုံးမှာ ပွဲကျသွားလေသည်။

ယောကျ်ားလေးတို့မည်သည် မည်မျှပင် သူစိမ်းဖြစ်နေစေကာမူ သေရည် အတူသောက်ကြရရင် ညီအစ်ကိုဖြစ်သွားတတ်သည် ဆိုသော စကားမှာ မှန်နေ ကြောင်း ဤဝိုင်းကလေးက သက်သေခံနေလေတော့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁၁)

ရဲမြတ်မှာ ရွာတွင် ရှိနေစဉ်ကာလအတွင်း ရွာနီးချုပ်စပ်များသို့ သွားရောက်လည်ပတ်လေသည်။ နေ့လယ်ပိုင်းအချိန်များတွင် မြတ်ညိုက ရိုးရာသိုင်းအခြေခံများကို သင်ကြားပေးလေ၏။

ရဲမြတ်မှလည်း ယခင်က ဟံသာဝတီတွင် ကြီးကျယ်ခမ်းနားစွာ အုပ်ချုပ်မင်းလုပ်ခဲ့ကြသော မွန်ဘုရင်ရာဇဓိရာဇ်၏ အင်းဝနှင့်ဖြစ်သော နှစ်လေးဆယ်စစ်ပွဲများနှင့် မြန်မာမင်း ဘုရင့်နောင်မင်းတရားကြီးတို့၏ စစ်အောင်ပွဲအလီလီတို့ကို ပြောပြလေသည်။

ထို့ကြောင့် ဒိုးစားဖက်များမှာလည်း ဇာတိမာန်များ ပိုကြွလာဟန်တူသည်။ ထို့ပြင် ညနေခင်း အားလပ်သောအချိန်များတွင်မူ ကာလသားများနှင့်အတူ ရွာလယ်ရှိ ကွင်းပြင်၌ ခြင်းခတ်ကြသည်။ ထိုအချိန်များ၌ လုံမပျိုကလေးများမှာ ထိုခြင်းဝိုင်းနားတွင် တဝဲလည်လည် ရှိလှသည်။ မွန်လူငယ်များမှာလည်း မိန်းမပျိုများရှေ့တွင် ဟန်လုပ်ကာ အစွမ်းပြကြလေသည်။ ထိုးကွင်းမင်ကြောင်ရှိသော သူများမှာလည်း ခါးတောင်းများကျိုက်လျက် ယောက်ျားပီသကြောင်း ပြကြသည်။

ထိုကာလအတောအတွင်းတွင် ရဲမြတ်တစ်ယောက် ခေါင်းမကြာမကြာကိုက်လာသည်။ ထို့ကြောင့်လည်း ငမှုံ၏မိဘများက ရွာထဲရှိ မွန်ရိုးရာဆေးဆရာကြီးဆီခေါ်သွားကာ ဆေးများ တောင်းလာကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆေးရွက်ကို ထုံးသုတ်၍ မီးကင်ပြီးရှူရသော မွန်ရိုးရာ ဆေးမြီးတိုနည်းကို သုံးသောအခါမှသာ ခေါင်းကိုက်ဝေဒနာမှာ အနည်းငယ် ပျောက်လာဟန်ရှိသည်။ သို့သော် ကင်းကင်းရှင်းရှင်း ပျောက်ကင်းသွားသည်တော့ မဟုတ်ပေ။

ထိုမှ ရွာတွင်နှစ်ပတ်ကျော်နေပြီးသောအခါ ဟံသာဝတီမြို့ဘက်သို့ ပြန်လာခဲ့ကြလေသည်။

အလာလမ်းတွင် မြင်းနှစ်စီး လူနှစ်ယောက်သာဖြစ်သော်လည်း အပြန်လမ်းတွင်မူ မြင်းလေးစီး လူလေးယောက်။ အခြားရွာသားများမှာ စစ်ထဲမဝင်ချင်သေးဟူသော အကြောင်းပြချက်များပြကာ ငြင်းသဖြင့် အိုးစားဖက်မှာ မစုံမလင်ပင်။ ထို့ကြောင့် ပဲခူးရောက်မှ ရှာမည်ဟုဆိုကာ လေးဦးတည်းပင် ထွက်လာခဲ့ကြလေတော့သည်။

ပဲခူးမြို့သို့ ပြန်ရောက်ပြီး မကြာမီ သူတို့မရှိစဉ် ဖြစ်ပျက်ခဲ့သော အခြေအနေများကို အနည်းငယ် စနည်းနာကြည့်၍ ကြားသိရသည်တို့မှာ မင်းတရားကြီးသည် ပဲခူးမြို့ရှိ စေတီတော်များကို ရွှေထီးများတင်စေသည်။

ဟံသာဝတီ သုံးဆယ့်နှစ်မြို့၊ ပုသိမ်သုံးဆယ့်နှစ်မြို့၊ မုတ္တမသုံးဆယ့်နှစ်မြို့စသော ရာမညတိုင်း မွန်သုံးရပ်လုံးကို သိမ်းယူရရှိတော်မူပြီး ယွန်းပြည်နှင့် ရှမ်းပြည်မှ စော်ဘွားများသည်လည်း လက်ဆောင်တော်များ ဆက်သကာ ရွှေဖဝါးအောက်သို့ ခိုလှုံလာကြသည်။ ရွှေနန်းတော်သို့ဝင်ကာ ဝင်ရောက်ဖူးမြော် အရိုသေပေးကြ၏။ ထို့နောက် အလောင်းမင်းတရားကြီးမှာ ပဲခူးမြို့သည် နောင်တွင် ယခင်ကကဲ့သို့ ပြန်လည် ပုန်ကန်မှုမျိုး ဖြစ်မည်စိုးသဖြင့် ဝါဆိုလဆန်းကိုးရက်နေ့ (၂၄ ဇွန်) တွင် ဟံသာဝတီပြင်မြို့ အတွင်းမြို့ စသည့် မြို့၏ စစ်အင်္ဂါရပ်များအားလုံးကို သူပုန်တို့အမှီအခို မပြုနိုင်စေရန် ဖျက်ဆီးစေလေသည်။

ဤသို့ဖြင့် အလွန်ကြီးမား ခမ်းနားတင့်တယ်ခဲ့သော ဟံသာဝတီမြို့မှာ ကျဆုံးခန်းသို့ ရောက်ရတော့သည်။

ထို့နောက် ရဲမြတ်တို့လေးဦးသားလည်း ဘုန်းကြီးကျောင်းတွင်သာ တည်းကာ လက်ျာဘီလူး လွှတ်လိုက်မည်ဆိုသောသူအား စောင့်နေလေတော့သည်။

❑

ပဲခူး အထွေထွေရောဂါကုဆေးရုံ၏ ခုတင်တစ်ခုပေါ်၌ ဘေးနားတွင် အမေနှင့် ဆွေမျိုးသားချင်း ညီအစ်ကိုများ ခြံရံလျက်...

ရဲမြတ်သည် ဆေးရုံရောက်သည်မှာ နှစ်ညနှင့်သုံးရက် ရှိပြီဖြစ်သော်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

သတိမရသေးပေ။

ကန့်လန့်ကာတစ်ခုသာခြားသော ခုတင်ပေါ်ရှိ ယောက်ဖဖြစ်သူမှာလည်း ထို့အတူပင်။

အစ်မဖြစ်သူမှာ ချစ်သူအတွက်တစ်မျိုး၊ မောင်အတွက်တစ်ဖုံ စိတ်မကောင်းဖြစ်ကာ တရှုံ့ရှုံ့ငိုနေလေသည်။

ထို့နောက် ရဲမြတ်တို့အား ပဲခူးဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံသို့ ရွှေ့ပြောင်းရန် ဆရာဝန်များ၏ အကြံပေးချက်အရ ရန်ကုန်သို့ပို့ရန် ပြင်ဆင်ရလေသည်။ ထိုနေ့လယ်ခင်းတွင်ပင် ပဲခူးမြို့တွင်းရှိ လူမှုကူညီရေးအဖွဲ့များ၏ လူနာတင်ယာဉ်အကူအညီဖြင့် ရန်ကုန်ဆေးရုံသို့ ပြောင်းရွှေ့ခဲ့သည်။

ယင်းသည့်တိုင် ရဲမြတ်မှာ မလှုပ်မယှက်ဖြင့် အိပ်စက်လျက်ပင်...

❑

"ကွတ်ကွတ်ကွတ် ခေါင်းကလည်းကိုက်လိုက်တာ... နောက်ကနေ အုံပြီး ထိုးနေသလိုပဲ"

"မင့်ဟာက ခုထိမပျောက်သေးဘူးလား ရဲမြတ်ရ...ဟိုတစ်ခါ မွန်ဆေးဆရာ ပေးတဲ့နည်းသုံးတာ ပျောက်ပဆို"

"ပျောက်တော့ပျောက်ပါရဲ့ဗျာ...ဒါပေမဲ့ နည်းနည်းကြာ ပြန်ကိုက်လာတော့ လည်း... ဘယ်သွားသွား ဒီဆေးတွေ ဆောင်ထားရမလိုပဲ ကိုရင်ရ"

ရဲမြတ်မှာ ခေါင်းတကုတ်ကုတ်ဖြင့် ညည်းတွားနေသည်။

"ဒါနဲ့ ဗိုလ်လေးယောက် ဘုန်းကြီးကျောင်းမှာ စောင့်နေတာလည်း နှစ်ရက်ရှိရော့မယ် ဘယ်မလဲ မင်း တပ်မှူး"

ငမွန်းစံမှာ စောင့်နေရသည်ကို မကြိုက်သူပီပီ ဝင်ပြောလေသည်။

"ကျုပ်လည်း မသိဘူးလေဗျာ၊ သူက သုံးပတ်လောက်မှ လွတ်မယ်ပြောတာ... ကျုပ်တို့က ရွာကနေ နှစ်ပတ်အကျော်ကတည်းက ထွက်လာတာဆိုတော့လည်း နည်းနည်းတော့ စောင့်ဦးမပေါ့ ကိုရင် ငမွန်းစံရ"

"အေးပါကွာ... ငါက စိတ်ပူလို့ပါဟ..."

ထိုစဉ် ဘုန်းကြီးကျောင်းဝန်းထဲသို့ မြင်းသည်တစ်ဦး ဒုန်းစိုင်းဝင်လာကာ ဘုန်းကြီးကျောင်းပေါ်သို့ တက်သွားသည်ကို သစ်ပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော သူတို့လေးဦး မြင်လိုက်ရသည်။

"ဘာအရေးပေါ်ပြန်ပြီလဲ မသိဘူးဟ..."

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် မကြာမီပင်တက်သွားသော မြင်းသည်နှင့်အတူ ဘုန်းကြီးတစ်ပါး အတူပါလာသည်ကို တွေ့လိုက်ရသည်။

ဘုန်းကြီးမှာ မြင်းသည်အား ရဲမြတ်တို့ထံသို့ ဦးဆောင်ခေါ် ဆောင်လာကာ

"ကဲ... ဒကာတို့... ဒကာတို့စောင့်နေတဲ့ ကုန်းဘောင်တပ်ကလူ ရောက်လာပြီ... ကဲ စစ်သည်ဒကာလေး ဒီမှာနော်...ကိုယ်တော်သွားပြီ" ဘုန်းကြီးမှာ သူ့တာဝန်ပြီးပြီနော် ဟူသော အပြုံးဖြင့် မြင်းသည်အား နှုတ်ဆက်ကာ လှည့်ထွက်သွားလေသည်။

"နောင်ကြီးတို့ထဲက ရဲမြတ်ဆိုတာ ဘယ်သူလဲဗျ"

"ကျုပ်ပဲဗျ... ကိုရင်က တပ်မင်း လက်ျာဘီလူး လွှတ်လိုက်တာလား"

မြင်းသည်မှာ ရှာနေသည်ကိုတွေ့လိုက်ရသဖြင့် မျက်နှာမှာ ဝင်းလက်သွားကာ...

"ဟုတ်ပါတယ်ဗျ ဟုတ်ပါတယ်...တပ်မှူးက ကိုရင်တို့ကို စကားစေပါးခိုင်းလိုက်လို့ပါ"

မြင်းသည်မှာ ရဲမြတ်အား လက်ျာဘီလူး၏အသိ ဖြစ်သဖြင့် အလွန် ချေချေငံငံ ဆက်ဆံနေသည်။

"ဩော်... ဟုတ်ကဲ့... ပြောပါဗျ"

"နောက်နှစ်ရက်ကြာရင် မြို့ရဲ့အနောက်ဘက်မှာ တပ်တော်တွေ တပ်အင်အားအသစ်တွေ စုဆောင်းကြမှာပါ...အဲ့တာ ကိုရင်ရဲမြတ်တို့ကို အမီလာဖို့ ပြောခိုင်းလိုက်ပါတယ်...လာရင်လည်း တပ်မှူးက သူ့ဆီအရင်လာလို့ ပြောပါတယ်ခင်ဗျ"

"ကျုပ်တို့က... တပ်တွေအများကြီးမှာ သူတို့ကို ဘယ်လိုရှာရမှာလဲဗျ"

မင်းသည်မှာ အနည်းငယ်ပြုံးသွားဟန်ဖြင့်...

"ကိုရင်တို့ကလည်း လက်ျာဘီလူးဆို တပ်တိုင်း သိပါတယ်ဗျ"

"ဟုတ်ပြီ ဟုတ်ပြီဗျ... သတင်းစကားအတွက် ကျေးဇူးတင်ပါတယ်... ကျုပ်တို့ ဆက်ဆက်လာခဲ့ပါ့မယ်... ဒါနဲ့ တအောင့်လောက် ဒီမှာနားပြီး ထမင်းလေးဘာလေး စားသွားပါဦးလားဗျ"

"တော်ပြီဗျ... ကျုပ်လည်း တာဝန်ရှိသေးလို့ အမီပြန်ရမှာမို့ပါ...သွားလိုက်ပါဦးမယ်... ကိုရင်တို့"

ထို့နောက် မြင်းသည်မှာ ဘုန်းကြီးကျောင်းအောက်ရှိ မြင်းရှိရာသို့ ပြန်သွားပြီး မြင်းကို ဒုန်းစိုင်းစီးကာ ပြန်ထွက်သွားလေသည်။

ရဲမြတ်တို့ တစ်သိုက်လည်း မြင်းသည် ထွက်သွားသည်ကို မျက်စိတစ်ဆုံး

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ကြည့်ရင်း မြင်ကွင်းမှ ကွယ်သွားတော့မှ ရဲမြတ်မှပင် စကားစကာ...

"ကဲ... ကိုရင်တို့ ညီနောင်တို့...ကျုပ်တို့က မကြာခင်ပဲ စစ်ထဲလိုက်ရတော့မယ်... စဉ်းစားကြည့်ရင်တော့ ဝမ်းသာစရာပဲဗျ... ဒီလိုဆောင်ရွက်ခွင့်ရတာ... ကဲ ဘာဖြစ်ဖြစ် ဒီနေ့နဲ့ မနက်ဖြန်ကို လိုတာတွေ တစ်ခါတည်း ပြင်ထားကြရအောင် မဟုတ်လား"

"အေး... ဟုတ်ပြီကွ... ကဲ အခုပဲ လုပ်ထားရအောင်"

ငမှုံတို့သုံးယောက်မှာလည်း စိတ်ကြွနေကာ ချက်ချင်းပင်ထ၍ ပြင်ဆင်ရန် သစ်ပင်အောက်မှ ထွက်ခွာသွားကြလေတော့သည်။ ထို့ကြောင့် ရဲမြတ်မှာလည်း နောက်မှ အမီလိုက်ခဲ့ရလေတော့သည်။

❑

နှစ်ရက်ကြာသော်။

ကောင်းကင်ကြီးမှာ တစ်ညတာလုံး ဒေါသတကြီး မိုးရွာသွန်းထားသဖြင့် မနက်ခင်းတွင် တိမ်ကင်းစင်နေသည်။ သို့သော် မိုးစက်ပေါက်ကလေးများမှာမူ ကျဆဲပင်။

ရဲမြတ်တို့ လေးဦးသားမှာ ခမောက်များ ကိုယ်စီဆောင်းကာ ဘုန်းကြီးကျောင်းမှ ခြေလျင်ထွက်ခဲ့ကြလေသည်။ ခြေလျင်တပ်သားများအဖြစ် အမှုထမ်းရမည်ဖြစ်၍ ပါလာသော မြင်းများကို ဘုန်းကြီးကျောင်းမှာပင် အပ်ခဲ့ကြရသည်။ ရဲမြတ်မှအပ ကျန်သုံးဦးမှ မိမိတို့၏ ဆောင်ဓားများကိုယ်စီဖြင့် နေမွန်းတည့်ချိန်ခန့်တွင် ဟံသာဝတီမြို့ နောက်ပြင်ဘက်သို့ ရောက်လာကြသည်။

ထို့နောက် ရဲမြတ်တို့လည်း အနည်းငယ်မေးမြန်းစုံစမ်းကြပြီး လက်ျာဘီလူး၏ တပ်သို့ ရောက်ခဲ့လေသည်။

"ကဲ... ရောက်ပြီလား... အိုးစားဖက်တွေကော စုံရဲ့လား ရဲမြတ်"

"မှန်ပါ့...အိုးစားဖက်က တစ်ယောက်တော့ လိုနေပါတယ် တပ်မင်း"

"အင်း... ကိစ္စမရှိပါဘူး... ဟိုရောက်မှ ရှာကြပေါ့... မင်းကို ငါ့အသိဗိုလ်မှူးတပ်မှာ ခန့်အပ်ဖို့ ငါ ပြောထားတယ်၊ ခဏနေရင် ငါ့ရဲမက်တစ်ယောက် မင်းကို လိုက်ပို့လိမ့်မယ်... ဟုတ်ပလား"

"မှန်ပါ... ကျေးဇူးကြီးမားလှပါတယ် တပ်မင်း"

"အိမ်း... ဒါထက်... မင်း ဘာအကူအညီလိုသေးလဲ"

"ကျွန်တော်မျိုး ပြောရရင်ဖြင့် ဓားကောင်းတစ်လက်လိုနေပါတယ် တပ်မင်း

mgyoe.com

mgyoe.com SAMPLE BOOK

... ကျွန်တော်မျိုး အိုးစားဖက်တွေမှာ ကိုယ်စီ ကိုယ်စီ ဓားများ ယူခဲ့ကြပေမယ့်... ကျွန်တော်မျိုးမှာ ခုထိ ဓားမရှိသေးလို့ပါ တပ်မင်း"

လက်ျာဘီလူးမှာ ခဏတာ စဉ်းစားနေဟန်ဖြင့်...

"ငါတို့ ကုန်းဘောင်တပ်တွေ ကမာပိခံတပ်ကို တိုက်တုန်းက ငါ့ဓားချက်မိသွားတဲ့ တပ်မှူးတစ်ယောက်ရှိတယ်။ အဲတပ်မှူးရဲ့ဓားက အတော်ကောင်းတာနဲ့ ငါလည်း ယူခဲ့လိုက်တယ်။ အခုတော့ အဲဓား ပိုင်ရှင်အသစ်တွေ့ပြီပေါ့ကွာ... ဟော့ငကျော် ဟိုတစ်ခါ ငါ မွန်တပ်မှူးဆီက ရခဲ့တဲ့ဓား ဒီကိုယူခဲ့စမ်းကွာ"

ဗိုလ်မှူး မင်းထင်နော်ရထာဘွဲ့ခံ လက်ျာဘီလူးမှာ သူ့ရဲမက်အား လက်နက်ပစ္စည်းများ သိုလှောင်ရာသို့ စေလွှတ်၍ ဓားကို အယူလွှတ်စေသည်။ ခဏအကြာ ရဲမက်ပြန်ရောက်လာလေ၏။

"ဒီမှာပါ တပ်မှူး"

"အေး... ရပြီ မင်းသွားလို့ရပြီပ...ကဲ ရဲမြတ် ဒီဓားကို မင်းယူလိုက်ပါ... ကိုယ်နဲ့မကွာ အမြဲစောင့်ရှောက်ထားပါ"

ဓားမှာ အသွားတစ်တောင့်တစ်ထွာနှင့် အရိုးတစ်ထွာခန့် ရှိသော ငှက်ကြီးတောင်ဓား အမျိုးအစားဖြစ်သည်။ အဖျားမှာ ငှက်၏ အတောင်ကဲ့သို့ ကော့နေပြီး ဓားရိုးတွင်လည်း ငွေရောင်ကနုတ်များ ပုံဖော်ထားသည်။ ဓားအိမ်ချွတ်လိုက်သောအခါ ဓားသွားမှာ အလွန် ပြောင်လက်တောက်ပနေသည့် အပြင် တစ်ခဏချင်းတွင်ပင် ရဲမြတ်၏ ရိုးတွင်းခြင်ဆီထဲ၌ အမျိုးအမည်မသိ အရသာတစ်မျိုး ခံစားလိုက်ရသည်။

"ကဲ... မင်းတို့သွားလို့ရပြီ... ဟောဟိုက ငါ့ရဲမက် လိုက်ပို့ပါလိမ့်မယ်... အစစအရာရာ ဂရုစိုက်ပါ"

"မှန်လှပါ ကျေးဇူးကြီးမားလှပါတယ် တပ်မင်း... ကျွန်တော်မျိုးတို့ သွားလိုက်ပါဦးမယ်"

ထို့နောက် ရဲမြတ်တို့ လေးဦးသားလည်း ရဲမက်ခေါ်ဆောင်ရာသို့ လိုက်လာခဲ့ကြလေသည်။

"ဒါနဲ့ ကိုရင်... ကျုပ်တို့က အခု ဘယ်ဗိုလ်မင်းထံမှာ တာဝန်ထမ်းဆောင်ရမှာလဲ သိလား"

ရဲမက်မှာ ရဲမြတ်၏အမေးကို ဖြေရန် အနောက်သို့ လှည့်လာလေသည်။

"ကိုရင်တို့ ကံကောင်းသဗျ... ကျုပ်တို့တပ်မှူး ကောင်းမှုနဲ့ ခင်ဗျားတို့က ဗိုလ်မှူး မင်းခေါင်နော်ရထာရဲ့လက်အောက်က တပ်မှူးတစ်ယောက်ဆီမှာ အမှုထမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

ရမှာဗျ"

"ဗျာ... မင်းခေါင်နော်ရထာ... ဟုတ်လား"

မင်းခေါင်နော်ရထာ ဟူသောဘွဲ့မှာ ဟံသာဝတီကို သိမ်းပိုက်ပြီးမှ မင်းတရားကြီးက ပေးခဲ့သောဘွဲ့တော်ဖြစ်သည်။

ထို့ကြောင့် ရဲမြတ်၏ ဘေးမှပါလာသော သုံးဦးသားမှာ ထိုဘွဲ့ခံဗိုလ်မှူးကို မသိကြပေ။ သို့သော် ရဲမြတ်မှာ မျက်ခုံးများပင် ပင့်သွားကာ...

"ဟို... မင်းခေါင်နော်ရထာဆိုတာ...ဗိုလ်...ဗိုလ်တွန်လားဗျ ကိုရင်"

"ဟုတ်ပါ့ဗျာ...မင်းတရားကြီးရဲ့ လက်ရုံးနှစ်ဖက်ထဲက တစ်ဖက်ဖြစ်တဲ့ ဦးတွန်ပေါ့ဗျာ"

ရဲမြတ်မှာ အလွန်အမင်းအံ့ဩသွားကာ ဘေးမှ သူ့ရဲဘော်များအား လှည့်ကြည့်လိုက်သည်။

ကျန်သူများမှာလည်း မင်းခေါင်နော်ရထာဟူသောသူအား မသိသော်လည်း ဗိုလ်တွန် ဟူသော အသံ ကြားလိုက်ရ၍ အလွန် အံ့ဩထိတ်လန့်သွားသည်။

အကြောင်းဆိုသော်... ဗိုလ်တွန်မှာ အလောင်းမင်းတရားကြီး ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်ရာတစ်လျှောက်တွင် ပါဝင်ခဲ့သော အလွန်ရဲရင့်ထက်မြက်သော ကုန်းဘောင်ဗိုလ်မှူးတစ်ဦး ဖြစ်သောကြောင့်ဖြစ်သည်။ စစ်ပွဲတိုင်းတွင် ရှေ့ဆုံးမှ သူ့ရဲဘော်များအား ဦးဆောင်ကာ ဉာဏ်ရှိရှိဝင်တိုက်တတ်သည်။ ဆံပင်ဖားလျားချ၍ ဘီလူးသရဲစီးသလို တိုက်ခိုက်သည်ကိုလည်း တစ်ဖက် ဟံသာဝတီစစ်သည်များ အလွန်ကြောက်ရွံ့ခဲ့ရသည်။

မင်းတရားကြီးသည် ရန်ကုန်ကိုသိမ်းပိုက်ပြီးနောက် ရတနာသိင်္ချေမြို့တော်သို့ပြန်ခိုက် ဗိုလ်တွန်နှင့် လက်ျာဘီလူးတို့မှာ ရန်ကုန်မြို့စောင့်တပ်အနေနှင့် ကျန်ခဲ့ပြီး မွန်တပ်များ၏ တိုက်ခိုက်မှုများကို အကြိမ်ကြိမ် ခုခံနိုင်ခဲ့ကြသည်။

ထိုသို့ နာမည်ကြီး ဗိုလ်မှူးကြီး၏ လက်အောက်ရှိ တပ်တစ်တပ်တွင် အမှုထမ်းရမည်ဖြစ်သဖြင့် ရဲမြတ်တို့လေးဦးသားမှာ အလွန်တက်ကြွလာကြသည်။ ဤသို့ဖြင့် အနည်းငယ် လျှောက်လာခဲ့ကြပြီးနောက် ဗိုလ်တွန်၏တပ်သို့ ရောက်ခဲ့ကြလေသည်။

"တပ်မှူးဘုရား...ဒါ ဗိုလ်မှူးမင်းထင်နော်ရထာ စေလွှတ်လိုက်တဲ့သူတွေပါ ဘုရား"

ရဲမက်မှာ လက်အုပ်ချီ ဒူးတုပ်ကာ တပ်မှူးဆိုသူကို အစီရင်ခံလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"အေး... ဟုတ်ပြီ၊ သူတို့ကို ငါ့ဆီအပ်ခဲ့ပါ မင်း ပြန်လို့ရပါပြီမောင်မင်း"

ထို့နောက် ရဲမက်ဖြစ်သူမှာ လှည့်ထွက်သွားတော့သည်။

"ကဲ... မောင်မင်းတို့ အိုးစားဖက် စုံရဲ့လားကွဲ့"

"မှန်ပါ့ တစ်ဦးတော့ လိုပါသေးတယ် တပ်မှူး"

"အေးဟုတ်ပြီ... ဟောဟိုကသူတွေကလည်း အမှုထမ်းဖို့လာကြသူတွေပဲ... မင်းတို့နဲ့ သင့်တော်မယ့်သူကို ရှာပြီး ဒီပဲပြန်လာခဲ့ကြ... ဟုတ်ပလား"

တပ်မှူးဖြစ်သူ၏ စကားကြောင့် ရဲမြတ်တို့လည်း လူအုပ်ကြီးရှိရာသို့ထွက်လာကာ ကျန်သော အိုးစားဖက်ကို လိုက်လံမေးမြန်း ရှာဖွေကြသည်။

ကွမ်းတစ်ရာညက်ခန့်ကြာအောင် ရှာပြီးသော်...

လူတစ်ဦး လက်ပိုက်ရပ်ကာ ဓားကို ညာဘက်လက်တွင် ကိုင်ထားသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏မျက်လုံးမှာလည်း သိန်းငှက် အစာရှာသကဲ့သို့ စူးရှကာ အိုးစားဖက်ကို ရှာနေဟန်ရှိသည်။

ထိုအခိုက် အိုးစားဖက်တစ်ဦး ရှာနေသူနှင့် အဖွဲ့ရှာသူနှင့် ချိတ်ဆက်မိသွားကြလေသည်။

"နောင်ကြီးက အမှုတော်ထမ်းဖို့ လာတာပဲလားဗျ"

"ဟုတ်တယ်...ကျုပ်လည်း ကိုယ်နဲ့သင့်မယ့်လူ ရှာနေတာပ...ကိုရင်တို့က လေးယောက်လား"

"ဟုတ်တယ် နောင်ကြီး... နောင်ကြီး ကျုပ်တို့နဲ့ ပူးပေါင်းပါ့လား"

ထို့နောက် ထိုလူမှာ ရဲမြတ်တို့လေးဦး၏ မျက်နှာများအားကြည့်ကာ...

"ကိုရင်တို့ထဲက မွန်တွေပါ ပါတယ်လား"

"ဟုတ်တယ်ဗျ... မွန်ဗမာစပ်တွေလည်းပါတယ်၊ မွန်တွေလည်း ပါတယ်ဗျ"

"ကဲပါ... ထားပါလေ၊ ကျုပ် ခင်ဗျားတို့နဲ့ပူးပေါင်းပါမယ်၊ ကျုပ်နာမည် ငထွန်းသာပါ သာယာဝတီသားပါ"

"ဟုတ်ပြီဗျ... ကျုပ်က ရဲမြတ်ပါ... ဒီဘက်က... ငမှုန် ငမွန်းစံနဲ့ မြတ်ညိုပါ"

ဤသည်ဖြင့် ငါးဦးသား အဖွဲ့ကျသွားကာ စာရင်းပေးရန် တပ်မှူးဆီသို့ ပြန်လာခဲ့ကြသည်။

ထို့နောက် တပ်မှူးဖြစ်သူမှ...

"ကဲ...အခုမင်းတို့က ကုန်းဘောင်တပ်သားတွေဖြစ်ပြီ... အဲတော့ ခု မင်း

mgyoe.com

mgyoe.com SAMPLE BOOK

တို့ထဲက အိုးစားကြီး ရွေးချယ်မယ်။ အေး... မရွေးချယ်ခင် မင်းတို့သဘော ဆန္ဒကို သိချင်သေးတယ် မင်းတို့ ဘယ်သူ့ကို တင်မြှောက်ချင်လဲ"

ဤတွင် ငါးဦးသား အချင်းချင်းကြည့်ကြကာ... ရဲမြတ်မှပင်စ၍

"ဟောဒီက ကိုမြတ်ညိုကို တင်ချင်ပါတယ်"

"ဟာ မဟုတ်ဘူး ကိုရင် ရဲမြတ်ကိုပဲ တင်ချင်တယ်... ဟုတ်တယ်မလား ကိုရင်တို့"

မြတ်ညိုမှာ အတင်းငြင်းဆိုကာ ဘေးမှသူများကို အားကိုးတောင်းသည့် အနေနှင့် လှမ်းမေးလေသည်။

"ကဲ... စကားတွေရှည်မနေနဲ့... မြန်မြန်ပြောကြဟ... ငါ့မှာ မင်းတို့ပဲ ရွေးစရာရှိတာ မဟုတ်ဘူးဟ"

"မှန်... မှန်ပါ... ရဲမြတ်ကိုတင်ပါတယ် ဘုရား"

အကုန်လုံးမှာ တညီတညွတ်တည်း ထောက်ခံကြလေသည်။

တပ်မှူးမှာလည်း အစောကတည်းက လက်ျာဘီလူး ပြောထား၍ ရဲမြတ်အား အိုးစားကြီးပေးရန် ဆုံးဖြတ်ပြီးသား ဖြစ်လေသည်။

"ကဲ... ဒါဆို ငရဲမြတ်... မင်းတို့ဆီ မကြာခင် အကြပ်တစ်ယောက်လာပြီး လုပ်ရမှာတာတွေ ပြောပြလိမ့်မယ်၊ ပြီးရင် မင်းတို့မယ် ပါလာတဲ့ပစ္စည်းတွေအပြင် အခြားလိုတဲ့ဟာတွေကိုလည်း သူပဲ ထုတ်ပေးလိမ့်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ တပ်မှူး"

"အိမ်း... ဒါဆိုရပြီ ဟိုနားက တန်းလျားကို သွားကြတော့"

"ဟုတ်ကဲ့ပါ တပ်မှူး"

ထို့နောက် ရဲမြတ်တို့လည်း တန်းလျားရှိရာသို့ ထွက်ခဲ့ကြလေသည်။

မကြာမီပင် အကြပ်တစ်ဦးရောက်လာကာ အိုးစာဖက်တစ်စုံတွင် ရှိရမည့် ပစ္စည်းများဖြစ်သော ဓားမတစ်လက်၊ ပုဆိန်တစ်လက်၊ တူးရွင်းဆောက်တစ်လက်၊ ကြေးအိုးတစ်ခု၊ မိုးကာတစ်ခုနှင့် သူတို့၌မပြည့်စုံသော အခြားလိုအပ်သည့်ပစ္စည်း အချို့တို့ကို ပေးအပ်လေသည်။ ထို့နောက် အိုးစားဖက် အချင်းချင်းတို့ကို သွေးသောက်စေလေ၏။

သို့ဖြင့် သွေးသောက် ရဲဘော်ငါးဦးမှာ ကုန်းဘောင်တပ်မတော်အတွက် အမှုထမ်းရန် အသင့်ရှိနေလေတော့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁၂)

ထိုမှ တစ်ပတ်ခန့်ကြာသော်။

ဝါဆိုလပြည့်ကျော်နှစ်ရက်နေ့ (၂ ဇူလိုင်)

ပဲခူးမြစ်ကမ်းတစ်ခုလုံးမှာ သင်္ဘောများ၊ ဖောင်တော်များ၊ တိုက်လှေများ၊ လှေငယ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ဒေါင်းအလံများမှာလည်း လေလွင့်ရာသို့ လိုက်ပါကာ လွင့်မြူးနေကြသည်။

အလောင်းမင်းတရားကြီးသည် ဟံသာဝတီနန်းထက်တွင် နှစ်လခန့် စံတော်မူပြီးနောက် ရတနာသိင်္ခရွှေဘိုမြို့တော်သို့ ပြန်တော်မူလေသည်။ ပဲခူးမြို့ကို မူကား သူပုန်များ ခိုလှုံထကြွမည်စိုး၍ ဖျက်ဆီးခဲ့လေသည်။ ကုန်းဘောင်တပ်သို့ ခိုလှုံလာသူ ဒေါ်စွယ်ယစက်ကို ဗညားဒလဘွဲ့ထူးပေးကာ မုတ္တမမြို့စောင့်အနေနှင့် ခန့်တော်မူခဲ့သည်။

ထို့နောက် လပြည့်ကျော်နှစ်ရက်နေ့တွင် ဟံသာဝတီနန်းတော်မှထွက်ကာ ရွှေဖောင်တော်ကို စီးတော်မူ၍ ရန်ကုန်သို့ ဗိုလ်မှူး ဗိုလ်ချုပ်တပ်မှူးများနှင့် စစ်သည် ရဲမက်များစွာ ခြံရံလျက် စုန်တော်မူခဲ့သည်။ လပြည့်ကျော် ၄ ရက်နေ့တွင် ရန်ကုန်သို့ ဆိုက်ရောက်လေသဖြင့် ရန်ကုန်မြို့စောင့်တပ်များက လာရောက် ကြိုဆိုကြသည်မှာ သောင်းသောင်းဖြဖြပင်။ ရန်ကုန်မြို့၌ရှိစဉ်တွင် မြို့ဝန်၊ ရေဝန်၊ စစ်ကဲများခန့်အပ်ကာ တပ်မှူးများ၊ စစ်သည်များကို ဘွဲ့တော်များ ချီးမြှင့်တော်မူသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် ဆယ်ရက်ခန့် စံတော်မူပြီး ရတနာရွှေဖောင်တော်ကြီးစီးကာ အထက်သို့ ဆန်တက်တော်မူသည်။ ဆန်တက်ရာလမ်းတစ်လျှောက်ရှိ မြို့ကြီးများကို ဝင်ရောက်ကာ ဘွဲ့တော်များပေးသည့်အပြင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ဘုရားဆင်းတု စေတီပုထိုးများကို ရွှေများကပ်ပြီး ပြုပြင်လှူဒါန်းသည်။

တော်သလင်းလဆန်း ၈ ရက်နေ့ (၂၁ ဩဂုတ်) လတွင်မူ ရတနာပူရ အင်းဝရွှေမြို့တော်ကြီးသို့ ဆိုက်ရောက်ခဲ့လေသည်။ အင်းဝမြို့နန်းတွင် ငါးရက်ခန့် စံတော်မူပြီးနောက် အပြုအစု အစီအရင်များ ခန့်အပ်တော်မူခဲ့ပြီး ကျောက်မြောင်း ဆိပ်သို့ ပြန်လည်ဆန်တက်ကြသည်။ ကျောက်မြောင်းဆိပ်သို့ရောက်သော် ရွှေဘို မြို့တော်မှ မိဖုရားများ၊ သားတော်များ၊ သမီးတော်များ လာရောက်ကြိုဆိုကြသည်။ ထိုမှသည် ရေတပ်မှ ကြည်းတပ်သို့ ပြောင်းကာ အလွန်ခမ်းနား တင့်တယ်စွာဖြင့် မြို့တော်ဝင်ကြလေသည်။

တော်သလင်းလပြည့်ကျော် ၁၀ ရက် (၇ စက်တင်ဘာ) တွင် မြို့တော်သို့ ပြန်ရောက်လေသည်။

ရဲမြတ်တို့မှာလည်း ခရီးစဉ်တစ်လျှောက် ရေလမ်းခရီးမှတစ်ဆင့် ဆန်တက် ခဲ့ကြရသည်။

ဟံသာဝတီမှထွက်ခွာပြီး နှစ်လခန့်ကြာမှသာ ရွှေဘိုမြို့တော်ကြီးသို့ ရောက်ရှိခဲ့ကြသည်။ ရွှေဘိုသို့ရောက်ပြီး မကြာမီပင် တပ်များကိုဖြုတ်ပြီး မြို့တော် အသစ်ချဲ့ထွင်ရာတွင် ဝင်ရောက် လုပ်အားပေးစေသည်။ ထို့နောက် ရွှေဘိုမြို့နှင့် အနီးရှိ ရွာများတွင် အစုအကွက်များချကာ ရပ်ကွက်များတည်ပြီး စစ်သည်ရဲမက် များအား နေစေ၏။

အချို့ အိမ်ပြန်ချင်သော တပ်သားများကိုလည်း ပြန်ခွင့်ပြု၏။ စစ်မက် မဖြစ်ပွားသည့်ကာလအတွင်း တပ်သားများမှာ အရပ်သားများအဖြစ် နေခွင့်ရှိကြ သည်။ မြန်မာတို့၏ ရှေးခေတ်တပ်မတော် ထုံးစံစည်းကမ်းအရ စစ်ဖြစ်မှ ထောင်ပြု ရာပြု ဆယ်ပြုမြို့များမှ စစ်သည်များ ဆင့်ခေါ်ကြသည်။ ရဲမြတ်တို့ အိုးစားဖက် တစ်သိုက်မှာလည်း ရွှေဘိုမြို့အစွန်ဘက်ရှိ အကွက်တစ်ခုတွင် နေထိုင်ကြကာ လယ် ယာ လုပ်စားလျက်ရှိသည်။

ထိုသို့ဖြင့် တစ်နေ့တွင် ရွှေဘိုမြို့အနောက်ဘက်ရှိ ထန်းတောထဲ၌...

"ကိုရင်တို့... ကျောက်မြောင်းဆိပ်ကြီး မလှဘူးလားဗျာ"

"လှပါ့... ကျုပ်ဘဝတစ်လျှောက်လုံး ဒီလောက်ကြီးကျယ်တဲ့ အရာမျိုး

mgyoe.com

mgyoe.com
SAMPLE BOOK

မမြင်ခဲ့ဖူးတာ အမှန်ပေါ်င်ဗျာ"

"အေးဗျာ... မင်းတရားကြီး မြို့ဝင်တာကလည်း ကြောက်ခမန်းလိလိပဲဗျာ"

"အေးဆို... ငါ့လူရယ် အဲတာပြောတာ...ဘုရားဆင်းတုတော်တွေ ဆင်တပ်၊ မြင်းတပ်၊ လှံတပ်၊ သေနတ်တပ်၊ တင်ကျည်းတပ်တွေ၊ လေးတပ်၊ မြားတပ်တွေ အိုအစုံပဲဗျာ... မင်းသားတွေ ဗိုလ်မှူးတွေဆိုတာလည်း တင့်တယ်လှပါဘိ"

"မင်းသမီးတွေ၊ အပျိုတော်တွေ လှတာကျ ထည့်မပြောဘူးနော် ကိုရင်ကလည်း... ဟားဟား"

"အေးဗျာ... ကျုပ်တို့ မွန်မတွေလှတာ သူတို့ အိပ်နေသလောက်ရှိမယ် ဟား... ဟား"

ရဲမြတ်တို့ ရဲဘော်ရဲဘက်တစ်သိုက်မှာ အလုပ်များအားသည့်နေ့များတွင် ထန်းရည်တောသို့ သွားတတ်ကြသည်။

"ဒါနဲ့ နေပါဦး... ကျုပ်တို့က စစ်ထွက်လာပါတယ်ဆိုမှ ဒီမှာ လယ်လုပ်နေရမှာလားဗျ ပျင်းက ပျင်းဘိနဲ့"

"လယ်မလုပ်တော့ ဘာလုပ်စရာရှိလို့လဲ စစ်တိုက်ချင်နေပြီလား ယောက်ဖ"

ငမှုံမှာ ငမွန်းစံအား ငေါ့ကာ ရွဲ့ပြောလိုက်သည်၊

"ဟိတ်ကောင် မင်းဂျိုးတော်ကို ယောက်ဖလားကွ ဒီနှမဘေး"

ငမွန်းစံမှာလည်း ယောက်ဖအခေါ် ခံလိုက်ရ၍ ငါကိုင်တုပ်လေသည်။

"ဟော့လူတွေတော်ကြပါဗျာ... ဒီကြားထဲတော့ ကျုပ်တို့တွေ စားရေးတွေ၊ မြင်းရေးတွေ သင်ထားကြရင် မကောင်းလားဗျ... ကသည်းတွေ၊ ကွေ့တွေသတင်းကလည်း သိတဲ့အတိုင်း"

ရဲမြတ်မှာ မြန်မာ့သိုင်းများဖြစ်သော ဗန်တိုဗန်ရှည်ကို အလွန်စိတ်ဝင်စား၍ သင်ချင်နေသည်။ ထို့ကြောင့် အဖော်ညှိချင်းပင်...

"အေး...ကောင်းတယ် တတ်ထားတော့ ငါတို့ နောင်ကျ တပ်မှူးတွေ ဖြစ်လာနိုင်တာပေါ့ မဟုတ်လား ဟဲ...ဟဲ"

"ဟား... ကိုယ့်လူက မှန်းသဟ"

"ကိုရင် ရဲမြတ်တို့ ငမှုံတို့ ခင်ဗျားတို့ အင်းဝကို သေချာရောက်ဖူးလား"

တစ်ချိန်လုံး ရယ်ရုံမှလွဲ၍ စကားတော်ရုံဝင်မပြောတတ်သော ငထွန်းသာမှာ အခုမှ စကားဝိုင်းထဲသို့ ဝင်ရောက်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟိုတစ်ခါ ပဲခူးက ဆန်တက်လာတုန်းကတော့ ရောက်ဖူးတာပ... ဒါပေသိ တပ်ထဲနေရတော့ ဘယ်မှမသွားလိုက်ရဘူးလေဗျာ"

"ဟုတ်ပြီဗျ... ကျုပ်လည်း အင်းဝကို မရောက်ဖြစ်တာကြာပြီဗျ... ကျုပ်က သာယာဝတီမှာ ကြီးခဲ့ပေမယ့် အမေက အင်းဝသူလေ အဲတော့ ငယ်ငယ်က အင်းဝနဲ့ သာယာဝတီဆိုတာ ခဏခဏ သွားနေရတာ... အဲတော့ ကျုပ်တို့ နောက်အပတ် လောက်ဖြစ်ဖြစ် သွားကြရအောင်လား... စိတ်ပြေလက်ပျောက်ပေါ့... မဟုတ်လား"

"ဒီအကြံကောင်းတယ်ဗျ... ကျုပ်သဘောတူတယ်"

ရဲမြတ်မှာလည်း အင်းဝသို့ ရောက်ဖူးချင်နေသူဖြစ်၍ ငထွန်းသာ၏စကား ကို ထောက်ခံလေသည်။

ထို့ကြောင့်လည်း အားလုံးမှာ အင်းဝသို့သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။ ထို့နောက်တွင်မူ ထန်းရည်တောတစ်ခုလုံးမှာ ရယ်သံများ၊ စကားပြောသံများဖြင့် လွှမ်းမိုးသွားလေတော့သည်။

❑

ရွှေဘိုမြို့ တောင်ဘက်တံခါးမှ ထွက်လာသော မြင်းလှည်းတစ်စီးသည် ဖုန်တောကြီးကို တိုးဝှေ့ဖြတ်သန်းကာ ဖြည်းဖြည်းချင်း မောင်းနှင်လာသည်။

"ဟိတ်ကောင်... မြန်မြန်သွားပဟ... ဒီမြင်းတွေပေကပ်ကပ်နဲ့ ငါ...တယ်"

"ငမှုံရာ မြင်းတွေ အဲလောက် မငေါက်စမ်းပါနဲ့ဟ"

"ဟာ... ရဲမြတ်ကလည်း အသာနေစမ်းပါ... တတ်နေရင် မင်းလာမောင်း လေ"

ငမှုံမှ ဟန့်လိုက်၍ ရဲမြတ်မှာ ငြိမ်ကုပ်သွားသည်။

ရဲမြတ်တို့ငါးဦးမှာ မြင်းနှစ်ကောင်ဆွဲသောလှည်းဖြင့် အင်းဝသို့ထွက်ခဲ့ကြ လေသည်။ စစ်ကိုင်းရှိ ငထွန်းသာ၏ ဦးလေးအိမ်တွင် မြင်းလှည်းထားခဲ့ပြီး အင်းဝ မြို့သို့ လှေဖြင့် ကူးကြမည်ဖြစ်သည်။

ဤသို့ဖြင့် မောင်းလာခဲ့ကြပြီး ညနေ နေဝင်ရီတရောအချိန်ခန့်တွင် စစ်ကိုင်းမြို့အနားသို့ နီးကပ်လာကြသည်။

"ကဲ... ရောင်းရင်းတို့ ဒီညတော့ ကျုပ်တို့ စစ်ကိုင်းမဝင်ဘဲ ဒီနားက ရွာ တစ်ခုခုပဲဝင်ပြီး တည်းခိုစရာရှာရအောင်... ဗိုက်လည်းဆာနေကြပြီ မဟုတ်လား"

"အေး ဆာပဟ... ဟိုဝါးကျည်တောက်ထဲက ကောက်ညှင်းကျည်တောက် တွေချည်း စားနေရတာ ထမင်းလေးစားချင်သေး... ရွာတစ်ခုခု အမြန်ရှာရင်ကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မဟော့"

အားလုံး၏သဘောတူညီမှုအရ မနက်စောစောတွင်မှ စစ်ကိုင်းသို့ သွားကြရန်နှင့် အနီးနားရှိ ရွာတစ်ရွာကိုဝင်ကာ တစ်ညအိပ်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

ထို့နောက် သူတို့မှာ အနီးရှိ ရွာတစ်ရွာသို့ မြင်းလှည်းဦးတည်လိုက်လေသည်။ ရွာထဲသို့ ရောက်သောအခါ ကာလသားလူငယ်များကို မေးမြန်းစုံစမ်း၍ သူကြီးအိမ်သို့ အကူအညီတောင်းရန် ထွက်ခဲ့ကြသည်။

"ဗျို့... သူကြီး... သူကြီးရှိလားဗျို့"

"ဟေ... ညကြီးမင်းကြီး ဘယ်သူတွေလဲကွဲ့... လာပြီဟေ့"

ထို့နောက် လူတစ်ဦး အိမ်ပြတင်းမှ တစ်ချက်လှမ်းကြည့်ကာ အိမ်အောက်သို့ ဆင်းလာခဲ့လေသည်။

အိမ်ကြီးမှာ ရှေးဆန်သော နှစ်ထပ်အိမ်ကြီးဖြစ်ပြီး ရေနံများဝနေအောင် သုတ်ထားသဖြင့် မည်းနက်နေသည်။ ထို့နောက် ထိုသူမှာ လှေကားမှရပ်ကာပင်...

"မောင်ရင်တို့ ဘာအရေးရှိလို့တုန်းကွဲ့"

မေးသူ၏ ဟန်ပန်မှာ နှုတ်ခမ်းမွေးကားကား၊ ရင်အုပ်ကျယ်ကျယ်နှင့် သျှောင်တစ်ဖက် ထုံးထားသည်။

"ဟုတ်ကဲ့ ကျုပ်တို့မြို့တော်က စစ်သည်တွေပါ...အခုက ခရီးသွားနေတာမို့ လမ်းတစ်ထောက်အနေနဲ့ ဒီမှာ တစ်ညလောက်တည်းခိုချင်လို့ပါ... ဦးကြီးက ဒီရွာက သူကြီးလား မသိဘူး"

ထိုအချိန်တွင် ကုန်းဘောင်စစ်သည်များမှာ အလွန် မျက်နှာပွင့်လန်းနေသည်ကို သိသဖြင့် ရဲမြတ်သည် မိမိတို့ကိုယ်ကို စစ်သည်များဟု ပြောလိုက်လေသည်။

"ဩော်... ဟုတ်လား... ရပါတယ် မောင်ရင်တို့၊ ဦးကဒီရွာက သူကြီးပါ... မောင်ရင်တို့ ဒီည ဒီမှာတည်းလို့ ရပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးကြီးရယ်"

"ရပါတယ်ကွယ်... ကိုယ့်နိုင်ငံရဲ့ စစ်သည်တွေပဲ... ဟော့... မောင်တုတ် ဒီလာခဲ့စမ်း ဧည့်သည်တွေရဲ့ လှည်းဖြုတ်ပြီး မြင်းတွေ ဇောင်းထဲသွားထည့်စမ်း"

သူကြီးဖြစ်သူမှာ သူသားအား လှမ်းခေါ်နေသည်။

"ဟော့ မောင်တုတ်... မရှိဘူးလားဟဲ့"

"မရှိဘူး ဦးကြီးရေ ခုနကပဲ နောက်ဖေးလှေကားကနေ နောက်က ဝါးရုံတောထဲ ထွက်သွားတာရှင့်"

mgyoe.com